ကြေးမုံ
The Mirror Daily
၁၉၅၇ ဇြပီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့။ Thursday 3 May 2018 ၉၂၇၅

## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်နိုင်ငံ သံအမတ်ကြီးအား

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Mr. Andrew Patrick အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဗြိတိန်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီပေးရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# တရားစီရင်ရေးဆိုင်ရာများကို အများပြည်သူ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရန် ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ် မိတ်ဆက်ရှင်းလင်း



၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာ စာအုပ် မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာ စာအုပ် မိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံ တရားစီရင်ရေး၏ ဒုတိယမြောက် အစီရင်ခံစာဖြစ်သည့် ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ် အစီရင်ခံစာကို ပြည်သူလူထု ရှေ့မှောက်သို့ ဝမ်းမြောက်ဂုဏ်ယူစွာ ထုတ်ပြန်လိုက်ကြောင်း၊ တရားစီရင်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များကို မဟာဗျူဟာစီမံကိန်းများ ချမှတ်၍ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

## ကြေးမုံ

# မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်

ပြဿနာတစ်ခု၏ ဖြစ်စဉ်အမှန်ကိုသိလိုပါမူ တစ်ဆင့်စကားဖြင့်လည်းကောင်း၊ တစ်ဖက်သတ်အမြင်ဖြင့်လည်းကောင်း၊ တစ်ဖက်အတွေ့အကြုံဖြင့်လည်းကောင်း အမှန်မသိနိုင်ပါ။ ဖြစ်စဉ်အမှန်ကို သိနိုင်ရန်အတွက် နှစ်ဖက်အမြင်နှင့် ကိုယ်တိုင်ကိုယ်ကျ စေ့စေ့စပ်စပ်လေ့လာပြီးမှ ဓမ္မဓိဋ္ဌာန်ကျကျ သုံးသပ်ခြင်းသည်သာ ဖြစ်စဉ်အမှန်နှင့် နီးစပ်နိုင်ပါသည်။

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းအချို့နှင့် နိုင်ငံတကာအသိုက်အဝန်းတို့သည် ပကတိဖြစ်စဉ်အမှန်နှင့် ဝေးကွာခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်အရေး စတင်ဖြစ်ပွားခဲ့သည့် ယမန်နှစ် ဩဂုတ်လမှစတင်၍ တစ်ဆင့်စကား ကြားသိရသော မမှန်သတင်းများ သို့တည်းမဟုတ် ပုံကြီးချဲ့သတင်းများအရ လည်းကောင်း၊ တစ်ဖက်သတ် သိရှိရသော အတွေ့အကြုံများအရ လည်းကောင်း ဖြစ်စဉ်အမှန်နှင့် ဝေးကွာကာ အထင်အမြင်လွဲမှားမှုများရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ဖြစ်စဉ်အမှန်ကို မကြာမကြာ ရှင်းလင်းပြသပေးခဲ့ရာ မိတ်ဆွေကောင်းတို့က အသိအမှတ်ပြုလက်ခံကြသော်လည်း အထင်အမြင် လွဲမှားသဘောမပေါက်သူများက မမှန်သတင်းများကိုသာ အကြိမ်ကြိမ်အခါခါ ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်များပါဝင်သောအဖွဲ့သည် ဧပြီလ ၃၀ ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂါရဝပြုတွေ့ဆုံ ဆွေးနွေးခဲ့ပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌနှင့် ထိုကော်မတီ၏ အကြံပေးအဖွဲ့ဝင်များ၊ UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ဝင်များအား တွေ့ဆုံကာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်နေမှုအခြေအနေများ၊ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီးနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် မေလ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသသို့ ကွင်းဆင်းသွားရောက်ကာ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ပြန်လည်လက်ခံရေးစခန်းများ၊ ပြန်လည်ဝင်ရောက်လာသူများအား NVC ထုတ်ပေးရေးလုပ်ငန်းများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ ခေတ္တနေထိုင်မည့် အဆောက်အအုံများအား ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့နောက် ပဋိပက္ခဖြစ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ ခံစားခဲ့ကြရသည့် ရခိုင်၊ ဟိန္ဒူ၊ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး သိလိုသည်များကို မေးမြန်းခဲ့ကြသည်။ ထိုနေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအလှည့်ကျ သဘာပတိနှင့်အဖွဲ့ဝင်များက နေပြည်တော်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာနေရာများအား ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာဆွေးနွေးမေးမြန်းခဲ့ကြခြင်းဖြစ်ရာ ဆိုင်ရာဆိုင်ရာများနှင့် နှစ်ဖက်အမြင်၊ နှစ်ဖက်သဘောထားများကို သိရှိကြရပြီး မှန်မှန်ကန်ကန်သုံးသပ်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ပကတိအခြေအနေမှန်များကို သိရှိရပြီးဖြစ်၍ မြန်မာနိုင်ငံမှ လက်တွေ့ကျကျ ဆောင်ရွက်နေမှုများအပေါ် နားလည်ကာ ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်မြင်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေဖြင့် အဆိုပါကိုယ်စားလှယ်အဖွဲ့နှင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်တိုးတက်မှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခွင့်ရခဲ့ခြင်းအား ကြိုဆိုကြောင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို အဖြေရှာဆောင်ရွက်ရာတွင် ကုလသမဂ္ဂနှင့် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ယခုခရီးစဉ်သည် အပြုသဘောဆောင် အကောင်းမြင်ပြီး တိုးတက်ဖြစ်ထွန်းမှုများ ရရှိလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ညောင်ဦးမြို့နယ် ဆယ်လံကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်



**နေပြည်တော် မေ ၂**

ကျေးလက်ဒေသများ၏ လမ်း၊ တံတား၊ ရေတွင်းရေကန်၊ လျှပ်စစ်မီးနှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဖွံ့ဖြိုးရေးအသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ စီမံကိန်းမြို့နယ်များတွင် လူထုကိုယ်တိုင်ဦးဆောင်ပါဝင် ဆုံးဖြတ်ဆောင်ရွက်သည့် နည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုများ ရရှိလျက်ရှိရာ ယင်းအောင်မြင်မှုများကိုအခြေခံ၍ ဒေသ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာစေရန် သမဝါယမအသင်းများ ဖွဲ့စည်းပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် ထိရောက်သော စီးပွားဖြစ်ထုတ်လုပ်သည့် လုပ်ငန်းများထူထောင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဧပြီ ၃၀ ရက် ညနေ ၄ နာရီခွဲက ညောင်ဦးမြို့နယ် ဆယ်လံကျေးရွာတွင် လူထုဗဟိုပြု စီမံကိန်းဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာ စိုးသန်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အထိမ်းအမှတ် မုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူထုဗဟိုပြုစီမံကိန်း မြို့နယ်များဖြစ်သော ညောင်ဦး၊ ငါန်းဇွန်၊ နွားထိုးကြီး၊ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များတွင် စီမံကိန်းစတင်ခဲ့သည့်နှစ်မှ ယနေ့အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲပေါင်း ၂၆၄၀ ရှိပြီး လုပ်ငန်းခွဲ အမျိုးအစားများအနေဖြင့် လမ်း၊ တံတား ၁၂၉၉ ခု၊ ရေရရှိရေးလုပ်ငန်း ၄၉၅ ခု၊ မီးလင်းရေးလုပ်ငန်း ၃၆၉ ခု၊ စာသင်ကျောင်းပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်း ၃၄၆ ခု၊ ကျေးရွာခန်းမဆောက်၃၂ ခု၊ ဆေးပေးခန်း ၁၀ ခု၊ စာကြည့်တိုက် ၁၅ ခု၊ အိမ်သာ ခြောက်ခု၊ အခြား ၆၈ ခုရှိပြီး ညောင်ဦးမြို့နယ်အနေဖြင့် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၇၁၄ ခုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းကလည်း ကျောက်ပန်းတောင်းမြို့နယ် တံငါ့ကန်ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းဖြင့် ဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ၊ ပွွန်ကျေးရွာနှင့် မကျီးစောက်ကျေးရွာများသို့လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့နယ် လယ်ကြီး(မ)ကျေးရွာသို့လည်းကောင်း ရောက်ရှိကြပြီး လူထုဗဟိုပြုစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ဝင်ငွေတိုးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးရာ ဒေသခံများက လူထုဗဟိုပြုစီမံကိန်း နှစ်အလိုက်စက်ဝန်းဖြင့် ဆောင်ရွက်နေမှု၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များတွင် မပါဝင်သေးသော်လည်း လတ်တလော လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲပြုလုပ်

**လယ်ဝေး မေ ၂**။ ။ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၌ မှုခင်းအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁ ရက်က ဝတဲကူးကျေးရွာအုပ်စု သစ်တောရွာ(အလက)၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲ၌ သစ်ပုတ်ပင်နယ်မြေ ရဲစခန်းမှူး ရဲအုပ်မြင့်ဆွေက သက်ငယ်မုဒိမ်းမှုနှင့် မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ပြီး ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူ ၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂**

ရန်ကုန်(ရွှေဈေး) ၉၃၈၅၀၀ - ၉၃၈၅၀၀၊ မန္တလေး(ရွှေဈေး) ၉၃၈၅၀၀ - ၉၃၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၅/၈၄၅ ကျပ်၊ | ၈၇၅/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၆၀ ကျပ်၊ | ၈၃၀/၉၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၅ ကျပ်၊ | ၈၈၀/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၈၈၅/၉၁၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၈/၈၃၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၈၀/၇၈၇ ကျပ်

***၂၄-၄-၂၀၁၈ ရက်နေ့မှ ၃၀-၄-၂၀၁၈ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၈၇ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၈၁၈ ကျပ်၊ ဒီဇယ် တစ်လီတာ ၈၃၆ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၈ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၇. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၅၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၇၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁. ၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၇၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၀၂. ၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၄. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲသင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## နိုင်ငံရဲ့ ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေအလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဂုဏ်သိက္ခာ ပို၍ပို၍မြင့်တက်လာအောင် ကျွန်တော်တို့အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာအားလုံး ရပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

**✪ တရားစီရင်ရေးဆိုင်ရာများမှ**

ယခုကဲ့သို့ တရားရုံး နှစ်စဉ်အစီရင်ခံစာထုတ်ပြန်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းတစ်ခုအဖြစ် ပါဝင်ကြောင်း။

အကောင်းဆုံးတရားရုံးများအတွက် အပြည်ပြည်ဆိုင်ရာမူဘောင် (International Framework for Court Excellence) အရ တိုင်းတာသော အညွှန်းကိန်းများတွင်လည်း တရားရုံး နှစ်စဉ်အစီရင်ခံစာထုတ်ပြန်နိုင်ရေး ပါဝင်သဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အဓိကရည်ရွယ်ချက်မှာ တရားစီရင်ရေးဆိုင်ရာတာဝန်သိမှု၊ တာဝန်ခံယူမှု (Judicial Accountability) အပေါ် တရားရုံးနှင့်ပတ်သက်နေသူများသာမက အများပြည်သူကပါ ပွင့်လင်းမြင်သာစွာသိရှိနိုင်ရန်ဖြစ်ကြောင်း၊ အစီရင်ခံစာပါ ကိန်းဂဏန်း အချက်အလက်များဖြင့် ညွှန်ပြသည့် (Quantity Justice) မှသည် တရားစီရင်ရေးဆိုင်ရာအရည်အသွေး (Quality Justice)ကိုသိမြင်နိုင်မည်ဖြစ်ကြောင်း၊ အသစ်သစ်သော ပြောင်းလဲမှု၊ စိန်ခေါ်မှုများ ကြုံတွေ့နေရသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် တရားရုံးအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နစ်နာဆုံးရှုံးသူများအတွက် တရားမျှတသည့် ကုစားမှုများသွက်လက်မြန်ဆန်စွာ ဆောင်ကြဉ်းပေးနိုင်ရန်၊ ကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရန်ဆိုသည်မှာ တရားမျှတမှု ကဏ္ဍအတွင်းရှိ တရားစွဲအဖွဲ့အစည်းများ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေအထောက်အကူပေးရေးဆိုင်ရာအဖွဲ့အစည်းများ၊ တရားရုံးအသုံးပြုသူများ အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

> “ တရားစီရင်ရေးစံနှုန်းများနှင့် တရားရုံးဆောင်ရွက်ချက်များအပေါ် အများပြည်သူက သိရှိနားလည်ပြီး မှန်ကန်စွာပါဝင်လာရေးအတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီး ”

တရားစီရင်ရေးစံနှုန်းများနှင့် တရားရုံးဆောင်ရွက်ချက်များအပေါ် အများပြည်သူက သိရှိနားလည်ပြီး မှန်ကန်စွာပါဝင်လာရေးအတွက် သတင်းမီဒီယာများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးကြောင်း၊ ထို့အတွက် အားလုံးက ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ယခုကဲ့သို့ နှစ်စဉ်အစီရင်ခံစာအောင်မြင်စွာထုတ်ပြန်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့ကြသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ တရားမျှတမှုလိုလားသူများအတွက် တိုးတက်ကောင်းမွန်သည့် တရားမျှတမှုကို ဖော်ဆောင်နိုင်ရန် အတူတကွ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် တရားရုံး နှစ်စဉ်အစီရင်ခံစာထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ မိတ်ဆက်ခြင်းနှင့် ရှင်းလင်းခြင်းတို့ကို ဆက်လက်ပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ရှိကော်မရှင်နှင့် ရေးရာကော်မတီများဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ သံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အစိုးရဌာနများ၊ တရားမျှတမှုကဏ္ဍနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သတင်းမီဒီယာများတက်ရောက်ကြသည်။

အခမ်းအနားသို့ တက်ရောက်သူများကို ၂၀၁၇ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာစာအုပ်ကိုဖြန့်ဝေခဲ့ပြီး အဆိုပါအစီရင်ခံစာစာအုပ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ Website: www.unionsupremecourt.gov.mmတွင် ရယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံအမတ်ကြီး ဦးမျိုးတင့် ဘရာဇီးနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၃**

ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးတင့်သည် ၎င်း၏ ခန့်အပ်လွှာကို ဧပြီ ၂၅ ရက်တွင် ဘရာဇီးလျားမြို့၌ ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မီရှယ်လ်တီမာထံ ပေးအပ်ပြီးဖြစ်သည်။

## မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မေ ၃**

မစ္စတာ ရိုနယ်ဂီလာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အစ္စရေးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ရိုနယ်ဂီလာသည် ၂၀၁၇ ခုနှစ်တွင် အစ္စရေးနိုင်ငံ Bar-Ilan တက္ကသိုလ်မှ ပဋိပက္ခဖြေရှင်းရေးနှင့် စေ့စပ်ညှိနှိုင်းမှုအတတ်ပညာ မဟာဘွဲ့ကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် တဲလ်အဗီးတက္ကသိုလ်မှ ဥပဒေပညာဘွဲ့ကို လည်းကောင်း ရရှိခဲ့ပါသည်။ ၁၉၉၄ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ ပြည်သူ့ရေးရာနှင့် သံတမန်ရေးရာဥပဒေဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဥပဒေနှင့် ဥရောပဥပဒေဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလမှစ၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကရာကတ်စ်မြို့၊ အော့တာဝါမြို့နှင့် ဘရပ်ဆဲလ်မြို့ရှိ အစ္စရေးသံရုံးအသီးသီးတွင် သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ (BNI)မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့ (BNI) မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် တိုင်းရင်းသားမီဒီယာများအနေဖြင့် လက်ရှိရင်ဆိုင်နေရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ တိုင်းရင်းသား မီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ထောက်ပံ့ကူညီပေးရေးကိစ္စရပ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုအခြေခံစက်ချုပ်သင်တန်းဖွင့်

**ထန်းတစ်ပင် မေ ၂**

တောင်ငူခရိုင် ထန်းတစ်ပင်မြို့နယ် နတ်ရွာကျေးရွာအုပ်စု နတ်ရွာဘုန်းတော်ကြီးကျောင်း၌ မေ ၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အိမ်တွင်းမှုအခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်ပေးသည်။

အဆိုပါသင်တန်းကို ရက် ၂၀ ကြာသင်ကြားပေးမည်ဖြစ်ပြီး နတ်ရွာကျေးရွာအုပ်စုအပါအဝင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ သင်တန်းသူ ၂၅ ဦးကို သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဘသိန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့်ဝန်ထမ်းများ၊ ကျေးရွာသူကျေးရွာသား ၅၀ ခန့်တက်ရောက်ကြောင်း သိရသည်။

**ကျော်စိုးလွင်(ထန်းတစ်ပင်)**

# မြို့တော်ပါရီ၌ မေဒေးစုဝေးချီတက်ပွဲအတွင်း ဆူပူမှုပြုလုပ်သူ လူ ၂၀၀ ကျော်ကို ထိန်းသိမ်းခဲ့ရ



**ပါရီ မေ ၂**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ နိုင်ငံတကာအလုပ်သမားများနေ့ (မေဒေး)အထိမ်းအမှတ်အဖြစ် စုဝေးချီတက်မှုများပြုလုပ်ချိန်အတွင်း သမ္မတ အီမင်နျူယယ်မေခရွန်အား ဆန့်ကျင်သည့် ကြွေးကြော်သံများ ဟစ်ကြွေးကြကာ အကြမ်းဖက်ဆူပူမှုများ ပြုလုပ်ခဲ့ကြသော ဆန္ဒပြသူ လူ ၂၀၀ ကျော်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းလိုက်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

မျက်နှာဖုံးများနှင့် ခေါင်းစွပ်များ ဝတ်ဆင်ထားသော လူရာပေါင်းများစွာသည် မင်းမဲ့စရိုက်ဆန်ဆန်ပြုမူကာ အကြမ်းဖက်မှုများပြုလုပ်ခဲ့ကြကြောင်း၊ ၎င်းတို့သည် စျေးဆိုင်များ၏ မှန်ပြတင်းများကို ရိုက်ခွဲခြင်း၊ မော်တော်ယာဉ်များကို မီးရှို့ခြင်း၊ ရဲတပ်ဖွဲ့ဝင်များအား ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြရာ ရှုန်းရင်းဆန်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

သမ္မတ မေခရွန်၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆန့်ကျင်သည့် အလုပ်သမားသမဂ္ဂများက လူထုစည်းဝေးပွဲများကို ပြုလုပ်ခဲ့ကြပြီးနောက် မင်းမဲ့စရိုက်ဆန်ဆန် ဆူပူမှုများဖြစ်ပွားခဲ့သဖြင့် အဓိကရုဏ်းနှိမ်နင်းရေးရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့် မီးသတ်ပိုက်များ အသုံးပြုကာ လူစုခွဲခဲ့ရသည်။ အဓိကရုဏ်းများ ဖြစ်ပွားအပြီး လူပေါင်း ၂၀၀ ကျော်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းခဲ့ရကြောင်း၊ ရဲတပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် လေးဦး အနည်းငယ် ဒဏ်ရာရရှိကြောင်း မြို့တော်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြင်သစ်နိုင်ငံ၌ မေ ၁ ရက်က နိုင်ငံတစ်ဝန်းတွင် သိန်းပေါင်းများစွာသော အလုပ်သမားများက မေဒေးနေ့ စုဝေးချီတက်ပွဲများ ပြုလုပ်ခဲ့ကြသည်။ မြို့တော်ပါရီ၌ လူပေါင်း ၂၀၀၀၀ ခန့်က မေဒေးနေ့ စုဝေးချီတက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည်။

သို့ရာတွင် အနက်ရောင်အုပ်စုဟူ၍ လူသိများသော လက်ဝဲစွန်းရောက်အုပ်စုများမှ လူပေါင်း ၁၂၀၀ ခန့်က ဆူပူအကြမ်းဖက်မှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

# ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်၌ နိုင်ငံတကာ လေဆိပ်သစ်ဖွင့်လှစ်



**အစ္စလာမ္မာဘတ် မေ ၂**

ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်၌ အသစ်တည်ဆောက်ထားသော နိုင်ငံတကာ လေဆိပ်ကို ဝန်ကြီးချုပ် ရှာဟစ် ခါအန်း အဘာစီက မေ ၁ ရက်တွင် ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

လေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် ပါကစ္စတန်နိုင်ငံတကာလေကြောင်းဌာန(ပီအိုင်အေ)၏ ပြည်တွင်းခရီးစဉ် ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းသည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နိုင်ငံတကာလေဆိပ်သစ်၌ ဆင်းသက်ခဲ့သည်။ အဆိုပါလေယာဉ်သည် ပါကစ္စတန်နိုင်ငံ ကရာချိမြို့မှ စတင်ထွက်ခွာခဲ့သောလေယာဉ် ဖြစ်သည်။

ထို့နောက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပီအိုင်အေလေကြောင်းဌာနမှပင်ဖြစ်သော ခရီးသည်တင် လေယာဉ်တစ်စင်းသည် ကရာချိမြို့သို့ ဦးတည်မောင်းနှင်ရန် အဆိုပါလေဆိပ်သစ်မှ စတင်ထွက်ခွာခဲ့သည်။

အစ္စလာမ္မာဘတ် နိုင်ငံတကာလေဆိပ်သစ်သည် မေ ၃ ရက်မှ အစပြု၍ အပြည့်အဝ လုပ်ငန်းလည်ပတ်လာမည်ဖြစ်ကြောင်း ပါကစ္စတန်မြို့ပြလေကြောင်းဌာန တာဝန်ရှိသူများက ပြောကြားကြသည်။

မေ ၁ ရက်တွင် ကျင်းပသော လေဆိပ်သစ်ဖွင့်ပွဲ အခမ်းအနားတွင် ယင်းလေဆိပ်သို့ ဆိုက်ရောက်လာသော လေယာဉ်မှခရီးသည်များကို ဝန်ကြီးချုပ်အမှူးပြု၍ အစိုးရအဖွဲ့ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် လေကြောင်းဌာနအသီးသီးတို့မှ ဝန်ထမ်းများက ဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြသည်။

ခေတ်မီအထောက်အကူပြုကိရိယာများ တပ်ဆင်ထားသော နိုင်ငံတကာလေဆိပ်သစ်သည် လွန်ခဲ့သည့် ငါးနှစ်တာကာလ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်နေသော ပြယုဂ်တစ်ခုဖြစ်ကြောင်း လေဆိပ်သစ်ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ်က ပြောကြားသည်။ **ဆင်ဟွာ။**

# မြို့တော်လန်ဒန် မြောက်ပိုင်းတွင် သေနတ်ပစ်ခံရ၍ တစ်ဦးသေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

**လန်ဒန် မေ ၂**

ဗြိတိန်နိုင်ငံ မြို့တော်လန်ဒန်တွင် မေ ၁ ရက်က သေနတ်ဖြင့် ပစ်ခတ်ခံရ၍ လူတစ်ဦးသေဆုံးပြီး အခြားတစ်ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ လန်ဒန်မြို့တော်ရှိ လမ်းများပေါ်၌ နောက်ဆုံးဖြစ်ပွားသော လူသေစေသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

မေ ၁ ရက် ည ၉ နာရီခန့်တွင် ကွင်းစ်ဘူရီမြေအောက်ရထားဘူတာရုံ အပြင်ဘက်၌ ဒဏ်ရာပြင်းထန်စွာ ရရှိထားသည့် အသက် (၃၀) ကျော်အရွယ် လူတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက ပထမဦးစွာ တွေ့ရှိရခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူမှာ အခင်းဖြစ်နေရာ၌ နောက်ထပ် တစ်နာရီနီးပါးအကြာတွင် သေဆုံးခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များက ၎င်း၏အသက်ကို အကာအကွယ်ပေးနိုင်ခြင်း မရှိခဲ့ပေ။

ထိုစဉ်အတွင်း ကွင်းစ်ဘူရီဘူတာရုံအနီး ရဲတပ်ဖွဲ့ဝင်များက မိနစ်အနည်းငယ်အကြာတွင် အသက် (၂၀) ကျော်အရွယ် လူတစ်ဦးကို အနီးနားရှိဆေးရုံတစ်ရုံသို့ တင်ပို့ပေးခဲ့ရသည်။ ၎င်းမှာ ဆေးရုံတွင် ဆေးကုသမှုခံယူနေပြီး အခြေအနေမှာ တည်ငြိမ်မှုရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

အခင်းဖြစ်နေရာနှစ်ခုမှာ ကွင်းစ်ဘူရီမြေအောက်ရထားဘူတာ၏ တစ်ဖက်တစ်ချက်စီတွင် တည်ရှိပြီး နေရာနှစ်ခုမှာ ငါးမိနစ်ကြာမျှ ခြေကျင်လမ်းလျှောက်ရသည့် အကွာအဝေးတွင် ရှိသည်။ အခင်းဖြစ်နေရာနှစ်ခုကို ရဲတပ်ဖွဲ့က ပိတ်ထားခဲ့ပြီး စီစီတီဗွီရုပ်မြင်မှတ်တမ်း ပုံရိပ်များအား ရဲအရာရှိများက စစ်ဆေးမှုများ ပြုလုပ်နေသည်။

မြေအောက်ရထားဘူတာရုံအနီးတွင် ဖြစ်ပွားခဲ့သော ယင်းသေနတ်ပစ်မှုနှစ်ခုသည် သီးခြားစီဖြစ်ပွားခြင်း ဟုတ်၊ မဟုတ် အတည်ပြုနိုင်ခြင်းမရှိပေ။

**အေအက်ဖ်ပီ။**



# လစ်ဗျားမြို့တော် ထရီပိုလီရှိ ရွေးကောက်ပွဲကော်မရှင်ရုံးရှေ့၌ အသေခံဗုံးခွဲ၊ ၁၂ ဦးသေဆုံး

**ထရီပိုလီ မေ ၂**

လစ်ဗျားနိုင်ငံ မြို့တော်ထရီပိုလီရှိ ရွေးကောက်ပွဲကော်မရှင်ရုံးရှေ့၌ အသေခံဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၁၂ ဦး သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတစ်ရပ်အရ သိရသည်။

အခင်းဖြစ်ပွားစဉ်တွင် မီးခိုးငွေ့များ ကောင်းကင်ယံသို့ လွင့်ပျံသွားခဲ့ကြောင်းနှင့် သေနတ်ပစ်ခတ်သည့် အသံများလည်း ကြားခဲ့ရကြောင်း အနီးဝန်းကျင်ရှိပြည်သူများက ဆိုသည်။

အသေခံဗုံးပေါက်ကွဲမှုကြောင့် လူ ၁၂ ဦးသေဆုံးခဲ့ပြီး လူခုနစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြု ပြောကြားခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ရွေးကောက်ပွဲကော်မရှင်ရုံးရှေ့၌ လက်နက်ကိုင်ဆောင်ထားသော အကြမ်းဖက်သမားလေးဦးက အဆောက်အအုံအား ဗုံးဖောက်ခွဲရန် ကြိုးပမ်းစဉ် လုံခြုံရေးအရာရှိများက ဟန့်တားကာ သေနတ်များဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်။ ထို့နောက် အကြမ်းဖက်သမားများက အသေခံဗုံးများ ဖောက်ခွဲခဲ့ကြောင်း ထရီပိုလီမြို့ အဆင့်မြင့်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ။**

# တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗြိတိန်နိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E. Mr.Andrew Patrick အား ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၁)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂**

(၁၁)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မဲခေါင်မြစ်အောက်ပိုင်းမိတ်ဆွေနိုင်ငံများ အစီအစဉ်၏ ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် ဆက်စပ်သော ကျန်းမာရေးဆိုင်ရာ One Health Systems Mapping and Analysis Resources Toolkit (OH- SMART) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် U.S. Department of State မှ နိုင်ငံခြားရေးရာအရာရှိ Mr. Joshua L. Glasser တို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူက (၁၁)ကြိမ်မြောက် မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် မဲခေါင်မြစ်အောက်ပိုင်းမိတ်ဆွေနိုင်ငံများ အစီအစဉ်၏ ဒေသတွင်းလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပရခြင်း၊ ဆက်စပ်သောအစည်းအဝေးများ ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ U.S. Department of State မှ နိုင်ငံခြားရေးရာအရာရှိ Mr. Joshua L. Glasser က တက်ရောက်လာသော University of Minnesota မှ ပါမောက္ခများ၊ သင်တန်းဆရာများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ ကိုယ်စား နှုတ်ခွန်းဆက်စကားပြောကြားသည်။



ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်အမှာစကားပြောကြားရာတွင် One Health ဆိုသည်မှာ လူ၊ တိရစ္ဆာန်၊ ပတ်ဝန်းကျင်တို့၏ ကျန်းမာရေးဆိုင်ရာ အပြန်အလှန် ဆက်စပ်အကျိုးသက်ရောက်မှုရှိခြင်းဖြစ်၍ အားလုံး အတူတကွ ကျန်းမာရေးနှင့်ပြည့်စုံရန် လိုအပ်ပါကြောင်း၊ လူ၊ တိရစ္ဆာန်၊ ပတ်ဝန်းကျင်တို့အကြား ဆက်စပ်၍ ဖြစ်ပွားသော ကျန်းမာရေးဆိုင်ရာပြဿနာများ၊ ကူးစက်ရောဂါများနှင့် ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ ကိစ္စရပ်များကို ကာကွယ်ကုသရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအပါအဝင် နီးနွယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော OH- SMART Toolkit ကို အသုံးပြုခြင်းအားဖြင့် လူ၊ တိရစ္ဆာန်၊ ပတ်ဝန်းကျင်တို့တွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများကို မြန်ဆန်ထိရောက်စွာ သိရှိနားလည်နိုင်မည်ဖြစ်ပြီး ရောဂါဖြစ်ပွားမှု အခြေအနေတစ်ခုကို ထိန်းချုပ်ရာတွင် နီးနွယ်ဝန်ကြီးဌာနများအကြား၊ ဦးစီးဌာနများအကြား လျင်မြန်ချောမွေ့စွာ ပူးပေါင်းဆောင်ရွက်၍ စနစ်ကျ ထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း၊ ဤ OH- SMART အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များကို အခြေတည်၍ လက်ရှိရေးဆွဲထားပြီးသော National One Health Strategic Framework and Action Plan of Myanmar နှင့် National Action Plan for Containment of Antimicrobial Resistance Myanmar တို့ကို စီမံချက်စာအုပ်အနေဖြင့်သာမကဘဲ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးအသိပညာ မြင့်မားလာပြီး လူ၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင်တို့၏ ကျန်းမာရေးဆိုင်ရာ ဆက်စပ်ပတ်သက်မှုများကို သိမြင်နားလည်နိုင်ရေး ဆောင်ရွက်၍ ရောဂါဖြစ်ပွားမှုများ ကျဆင်းစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခု OH-SMART Toolkit ကို ဆက်လက်၍ ဆင့်ပွားသင်တန်းများပြုလုပ်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ FAO၊ Myanmar Veterinary Association နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ ဖိတ်ကြားထားသည့် ဧည့်သည့်တော်များ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# (၆)ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂**

ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား (၆)ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစည်းအဝေးကို နေပြည်တော်ရှိ Royal ACE Hotel ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဦးဆောင်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ၁၅ ဦး၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Bui Van Nam နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီးဦးဆောင်၍ အဆင့်မြင့်အရာရှိကြီးများ ၁၀ ဦး စုစုပေါင်း ကိုယ်စားလှယ် ၂၅ ဦး တက်ရောက်ခဲ့သည်။




အဆိုပါ အစည်းအဝေးသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနတို့အကြား ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးယန္တရား အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ သဘောတူချက်အရ အိမ်ရှင်အဖြစ် အလှည့်ကျ ကျင်းပခဲ့ရာ ယခု(၆)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်သည်။

(၆)ကြိမ်မြောက် ဒုတိယဝန်ကြီးအဆင့် လုံခြုံရေးယန္တရား အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးတွင် (၅)ကြိမ်မြောက်အစည်းအဝေး၌ ဆွေးနွေးခဲ့သော လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ နှစ်နိုင်ငံပြည်ထဲရေးဝန်ကြီးဌာနတို့အကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းနှင့် သတင်းအချက်အလက် ဖလှယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ်ဘုရားများ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**မြောက်ဦး မေ ၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ပေါ်ရှိ ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရားပုထိုး စေတီများဖြစ်သော သျှစ်သောင်း၊ ထုက္ကန်၊ အံတော်သိမ် ဘုရားများ၏ အကြိမ်(၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိရာ မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ် ရခိုင်ကဆုန်လပြည့်နေ့မှ လပြည့်ကျော် ၄ ရက်အထိ (၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ) ငါးရက် တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်တွင် အသံမစဲပဋ္ဌာန်းပွဲ၊ မြို့လုံးကျွတ် ကဆုန်ညောင်ရေသွန်းလောင်းပွဲ၊ ရခိုင်ရိုးရာ ပြိုင်လောင်းပွဲများဖြစ်သော ၁၂ လံ၊ ရှစ်လံ၊ ခြောက်လံလောင်း(လှေ)ပြိုင်ပွဲများ၊ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲများဖြစ်သော အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း ရွှေမောင်း၊ ငွေမောင်းပြိုင်ပွဲများနှင့် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲ စသည့် ပြိုင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ်တွင် ပြောင်းလဲအသုံးပြုမည့် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် မေးခွန်းပုံစံသစ်နှင့်ပတ်သက်သည့် ရှင်းလင်းတင်ပြချက်

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းကို ကျောင်းသား ကျောင်းသူများ ပြဋ္ဌာန်းစာအုပ်ကို အလွတ်ကျက်မှတ်ဖြေဆိုမှု လျော့နည်းစေပြီး ကျောင်းသား ကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုနှင့် ဆက်သွယ်ရေးသားနိုင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ၎င်းတို့၏ အမှန်တကယ်တတ်ကျွမ်းမှုကို စစ်ဆေးသော မေးခွန်းများဖြစ်စေရန် ရည်ရွယ်၍ ပြောင်းလဲခြင်းဖြစ်ပါသည်။ ပြဋ္ဌာန်းစာအုပ်နှင့် သင်ခန်းစာ ၁၄ ခုကို ပြောင်းလဲမည်မဟုတ်ပါ။ မေးခွန်းအားလုံးကိုလည်း ပြောင်းလဲမည်မဟုတ်ပါ။ သင်ကြားမည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့အတွက် အခက်အခဲမဖြစ်စေဘဲ ကျောင်းသား ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် အကျိုးကျေးဇူးကို ရှေးရှု၍ မေးခွန်းအချို့ကို မွမ်းမံပြင်ဆင် ဖြည့်စွက်ခြင်းသာ ဖြစ်ပါသည်။ မေးခွန်းအများစုသည် ဒသမတန်းအင်္ဂလိပ်စာဖတ်စာအုပ်တွင် ပါရှိသောသင်ခန်းစာ ၁၄ ခုကို အခြေခံ၍ မေးမည်ဖြစ်ပြီး ကျောင်းသားအများစု ဖြေဆိုနိုင်မည့် လွယ်၊ သင့်၊ ခက် မေးခွန်းများပါဝင်မည်ဖြစ်သဖြင့် သင်ခန်းစာများကို ကျေညက်စွာ လေ့လာထားသော ကျောင်းသား ကျောင်းသူအများစု ဖြေဆိုနိုင်မည့် မေးခွန်းပုံစံဖြစ်ပါသည်။

လက်ရှိမေးခွန်းပုံစံတွင် မေးခွန်း ကိုးပုဒ်ပါရှိသကဲ့သို့ ပြောင်းလဲအသုံးပြုမည့် မေးခွန်းပုံစံတွင်လည်း မေးခွန်း ကိုးပုဒ်ပါရှိမည် ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်စီအတွက် ပေးထားသောအမှတ်များကိုလည်း ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ် ၁** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ် ၂** ကို ပြောင်းလဲမည်မဟုတ်ပါ။ သို့သော် ဖတ်စာအုပ်ပါ စာပိုဒ်တွင် ပါရှိသည့် ကွက်လပ်ဖြည့်ရာတွင် အသုံးပြုရမည့် စကားလုံး အလုံး ၂၀ အစား စကားလုံး ၂၅ လုံးပေးထားပါမည်။ စကားလုံးအရေအတွက် ပိုပေးထားသဖြင့် ယခင်ကထက် ပိုမိုစဉ်းစားပြီးမှ မှန်ကန်သောစကားလုံးများကို ရွေးချယ်နိုင်မည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၃** တွင် ပြောင်းလဲမှုရှိပါသည်။ ယခင်က ပြဋ္ဌာန်းစာအုပ်တွင်ပါရှိသော အကြောင်းအရာကိုမေးသည့် မေးခွန်း ငါးခုနှင့် ကဗျာများမှ မေးခွန်း ငါးခုပါသည့် ကွက်လပ်ဖြည့်မေးခွန်း ၁၀ ခုမေးပါသည်။ ယခုမေးခွန်းတွင် မေးခွန်းနံပါတ် ၃ (က)နှင့် ၃ (ခ) ဟု ခွဲ၍မေးပါမည်။ မေးခွန်းနံပါတ် ၃ (က)တွင် မေးခွန်း ငါးပုဒ် မေးပါမည်။ ပြဋ္ဌာန်းစာအုပ်တွင်ပါသော စကားလုံးများကို မှန်ကန်စွာသုံးတတ်မှုကို စစ်ဆေးရန် မေးခွန်းတစ်ပုဒ်စီတွင် ပြဋ္ဌာန်းစာအုပ်မှ မဟုတ်သောဝါကျတစ်ကြောင်းနှင့် ရွေးချယ်ရန် စကားလုံး သုံးလုံးကိုပေး၍ မှန်ကန်သောစကားလုံးကို ရွေးချယ်စေပါမည်။ အလွတ်ကျက်မှတ်မှုလျော့နည်းစေရန်နှင့် ဖတ်စာအုပ်ထဲရှိသော Vocabulary Section နှင့် စာပိုဒ်များရှိ စကားလုံးများကိုနားလည်ပြီး ပြန်လည်အသုံးပြုတတ်စေရန် ဖြစ်ပါသည်။ မေးခွန်းနံပါတ် ၃ (ခ)တွင် ယခင်မေးခွန်းတွင် မေးသကဲ့သို့ ကဗျာစာကြောင်းများကို ကွက်လပ်ဖြည့်သည့် မေးခွန်း ငါးပုဒ် မေးပါမည်။

**မေးခွန်းနံပါတ် ၄** တွင် ပြောင်းလဲမှုအနည်းငယ်ရှိပါသည်။ မေးခွန်းအရေအတွက် ငါးပုဒ်မှာ ပြောင်းလဲမှုမရှိပါ။ ယခင်မေးခွန်းများတွင်ကဲ့သို့ နံပါတ် ၁ နှင့် ၂ တွင် ရွေးချယ်ရန် ပေးမထားပါ။ နံပါတ် ၃ နှင့် ၄ တွင်လည်း Who said these words and to whom were they said? What does the underlined word refer to? From which unit are the following lines taken? စသည့် တစ်သမတ်တည်းမေးသည့် မေးခွန်းပုံစံမျိုးမေးမည်မဟုတ်ပါ။ ကျောင်းသား ကျောင်းသူများ သင်ခန်းစာများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာပြီး မေးခွန်းအမျိုးမျိုးကို ဖြေဆိုတတ်စေရန် မေးခွန်း လေးခုမေးမည် ဖြစ်ပါသည်။ နံပါတ် ၅ တွင် ယခင်အတိုင်း ကဗျာဆိုလိုရင်းကို မေးမည်ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၅** တွင် ဖတ်စာအုပ်ထဲမှမဟုတ်သော တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူတို့၏ အဆင့်နှင့်ကိုက်ညီသော စာပိုဒ်တစ်ပိုဒ် (Unseen passage)ကိုပေးထားပြီး မေးခွန်းငါးခု ဖြေဆိုစေပါမည်။ ကျောင်းသား ကျောင်းသူတို့၏ စာဖတ်ပြီး နားလည်နိုင်စွမ်းကို အမှန်တကယ်စစ်ဆေးသည့် မေးခွန်းများ ဖြစ်ပါမည်။

**မေးခွန်းနံပါတ် ၆** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ် ၇** (က)နှင့် ၇ (ခ) ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။

**မေးခွန်းနံပါတ် ၈** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။ သို့သော် ကျောင်းသား ကျောင်းသူများ ပေးစာရေးသူနှင့် လက်ခံသူတို့ကို ရောထွေးမှုမရှိစေရန် ပေးစာ သုံးပုဒ်အစား ပေးစာ နှစ်ပုဒ်ပေးထားပြီး မိမိနှစ်သက်ရာတစ်ပုဒ်ကို ရေးသားရပါမည်။ စာလုံးရေ ၃၀၀ ထက် ပိုမရေးရန် ကန့်သတ်ထားပါမည်။ သို့သော် စာလုံးရေ အတိအကျရေးရန် မလိုပါ။ ကျောင်းသား ကျောင်းသူများ မေးခွန်းနှင့် ဆီလျော်သောအကြောင်းအရာများကို လိုရင်းတိုရှင်းကျစ်လျစ်တိကျစွာ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ရေးသားနိုင်စေရန် ဖြစ်ပါသည်။

**မေးခွန်းနံပါတ် ၉** ပုံစံကို ပြောင်းလဲမည်မဟုတ်ပါ။ ယခင်မေးခွန်းများအတိုင်း စာစီစာကုံးခေါင်းစဉ် သုံးခု ပေးထားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူတို့က မိမိတို့ကြိုက်နှစ်သက်သည့် ခေါင်းစဉ်တစ်ခုရွေး၍ စာစီစာကုံး ရေးသားရပါမည်။ စာလုံးရေ ၅၀၀ ထက် ပိုမရေးရန် ကန့်သတ်ထားပါမည်။ သို့သော် စာလုံးရေ အတိအကျရေးရန် မလိုပါ။ ကျောင်းသား ကျောင်းသူများ ပေးထားသောခေါင်းစဉ်နှင့်ကိုက်ညီသော အကြောင်းအရာများကို ကျစ်ကျစ်လျစ်လျစ် ထိထိမိမိရေးသားတတ်စေရန်နှင့် အလွတ်ကျက်မှတ်ပြီး မဆီလျော်သောအကြောင်းအရာများ ထည့်သွင်းရေးသားမှုကို လျော့နည်းစေရန် စာလုံးရေကန့်သတ်ခြင်းဖြစ်ပါသည်။

မေးခွန်းနံပါတ် ၈ နှင့် ၉ သည် ကျောင်းသား ကျောင်းသူတို့၏ စိတ်ကူးစိတ်သန်းဖြင့် တွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ စဉ်းစားဝေဖန်နိုင်မှု၊ ဆုံးဖြတ်နိုင်မှုနှင့် မိမိတို့အမြင်ကို ထုတ်ဖော်ရေးသားနိုင်မှုတို့ကို အမှန်တကယ် စစ်ဆေးသောမေးခွန်းမျိုး ဖြစ်ပါမည်။

ယခုပြောင်းလဲမည့်မေးခွန်းပုံစံကိုခြုံ၍ ကြည့်မည်ဆိုပါက ကျောင်းသား ကျောင်းသူတို့၏ အလွတ်ကျက်မှတ်မှုကို အားပေးသော မေးခွန်းပုံစံအစား ၎င်းတို့၏ စဉ်းစားဆင်ခြင် တွေးခေါ်နိုင်မှုနှင့် ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆများကို တင်ပြနိုင်မှုကို ဦးစားပေးသော မေးခွန်းပုံစံဖြစ်စေရန် ပြောင်းလဲခြင်းသာဖြစ်ပါသည်။ အင်္ဂလိပ်စာတတ်ကျွမ်းမှုကို အမှန်တကယ်စစ်ဆေးသည့် မေးခွန်းပုံစံသို့ မေးခွန်းအားလုံးကို တစ်ပြိုင်နက်တည်း ပြောင်းလဲရန် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်သင့်မဖြစ်သေးသဖြင့် ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဤမေးခွန်းပုံစံကို ပြောင်းလဲခြင်းဖြစ်ပါသည်။ အမှတ်ပေးစည်းမျဉ်းများကိုလည်း ကျောင်းသား ကျောင်းသူတို့၏ ဖြေဆိုချက်များ ဆီလျော်မှုရှိ မရှိကို ဦးစားပေးစစ်ဆေးသော စည်းမျဉ်းများအဖြစ် တဖြည်းဖြည်းချင်း ပြောင်းလဲမည်ဖြစ်ပါသည်။ ထိုသို့ပြောင်းလဲခြင်းဖြင့် ၂၀၂၃ ခုနှစ်တွင် ပြဋ္ဌာန်းစာအုပ်အသစ်ကို စတင်အသုံးပြုသည့် အချိန်တွင် ကျောင်းသား ကျောင်းသူတို့၏ စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ကြံဆနိုင်မှုနှင့် ကျွမ်းကျင်စွာ ရေးသားပြောဆိုနိုင်မှုတို့ကို အပြည့်အဝစစ်ဆေးသောမေးခွန်းများဖြစ်လာမည် ဖြစ်ပါသည်။ အင်္ဂလိပ်စာနမူနာမေးခွန်းပုံစံကို ပညာရေးဝန်ကြီးဌာန၏ Website ဖြစ်သော www.moe.gov.mm တွင် ၁၀-၅-၂၀၁၈ ရက်နေ့မှစ၍ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။ နမူနာမေးခွန်းတည်ဆောက်ပုံကို လေ့လာနိုင်ရန် ပူးတွဲဖော်ပြထားပါသည်။

## (နမူနာမေးခွန်းတည်ဆောက်ပုံ)

**၂၀၁၉**

**MATRICULATION EXAMINATION**
**DEPARTMENT OF MYANMAR EXAMINATION**

**ENGLISH** **Time Allowed: (3) Hours**

**WRITE YOUR ANSWERS IN THE ANSWER BOOKLET.**
**ANSWER ALL QUESTIONS.**

I. Read the passage.
ပြဋ္ဌာန်းစာအုပ်တွင် ပါရှိသောသင်ခန်းစာ ၁၄ ခုထဲမှ စာပိုဒ်တစ်ပိုဒ် ပေးထားပါမည်။

(A) Write the correct word or words to complete each sentence. (5 marks)
ဝါကျ တစ်ခုစီတွင် ကွက်လပ် တစ်ခုစီပါသောဝါကျ ငါးကြောင်းပေးထားပြီး ကွက်လပ်များကို စာပိုဒ်ပါ အချက်အလက်များဖြင့် မှန်ကန်စွာဖြည့်ပေးရပါမည်။

(B) Answer each question in one sentence. (5 marks)
စာပိုဒ်ပေါ် အခြေခံသောမေးခွန်း ငါးခုမေးထားပြီး တစ်ခုစီကို ဖြေဆိုရာတွင် စာကြောင်းတစ်ကြောင်းဖြင့် ပြည့်စုံစွာဖြေဆိုရပါမည်။

II. Fill in each numbered blank with a word from the list given. There are five extra words. Write down only the number of the blank and the word that fills it. (10 marks)
ကွက်လပ် ၂၀ ပါသော ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ် တစ်ပိုဒ်ပေးထားပြီး ဖြည့်ရမည့် စကားလုံး ၂၅ လုံး ပေးထားပါမည်။ မှန်ကန်သောစကားလုံး ၂၀ ဖြင့် ကွက်လပ်ကို ဖြည့်ပေးရပါမည်။

III.(A) Choose the appropriate word(s)to complete the sentences. (5 marks)
ပြဋ္ဌာန်းစာအုပ်ရှိ Vocabulary Section နှင့် စာပိုဒ်များတွင် ပါဝင်သောစကားလုံးများဖြင့် တည်ဆောက်ထားသောဝါကျ ငါးကြောင်းပေးထားပါမည်။ ဝါကျတစ်ကြောင်းစီတွင် ရွေးချယ်စရာ သုံးခုကို A, B, C ဖြင့် ပေးထားပြီး ဝါကျကို အဓိပ္ပာယ်ပြည့်စုံစေသည့် မှန်ကန်သောစကားလုံး(သို့မဟုတ်) စကားစုကို ရွေးချယ်ပေးရပါမည်။

III.(B) Write the appropriate words or groups of words to complete the lines of verse. (5 marks)
ပြဋ္ဌာန်းစာအုပ်ရှိ ကဗျာများထဲမှ ကွက်လပ် တစ်ခုစီပါဝင်သော မေးခွန်းငါးခုမေးပါမည်။ ကဗျာစာကြောင်းများကို ပြည့်စုံအောင် မှန်ကန်သောစကားလုံးများဖြင့် ဖြည့်ပေးရပါမည်။

IV. Give complete answers to these questions. (10 marks)
ပြဋ္ဌာန်းစာအုပ်ပါ သင်ခန်းစာ ၁၄ ခုတွင်ပါရှိသော စာပိုဒ်များအပေါ် အခြေခံ၍ မေးခွန်း လေးပုဒ်ကို မေးပါမည်။ မေးခွန်းနံပါတ် ၅ တွင် ကဗျာများမှ ကောက်နုတ်ထားသောစာကြောင်း နှစ်ကြောင်း၊ သုံးကြောင်းပေးထားပြီး What do these lines mean? ဟု မေးပါမည်။ ကဗျာ၏ ဆိုလိုရင်းကို တိကျမှန်ကန်စွာ ဖြေဆိုရပါမည်။

V. Read the passage.
ပြဋ္ဌာန်းစာအုပ်တွင် မပါဝင်သော တက္ကသိုလ်ဝင်ကျောင်းသား ကျောင်းသူတို့အဆင့်နှင့် ကိုက်ညီသည့် စာပိုဒ်တစ်ပိုဒ် ပေးထားပါမည်။

Answer these questions. Give complete answers. (10 marks)
မေးခွန်း ငါးခု မေးပါမည်။ စာပိုဒ်ကိုဖတ်ပြီး မေးခွန်းများကို ပြည့်စုံစွာ ဖြေဆိုရပါမည်။

VI. Punctuate the following. (5 marks)
ပြဋ္ဌာန်းစာအုပ်တွင် မပါသောစာကြောင်း ငါးကြောင်းပေးထားပြီး ၎င်းစာကြောင်းများကို သင့်လျော်သော Punctuation Mark များသုံး၍ ပြန်ရေးပေးရပါမည်။

VII.(A) Finish each sentence in such a way that it means exactly the same as the sentence that is given. (10 marks)
ဝါကျ ၁၀ ကြောင်းပေးထားပြီး ၎င်းဝါကျများကို အဓိပ္ပာယ်မပြောင်းစေဘဲ ပေးထားသောဝါကျအစ စကားလုံးများဖြင့် ပြည့်စုံစွာ ပြန်လည်ရေးသားဖြေဆိုရပါမည်။

(B) Using the prompts given, write a very short paragraph on ONE of the following. (10 marks)
ဖတ်စာအုပ်ပါ သင်ခန်းစာများကို အခြေခံသော ခေါင်းစဉ်နှစ်ခုပေးထားပါမည်။ မိမိနှစ်သက်ရာ ခေါင်းစဉ်တစ်ခုကို ရွေးချယ်၍ ပေးထားသောအချက်အလက်များကိုအသုံးပြု၍ စာပိုဒ်တစ်ပိုဒ် ရေးသားရပါမည်။

VIII. Letter Writing (10 marks)
ရွေးချယ်ရန် ပေးစာ နှစ်ခုပေးထားပါမည်။ မိမိနှစ်သက်ရာပေးစာတစ်စောင်ကိုရွေး၍ စာလုံးရေ ၃၀၀ ထက်မပိုသော ပေးစာတစ်စောင် ရေးသားရပါမည်။

IX. Essay Writing (15 marks)
ရွေးချယ်ရန် စာစီစာကုံးခေါင်းစဉ် သုံးခုပေးထားပါမည်။ မိမိနှစ်သက်ရာတစ်ခုကိုရွေး၍ စာလုံးရေ ၅၀၀ ထက်မပိုသော စာစီစာကုံးတစ်ပုဒ် ရေးသားရပါမည်။

# နာဂစ်မုန်တိုင်း(၁၀)နှစ်ပြည့်အထိမ်းအမှတ် မေတ္တာပို့ အမျှအတန်းပေးဝေခြင်းနှင့် ပြည်သူလူထုအသိပညာပေးအစီအစဉ် ပြုလုပ်

**ပုသိမ် မေ ၂**

၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ရဟန်းရှင်လူ ပြည်သူများကို ရည်စူး၍ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးနှင့် မြောင်းမြဘုန်းတော်ကြီးကျောင်းတို့တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝိသာခါ (ဒေါ်လှယဉ်) ဓမ္မာရုံတွင် ကျင်းပသည့် နာဂစ်မုန်တိုင်းတိုက်ခတ်ခံရပြီး (၁၀)နှစ်ပြည့်အထိမ်းအမှတ် မေတ္တာပို့၊ အမျှအတန်းပေးဝေခြင်း အခမ်းအနားသို့ တက်ရောက်ပြီး သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။




ယင်းနောက် နာဂစ်အလွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာရေးကို ရှေးရှု၍ ပြည်သူလူထု အသိပညာပြန့်ပွားရေး အစီအစဉ်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နာဂစ်မုန်တိုင်းကျရောက်ခဲ့မှုဖြစ်စဉ်သည် သမိုင်းတွင် မေ့ပျောက်မရနိုင်သည့်ကိစ္စတစ်ရပ်ဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းသည် နိုင်ငံအတွက် ထိခိုက်ဆုံးရှုံးမှုများစွာဖြစ်ပွားစေခဲ့သည့်အတွက် ဝမ်းနည်းစရာနေ့အဖြစ် သတိရနေမည်ဖြစ်ကြောင်း၊ ယနေ့(၁၀)နှစ်ပြည့် သတိတရ အခမ်းအနားကျင်းပရခြင်းသည် သင်ခန်းစာရယူရန်နှင့် သဘာဝဘေးတုံ့ပြန်ရန်အတွက် ပြန်လည်ဆန်းစစ်ပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သတိရှိစေရန်အတွက်ဖြစ်ကြောင်း၊ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်ပေါင်း ၃၇ မြို့နယ်တွင် စုစုပေါင်း ၁၁ ဒသမ ၇ ထရီလီယံကျပ်ခန့် ဆုံးရှုံးမှုများခဲ့ပြီး လူပေါင်းတစ်သိန်းလေးသောင်းခန့် သေကျေပျက်စီး ပျောက်ဆုံးခဲ့ရပါကြောင်း၊ ဘေးလွန်ကာလတွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ ဦးဆောင်မှုဖြင့် အဖွဲ့အစည်းအသီးသီးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတို့ကို ရေးဆွဲဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီ ၁၂ ဖွဲ့ ကိုလည်း ဖွဲ့စည်းပြီး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်အဆင့်တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကို နှစ်စဉ်ကျပ်ဘီလီယံ ၂၀ ခွဲဝေသတ်မှတ်ဆောင်ရွက်ထားပါကြောင်း၊ အဆိုပါ ရန်ပုံငွေမှ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် ဘေးလျော့ပါးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပေးလျက်ရှိပါကြောင်း၊ နာဂစ်လွန်ကာလတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်း၊ နေပြည်တော်တွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနနှင့် လပွတ္တာမြို့တွင်လည်း နာဂစ်မုန်တိုင်းအတွင်း မိဘမဲ့ဖြစ်သွားကြသည့် ကလေးသူငယ်များအတွက် လူငယ့်အားမာန်သင်တန်းကျောင်းတို့ကို တည်ထောင်ပေးနိုင်ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ခိုင်ခံ့သည့် အခြေခံအဆောက်အအုံများ အားနည်းသည့်အတွက် ဘေးဖြစ်ချိန်တွင် ခိုလှုံနိုင်ရန် မုန်တိုင်းဒဏ်ခံအဆောက်အအုံ အလုံး ၇၀၊ အခြားမုန်တိုင်းဒဏ်ခံ အဆောက်အအုံများကို ဆောက်လုပ်ပေးနိုင်ခဲ့ပြီး ယခုနှစ်အတွင်းမှာလည်း ဘက်စုံသုံးမုန်တိုင်းဒဏ်ခံ အဆောက်အအုံ ၅၇ လုံး ထပ်မံဆောက်လုပ်သွားမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူစွာ အသိပညာပေးလုပ်ငန်းများနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများလျော့ကျစေရေးအတွက် လူတိုင်းလူတိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများရှိရန်လိုအပ်သကဲ့သို့ အဆိုပါ အသိတရားအပေါ်တွင် သတိဖြင့် တုံ့ပြန်ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ရည်မှန်းချက်အတိုင်း ဘေးဒဏ်ရင်ဆိုင် တုံ့ပြန်နိုင်သည့် လူ့အဖွဲ့အစည်းဖြစ်လာစေရေးနှင့် ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရချိန်တွင် အဆင်သင့်ဖြစ်မှုတိုးမြှင့်ပေးနိုင်ရေးအတွက် ပိုမိုရင်းနှီးမြှုပ်နှံမှုပြုလျက်ရှိပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုကော်မတီက ဦးဆောင်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ခရိုင်၊ မြို့နယ်အဆင့်အထိ ပိုမိုကောင်းမွန်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုပုံစံအသစ်ဖြင့် ပြည်သူလူထုအပါအဝင် အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူကာ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က နာဂစ်မုန်တိုင်းလွန်ကာလတွင် တိုင်းဒေသကြီးအဆင့် တုံ့ပြန်ဆောင်ရွက်မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှ ရရှိသည့် သင်ခန်းစာများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ အားလုံးက ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ မေတ္တာပို့ ဆုတောင်းမှုပြုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လပွတ္တာမြို့ လူငယ့်အားမာန်သင်တန်းကျောင်းမှ နာဂစ်မုန်တိုင်းအတွင်း မိဘမဲ့ဖြစ်သွားသည့် ကလေးသူငယ်များအတွက် ပညာဒါန သင်ကြားပေးသည့် လူငယ်များအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီး၏ နာဂစ်အလွန် ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထုဖြစ်ပေါ်လာရေးဆီသို့ ဦးတည်ပြသထားသော လူထုပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်း ဘေးအန္တရာယ်ကျရောက်လွယ်မှုများနှင့် စပ်လျဉ်းသည့် သုတေသနတွေ့ရှိချက်များ၊ လေ့လာဆန်းစစ်မှုများကို ဘာသာရပ်ခေါင်းစဉ်အလိုက် တင်ပြဆွေးနွေးခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် စပ်လျဉ်းသည့် အတွေ့အကြုံ၊ အသိအမြင်များကို စကားဝိုင်းဆွေးနွေးမှုများ၊ သရုပ်ပြတင်ဆက်မှုများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂**

(၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၊ International Association of School Librarianship မှ ပါမောက္ခ ဒေါက်တာ ဒေးလ်ဂျစ်ဆင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စာကြည့်တိုက်မှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ၂၁ ရာစုတွင် လိုအပ်မည့် ကျောင်းစာကြည့်တိုက်မှူးများ၏ အရည်အချင်းတိုးတက်ရေးနှင့် စိန်ခေါ်မှု အခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ နှစ်စဉ်ကျင်းပပြီး အဖြေရှာ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းအနေဖြင့် ကျောင်းစာကြည့်တိုက်နှင့်ပတ်သက်၍ ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်ဟု သိရှိရပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် နှစ်နှစ်တာကာလအတွင်း ပညာသင်ယူမှု အခွင့်အလမ်းမြင့်မားရေး၊ ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်ကာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆- ၂၀၂၁ တွင် ပါရှိသည့် လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို ကဏ္ဍကိုးရပ် သတ်မှတ်ဖော်ထုတ်ပြီး ဦးစားပေးလုပ်ငန်း ၁၂ ရပ် ချမှတ်ကာ ကြိုးပမ်းပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နေထိုင်ရာကမ္ဘာကြီး၏ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့သည် ပညာရေး ရေချိန်ပေါ်တွင် များစွာတည်မှီလျက်ရှိသည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ ပညာရေး ရေချိန်မြင့်မားရေးသည်လည်း စာကြည့်တိုက်များ ရှင်သန်တိုးတက်ရေး ချိန်ခွင်လျှာအနိမ့်အမြင့်နှင့် သက်ဆိုင်နေပါကြောင်း၊ ယခုကဲ့သို့ ဆွေးနွေးပွဲများ ကျင်းပပြီး စာကြည့်တိုက်မှူးများ အတွေ့အကြုံဖလှယ်ကာ စာကြည့်တိုက်များအတွက် ပိုမိုတိုးတက်ကောင်းမွန်သော ရလဒ်ကောင်းများကို ကျင့်သုံးခြင်းဖြင့် မိမိတို့မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ်များကို ဖော်ဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ အသင်းနာယက ဦးတင်မောင်လွင်နှင့် International Association of School Librarianship မှ ပါမောက္ခ ဒေါက်တာ ဒေးလ်ဂျစ်ဆင်းတို့က အမှာစကားပြောကြားကြပြီး အခြေခံပညာဦးစီးဌာန အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူလေးများက ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခ ဒေါက်တာ ဒေးလ်ဂျစ်ဆင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနာယကနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ စာကြည့်တိုက်မှူးများ၊ ကပြဖျော်ဖြေတင်ဆက်ကြသည့် ကျောင်းသားကျောင်းသူလေးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါစာကြည့်တိုက်၌ ဆက်လက်ကျင်းပရာ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ နိုင်ငံကိုယ်စားပြု စာကြည့်တိုက်မှူးများက နိုင်ငံအလိုက် စာတမ်းများဖတ်ကြားခြင်း၊ အစုအဖွဲ့သုံးစုခွဲ၍ Connect and collaborate၊ Reenergizing School Libraries၊ Planning Library Period Activities စသည့်ခေါင်းစဉ်များ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဝင် ဆရာမကြီး ဒေါ်တင်ဖုန်းနွယ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် (၄)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ ဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံနိုင်ငံများမှ ကျောင်းစာကြည့်တိုက်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာသိရှိရသည့်အတွက် မြန်မာနိုင်ငံတွင် အခြေခံပညာကဏ္ဍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘိုကလေးနှင့် ဒေးဒရဲတွင် နာဂစ်မုန်တိုင်းဒဏ်သင့်ကွယ်လွန်သူများအတွက် ရည်စူးကုသိုလ်ပြု အမျှပေးဝေ



**ဘိုကလေး မေ ၂**

၂၀၀၈ ခုနှစ် မေ ၂ ရက်က တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် သေဆုံးသွားသူများအား ရည်စူး၍ နာဂစ်(၁၀) နှစ်ပြည့်အထိမ်းအမှတ် ဆွမ်းဆက်ကပ်ခြင်းနှင့် မေတ္တာပို့ အမျှပေးဝေခြင်း အစီအစဉ်ကို ယနေ့နံနက် ၁၀ နာရီက ဘိုကလေးမြို့ အမှတ်(၃)ရပ်ကွက်ရှိ မြို့မ ဆွမ်းလောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကေသဝထံမှ ငါးသီလ ခံယူဆောက်တည်ခြင်း၊ ပင့်သံဃာတော်များအား သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ နာဂစ်မုန်တိုင်းကြောင့် သေဆုံးသွားသူများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်သည်တော်များအား နေ့လယ်စာ ဧည့်ခံကျွေးမွေးခြင်းတို့ဖြင့် ကုသိုလ်ပြုခဲ့ကြသည်။

နာဂစ်(၁၀)နှစ်ပြည့် အထိမ်းအမှတ် မုန်တိုင်းကြောင့် ကွယ်လွန်သွားသူများအား ရည်စူး ကုသိုလ်ပြုခြင်းအစီအစဉ်သို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မေသန်းနွဲ့၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဗိုလ်နှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

၂၀၀၈ ခုနှစ် မေ ၂ ရက်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဘိုကလေးမြို့နယ်အတွင်း၌ ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာများမှာ ရွာလုံးကျွတ်နီးပါး ထိခိုက်သေကျေပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

အလားတူ နာဂစ်မုန်တိုင်းတိုက်ခတ်ခံရခြင်းနှင့် မုန်တိုင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသူများအား ရည်စူး၍ ပြုလုပ်သည့် နာဂစ်(၁၀)နှစ်ပြည့် အခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ ဒေးဒရဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ဇနီး၊ အမျိုးသမီးရေးရာအဖွဲ့များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သူဇာနွယ်(ဖျာပုံ)၊ သပြေထွန်း**

# ရန်ကုန်တွင် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပမည်



**ရန်ကုန် မေ ၂**

စီးပွားရေးအခွင့်အလမ်းများ ပိုမိုကျယ်ပြန့်လာစေရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် ရည်ရွယ်ကာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ကြီးမှူးကျင်းပမည့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၈) အခမ်းအနားနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ဆရာစံလမ်းထောင့်ရှိ CB ဘဏ်၌ ကျင်းပသည်။

ရန်ကုန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မေ ၉ ရက်တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဖိုရမ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် နည်းဥပဒေများ၊ အခွန်ဆိုင်ရာ အချက်အလက်များ၊ ရန်ကုန်တိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် စီမံကိန်းဝန်ကြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင် ဦးမြင့်သောင်းက "မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တစ်ရပ်ကို ၂၀၁၇ ခုနှစ်မှာ ဥပဒေသစ်ပြဋ္ဌာန်းပါတယ်၊ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေ၊ ပြည်တွင်းက ရင်းနှီးမြှုပ်နှံသူတွေအားလုံး သိသင့်တဲ့ ရင်းနှီးမြှုပ်နှံမှုကို ဘယ်လိုလုပ်ခွင့်ရမလဲ၊ အခွင့်အရေး ဘယ်လိုရှိသလဲ၊ အခွန်နဲ့ပတ်သက်တာတွေကရော ဘယ်လိုလုပ်ရမလဲဆိုတာကို သိဖို့လိုအပ်လာပါတယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဘယ်လိုရင်းနှီးမြှုပ်နှံမှုတွေ လာပြီးတော့ ရင်းနှီးမြှုပ်နှံသင့်သလဲဆိုတာသိဖို့ အရေးကြီးတာကြောင့် မေ ၉ ရက်မှာ လုပ်မယ့် ဖိုရမ်မှာ ရှင်းပြဖို့ စီစဉ်ထားပါတယ်၊ လိုအပ်တဲ့ စာရွက်စာတမ်း၊ အချက်အလက်တွေကိုလည်း ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကိန်းဂဏန်းများအရ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်ရာတွင် ရန်ကုန်တိုင်းဒေသကြီးသို့ ရင်းနှီးမြှုပ်နှံမှုများ အများဆုံးစီးဝင်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ၅၈၅ ခု၊ မတည်ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ဘီလီယံ ၆၉၉၀ ဒသမ ၂၁၃၄၊ ၁၉၈၈-၁၉၈၉ မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ၈၄၅ ခု၊ မတည်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၂၇၆ ဘီလီယံ စီးဝင်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက "ရန်ကုန်ဟာ မြန်မာနိုင်ငံရဲ့ အဓိကစီးပွားရေးမြို့တော်ဖြစ်တယ်၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို ဦးဆောင်နေတဲ့ ရန်ကုန်တိုင်းဒေသကြီးရဲ့ ရင်းနှီးမြှုပ်နှံမှုဖိုရမ်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးပြန်လည်ဦးမော့လာဖို့အတွက် တွန်းအားတွေ ပေးမယ်၊ ခွန်အားတွေ ပေးနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်းဖြစ်ပါတယ်၊ ကျင်းပတဲ့နေရာမှာ အစိုးရသက်တမ်း နှစ်နှစ်အတွင်းမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ ပထမနှစ်အတွင်းမှာ ကိုင်တွယ်ရတဲ့ အတွေ့အကြုံတွေ၊ ဒုတိယနှစ်အတွင်းကို ဝင်လာတဲ့အချိန်မှာ Yangon Region Investment Committee (YRIC) အနေနဲ့ ဒီဖိုရမ်ကို ပထမဦးဆုံး စလုပ်တာပဲဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စက်မှုဇုန် ၃၀ နှင့် သီလဝါအထူးစီးပွားရေးဇုန် တစ်ခုတို့ရှိပြီး လှိုင်သာယာမြို့နယ်တွင်ရှိသည့် စက်မှုဇုန်သည် မြန်မာနိုင်ငံ၏ အကြီးဆုံး စက်မှုဇုန်အဖြစ် တည်ရှိသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MIDA)ဥက္ကဋ္ဌ ဦးခင်မောင်အေးက "အခုကျင်းပမယ့် ရန်ကုန်ရင်းနှီးမြှုပ်နှံမှုဖိုရမ်(၂၀၁၈)အတွက် တက်ရောက်မယ့် သူတွေရဲ့စာရင်းကို အတည်ပြုတာ ၆၆၅ ဦးရှိပါပြီ၊ နိုင်ငံတကာကနေ တက်ရောက်မယ့် နိုင်ငံခြားသား ၃၀၀ ကျော်ပါပါတယ်၊ လူ ၇၀၀ ဝန်းကျင်လောက် ဖြစ်ပါမယ်၊ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးလိုနေပါတယ်၊ အလုပ်အကိုင်ရှိရင် ဝယ်လိုအားတွေ တိုးတက်လာပြီး နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကလည်း ဖြစ်ပေါ်လာမယ်လို့ ယူဆပါတယ်၊ အလုပ်ရမှ ဝင်ငွေရမယ်၊ ဝင်ငွေရမှ ဝယ်လိုအားတက်လာမယ်၊ ကျွန်တော်တို့နိုင်ငံဟာ ဒီအတိုင်းပဲနေရင် ဖွံ့ဖြိုးတိုးတက်ဖို့ မရှိနိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ MIDA အနေနဲ့ ဝင်ရောက်ကြိုးပမ်းပြီး အဓိကနေရာက ကူညီပေးတာပါ"ဟု ပြောသည်။

သတင်းစာ ရှင်းလင်းပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံသူများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(MIDA)မှ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများသည် သတင်းမီဒီယာများ၏ သိရှိလိုသော မေးမြန်းချက်များကို ဖြေကြားကြသည်။

ဖိုရမ်ကျင်းပမည့် ပုံစံနှင့်ပတ်သက်၍ မေးမြန်းရာတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဦးမျိုးခိုင်ဦးက "ကျွန်တော်တို့ လာမယ့်ဖိုရမ်မှာ မနက်ပိုင်း တစ်ပိုင်းလုံး ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ဘယ်လိုရှိတယ်၊ ဘယ်လိုတွေ အကာအကွယ်ပေးထားတယ်၊ သူတို့ရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေ ဘယ်လိုရှိတယ်ဆိုတာကို ပြောကြားမှာပါ၊ ရှင်းလင်းတဲ့အထိကို မေးမြန်းခွင့်ရမှာပါ၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေကို နားမလည်သေးပါဘူး၊ ဥပဒေအသစ်က စထွက်တာ တစ်နှစ်လောက်ပဲ ရှိပါသေးတယ်။

မွန်းလွဲပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးနဲ့ သက်ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းဗျူဟာနဲ့ အလားအလာတွေကို ဆွေးနွေးပေးမှာပါ၊ ဒီတော့ ရင်းနှီးမြှုပ်နှံသူတွေက မနက်ပိုင်းမှာ ဥပဒေကို နားလည်သွားပြီး ညနေပိုင်းမှာ ရန်ကုန်တိုင်းဒေသကြီးမှာ ဘာတွေရင်းနှီးမြှုပ်နှံရမလဲဆိုတာ သိလာမှာပါ၊ ဒီဖိုရမ်က ရင်းနှီးမြှုပ်နှံသူတွေ စိတ်အားထက်သန်မှု ပိုများလာမှာပါ။

ညပိုင်းမှာ Networking Dinner လုပ်မှာပါ၊ အဲဒီအခါကျရင် လာကြတဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေ အချင်းချင်း ချိတ်ဆက်နိုင်မှာဖြစ်သလို မြန်မာနိုင်ငံသားတွေနဲ့ နိုင်ငံတကာလုပ်ငန်းရှင်တွေလည်း ဆက်သွယ်နိုင်မှာပါ၊ နောက်အစိုးရရဲ့ တာဝန်ရှိသူတွေနဲ့လည်း တွေ့ဆုံနိုင်မှာမို့ အများကြီးကို အကျိုးရှိမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်၊ သူတို့ရဲ့ ရပိုင်ခွင့်တွေ၊ အကာအကွယ်ပေးထားတာတွေကို သိလာရင် ပိုပြီးရင်းနှီးမြှုပ်နှံချင်စိတ် ပေါ်လာမှာပါ။ ပေါ်လာရင် ရင်းနှီးမြှုပ်နှံမှု ပိုတိုးလာမှာပါ"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကလိုအပ်ချက်သည် မြေနေရာနှင့် အခြေခံအဆောက်အအုံဖြစ်ပြီး အဆိုပါလိုအပ်ချက်များအတွက် သေချာစွာ လေ့လာဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ပြင်ဆင်နေကြောင်း ဦးမျိုးခိုင်ဦးထံမှ သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-လှမိုး**

# မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**နေပြည်တော် မေ ၂**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၂)ကြိမ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို မေ ၁ ရက် နံနက် ၇ နာရီက ဇမ္ဗူသီရိမြို့နယ် ကရဏာကမ္ဘာ ဘိုးဘွားရိပ်သာတွင် နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ တို့က စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး နံနက် ၁၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင် ၃၀ တို့က ပြည်သူ့အကျိုးပြု သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက "ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ"ကို မေ ၅ ရက် (စနေနေ့)နှင့် မေ ၆ ရက် (တနင်္ဂနွေနေ့)တို့တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့သတင်းမီဒီယာသမိုင်းအား သတင်းမီဒီယာသမားများနှင့် ပြည်သူများလေ့လာသိရှိနိုင်စေရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် "မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်း"စာတမ်းဖတ်ပွဲကို ၂၀၁၇ ခုနှစ် မတ်လတွင် ပထမအကြိမ်အဖြစ် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက "ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာ စာတမ်းဖတ်ပွဲ"တွင် စာတမ်း ၁၂ စောင် ဖတ်ကြားရန် လျာထားဆောင်ရွက်ထားပြီး အတည်ပြုဖတ်ကြားမည့် စာတမ်းများစာရင်းကို မကြာမီ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲနှင့်အတူ သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သတင်းမီဒီယာလုပ်ငန်းများကိုလည်းကောင်း၊ စာအုပ်ဆိုင်များကို လည်းကောင်း ခင်းကျင်းပြသနိုင်ရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်၌ ဆိုင်ခန်းငယ်များ ထားရှိဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး မေးခွန်းများမေးမြန်းဆွေးနွေးနိုင်ကြောင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ပြင်ပသတင်းမီဒီယာသမားများထံမှလည်း စာတမ်းများကို ဖိတ်ကြားသွားမည်ဖြစ်သည်။

"ဒုတိယအကြိမ် မြန်မာနိုင်ငံသတင်းမီဒီယာစာတမ်းဖတ်ပွဲ"ကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တာဝန်ယူကျင်းပခြင်းဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက စာတမ်းဖတ်ပွဲ ကျင်းပနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဗဟိုပုံနှိပ်တိုက်ခန်းမ အသုံးပြုခွင့်အား ပံ့ပိုးကူညီထားကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သိရသည်။

**သတင်းစဉ်**

# ငွေဆောင်၊ ပုဂံနှင့် အင်းလေး လူရည်ချွန်စခန်းများမှ လူရည်ချွန်များ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ



ပုသိမ်မြို့သို့ရောက်ရှိနေသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ ရွှေစာပုသိမ်ထီးလုပ်ငန်းခွင်ကို လေ့လာကြစဉ်။

**နေပြည်တော် မေ ၂**

ငွေဆောင်၊ ပုဂံနှင့် အင်းလေး၌ ရောက်ရှိနေသော လူရည်ချွန် လူငယ်များသည် ယနေ့တွင် သက်ဆိုင်ရာ ဒေသများရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ငွေဆောင်လူရည်ချွန် အပန်းဖြေစခန်းမှ ဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ငွေဆောင်မြို့မှ ပုသိမ်မြို့သို့ သွားရောက်ကာ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောစေတီတော်အား ဖူးမြော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်း၊ ရွှေစာ ပုသိမ်ထီးလုပ်ငန်းတို့သို့ ရောက်ရှိလေ့လာကြပြီး Royal Lake ပန်းခြံအတွင်း လှည့်လည်ကြည့်ရှု အပန်းဖြေကြသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တွေ့ဆုံကြရာ တိုင်းဒေသကြီးဝန်ကြီးများက နှုတ်ခွန်းဆက် အမှာစကားများပြောကြားကြပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများကိုယ်စား သုံးထပ်ကွမ်း လူရည်ချွန် မောင်မြတ်ဘုန်းဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ဒေါင်းလောင်းအထည်ချုပ်စက်ရုံသို့ ရောက်ရှိကြပြီး အထည်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုသိမ်မြို့နှင့် ငွေဆောင်မြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ပညာအလင်္ကာ တေးဂီတအဖွဲ့မှ တေးသံရှင်များ၏ တေးသီချင်းသီဆိုမှုများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့အတူ အင်းလေးခေါင်တိုင်အပန်းဖြေစခန်းမှ နဝမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် နံနက်ပိုင်းတွင် စိန်သမာဓိငွေထည်လုပ်ငန်းနှင့် ပိုးထည်လုပ်ငန်း၊ အင်းပေါခုံကျေးရွာရှိ ပိုးထည်၊ ကြာထည်နှင့် ချည်ထည်လုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြပြီး အလိုတော်ပေါက်ဘုရားနှင့် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ဖူးမြော်ကာ ညောင်ရွှေမြို့ပေါ်ရှိ ညောင်ရွှေဟော်နန်းကို သွားရောက်လေ့လာခဲ့ကြသည်။

ညနေပိုင်းတွင် ညောင်ရွှေမြို့နယ် ဗောရိသကျေးရွာ ငါးရှဉ့်ဖြူတံတားအနီးရှိ စံပြစိုက်ခင်းအား သွားရောက်လေ့လာခဲ့ကြသည်။

အလားတူ ပုဂံမြို့၌ ရောက်ရှိနေကြသည့် အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိကာ တောင်ကလပ်ပေါ်ရှိ ဘုရားများအား ဖူးမြော်လေ့လာကြသည်။ ယင်းနောက် ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်အတွင်း ပြသထားသော ပြခန်းများအား လေ့လာခြင်း၊ ဥယျာဉ်အတွင်းရှိ ပရဆေးပင်များအား လေ့လာခြင်းနှင့် ပုပ္ပားတောင်ဥယျာဉ် အုပ်ချုပ်လုပ်ကိုင်မှု၊ သဘာဝသားငှက် တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းလေ့လာကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပုပ္ပားတောင်ဘေးမဲ့တော ဥယျာဉ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသန်းဆွေနှင့် သစ်တောဝန်ထမ်းများက ရှင်းလင်းပြောပြကြသည်။



ပုဂံမြို့၌ ရောက်ရှိနေသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ ပုပ္ပားတောင်ဘေးမဲ့ဥယျာဉ်အတွင်း ကြည့်ရှုလေ့လာကြစဉ်။

လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် အဆိုပါ ဘေးမဲ့တောဥယျာဉ်ကို လေ့လာကြပြီးနောက် Popa Mountain Resort သို့ ရောက်ရှိလေ့လာကြပြီး မွန်းလွဲပိုင်းတွင် ပုဂံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **မျိုးဇင်နိုင်**



အင်းလေးဒေသသို့ ရောက်ရှိနေသည့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ စိန်သမာဓိငွေထည်လုပ်ငန်းနှင့် ပိုးထည်လုပ်ငန်းကို ကြည့်ရှုလေ့လာကြစဉ်။

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

၁။ တိရစ္ဆာန်များအား အပူချိန်မြင့်သောအချိန်တွင် အရိပ်ရရှိသောနေရာများ၌ ထားရှိရန်နှင့် နံနက်၊ ညနေမှသာ လွှတ်ကွင်းသို့ လွှတ်ရန်၊

၂။ မိမိမွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

၃။ ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

၄။ တိရစ္ဆာန်များ ရွှေ့ပြောင်းရန် လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

၅။ ကျေးလက်ဒေသအတွင်း ကျွဲ၊ နွားများအတွက် အစာဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နု စသည့် တိရစ္ဆာန် အစာများအား အပူဒဏ်မှ ကာကွယ်နိုင်ရေးအတွက် စနစ်တကျ ကြိုတင်သိမ်းဆည်းထားရန်၊

၆။ တိရစ္ဆာန်များအား ကူးစက်ရောဂါမဖြစ်ပွားစေရန်အတွက် ကြိုတင်ကာကွယ်ဆေးများ ထိုးနှံထားရန်၊

၇။ ယခုအချိန်တွင် ဒေသအလိုက် ထွက်ရှိသော တိရစ္ဆာန်အစာအဖြစ် အသုံးပြု၍ရသည့်ပစ္စည်းများအား စုဆောင်းသိုလှောင်ထားကြရန်(ဥပမာ-ထန်းသီးခွံ၊ ကြံသကာ၊ ကြိတ်ဖတ်များ၊ ထန်းလျက်၊ ကြံရည်ချက်ရာမှထွက်ရှိသော ဘေးထွက်ပစ္စည်းများ)၊

၈။ တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့်ရေပုံးများ ထားရှိရန်၊

၉။ ထူးခြားသော ဖြစ်စဉ်များရှိပါက သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

* ကျောဖုံးမှ
အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှုဖြစ်ပွားပြီး ၁၂ ရက်အကြာ ယနေ့ ညပိုင်းတွင် မီးငြိမ်းသွားပြီဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်ရာတွင်ပါဝင်သည့် မရမ်းကုန်းမြို့နယ်မှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက "မီးလောင်ပြင်က တော်တော်ကျယ်တော့ ငြိမ်းသာ ငြိမ်းနေရတယ် ထိရောက်မှုမရှိသလိုမျိုးခံစားရတယ်၊ အဲဒီလိုနဲ့ပဲ တစ်နေရာပြီး တစ်နေရာ တဖြည်းဖြည်းငြိမ်းသတ်နိုင်ခဲ့တယ်၊ ဒါပေမဲ့ ဘယ်နေ့မှာ ပြီးဆုံးမယ်ဆိုတာကိုတော့ ခန့်မှန်းလို့မရခဲ့ပါဘူး၊ အဲဒီနောက်မှာတော့ ဇုန်တွေ သတ်မှတ်ပြီး တစ်ရက်ကိုတစ်ဇုန်နှုန်းနဲ့ သတ်မှတ်လိုက်ပြီး ငြိမ်းသတ်တဲ့အခါမှာတော့ ပိုပြီးထိရောက်တယ်လို့ထင်ပါတယ်၊ တစ်နေ့တာလုပ်ခဲ့တဲ့ လုပ်ကွက်တွေကိုလည်း သိလာပါတယ်၊ ဒါကြောင့် သတ်မှတ်ထားတဲ့အတိုင်း အားလုံးဝိုင်းဝန်း ကြိုးစားပြီး ငြိမ်းသတ်ရင် ဘယ်နေ့ပြီးမယ်ဆိုတာကို သိရတဲ့အတွက် အလုပ်လုပ်တဲ့အခါမှာလည်း စိတ်ဓာတ်တွေ တက်ကြွလာပါတယ်၊ ဒါကြောင့်လည်း အခုလို မြန်မြန်ငြိမ်းသွားအောင် လုပ်နိုင်ခဲ့တယ်လို့ထင်ပါတယ်"ဟု ပြောသည်။

မီးလောင်မှုကိုငြိမ်းသတ်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ အပါအဝင် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့်အကဲဖြတ်အဖွဲ့ (Asean ERAT Team) နှင့်ချိတ်ဆက်ကာ လိုအပ်သော အကြံပြုချက်များကိုလည်း ဆောင်ရွက်ခဲ့ပြီး အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များ ပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့အနေဖြင့် စစ်ဆင်ရေး ဧရိယာတွင် မီးသတ်တပ်ဖွဲ့အင်အား ၄၅၀ ခန့်ကို အဓိကထားကာ သတ်မှတ်အဆိုင်းများအလိုက် ခွဲဝေအသုံးပြုခဲ့သည့်အပြင် တပ်မတော်သားများ အပါအဝင် ပူးပေါင်းအင်အားများဖြင့်လည်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်မှုဖြစ်ပွားနေစဉ်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အနေဖြင့်လည်း မီးခိုးဒဏ်ကို ခံစားရသော ပြည်သူများနှင့် မီးငြိမ်းသတ်ရာတွင် ပါဝင်ဆောင်ရွက်နေသူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့သည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများက ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများကို လာရောက်လှူဒါန်းကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "မီးသတ်တပ်ဖွဲ့ အပါအဝင် ဝိုင်းဝန်းမီးငြိမ်းသတ်တဲ့ အဖွဲ့ပေါင်း ၂၈ ဖွဲ့ရှိပါတယ်၊ အဲဒီအဖွဲ့တွေ အားလုံးကို နေ့စဉ် တစ်ဖွဲ့ချင်းအလိုက် ကြိုတင်စာရင်းယူထားပြီး အချိန်အလိုက် ထမင်းထုပ်တွေကို စီစဉ်ပြီး အချိန်မီ ခွဲဝေပေးပါတယ်၊ ဒါ့အပြင် စာရင်းထဲမပါဘဲ ကျန်ခဲ့တဲ့သူတွေအတွက် ထမင်းနဲ့ လိုအပ်တဲ့ အစားသောက်တွေကိုလည်း စီစဉ်ပြီးပို့ပေးပါတယ်၊ အဲဒီလိုပို့ဆောင်ပေးတဲ့အခါမှာတော့ ကျွန်တော်တို့အနေနဲ့ လူအင်အားနဲ့ အချိန်အခက်အခဲရှိတဲ့အတွက် ကြက်ခြေနီအဖွဲ့တွေနဲ့ အခြားသောပရဟိတအဖွဲ့တွေက မီးလောင်ပြင်အထိ ပို့ဆောင်ပြီး လိုက်လံဝေငှပေးခဲ့ကြပါတယ်"ဟု ပြောသည်။

အလားတူ မီးလောင်ပြင်သို့ သူငယ်ချင်းများနှင့် လာရောက်လှူဒါန်းသူတစ်ဦးက"မီးလောင်တဲ့နေရာကိုလာရောက်ပြီး အစားအသောက်နဲ့ ဆေးဝါးတွေ လှူဒါန်းတာ ခြောက်ခေါက်ရှိပါပြီ၊ မီးသတ်ရဲဘော်တွေနဲ့တပ်မတော်သားတွေ အများကြီးပင်ပန်းနေတာကိုတွေ့ရတဲ့အတွက် အခုလိုလာရောက်လှူဒါန်းဖြစ်တာပါ။ ကျွန်တော်တို့ကိုယ်တိုင် လှူချင်တဲ့အပြင် အဓိကကတော့ သူတို့ပင်ပန်းနေတာကို အားပေးမယ်ဆိုတဲ့ သဘောနဲ့ မီးငြိမ်းသတ်နေတဲ့ နေရာအထိ အခုလို လာရောက်လှူဒါန်းတာပါ"ဟု ပြောသည်။



မီးလောင်မှုဖြစ်ပွားနေစဉ်အချိန်တွင် မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများကြောင့် ဆေးရုံသို့လာရောက်၍ ဆေးဝါးကုသမှုခံယူသူ ၃၈ ဦးရှိကြောင်း၊ ယင်းတို့အနက် ယနေ့တွင် လေးဦးသာ ဆေးရုံတွင်ကျန်ရှိတော့ကြောင်း၊ အဆိုပါ ကျန်ရှိသူများမှာလည်း မီးခိုးမွန်မှုကြောင့် အဆိပ်သင့်သည့် လက္ခဏာမျိုး မရှိတော့သော်လည်း နှလုံး၊ သွေးတိုး၊ ပန်းနာရင်ကျပ် စသည့် မူလရောဂါအခံများကို ဆက်လက်ကုသပေးနေခြင်းဖြစ်ကြောင်း၊ လက်ရှိကာလတွင် မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးမွန်မှုကြောင့် ဆေးရုံသို့ လာရောက်၍ ဆေးကုသသည့်လူနာမရှိတော့ကြောင်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံမှ သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ လေထုတိုင်းတာမှုများ ပြုလုပ်ခဲ့သည့်အပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "မီးလောင်ပြင်ထဲမှာ ထိုင်းနိုင်ငံက ပညာရှင်အဖွဲ့တွေနဲ့အတူ လေထုညစ်ညမ်းမှုကိုတိုင်းတာခဲ့ပါတယ်၊ $H_2S$ ၊ $NH_3$ ၊ HCN ၊ $NO_2$ တို့ကို တိုင်းတဲ့အခါမှာ သာမန်ပဲရှိပါတယ်၊ ဒါကြောင့် မီးလောင်မှုနဲ့ အနီးဆုံးရပ်ကွက်တွေမှာ မတိုင်းတော့ဘဲ အပေါ်ဘက်မှာရှိတဲ့ ထန်းတပင် (ထိန်ကုန်း) မှာသွားရောက်တိုင်းတာခဲ့ပါတယ်၊ အဲဒီမှာလည်း လေထုဟာ သူ့ရဲ့စံချိန်စံညွှန်းအတိုင်း ရှိနေပါတယ်၊ အောက်ဆီဂျင်ပါဝင်မှုလည်း ကောင်းမွန်ပါတယ်၊ ဒါ့ကြောင့် ဒီအမှိုက်ပုံကနေပြီး အဆိပ်သင့်တဲ့ အငွေ့တွေ မထွက်ဘူးလို့ သတ်မှတ်လို့ရပါတယ်"ဟု ပြောသည်။

မီးလောင်မှုဖြစ်စဉ်တွင် ပါဝင်ငြိမ်းသတ်ခဲ့ကြသည့် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို တပ်မတော်အနေဖြင့် ကျန်းမာရေးစစ်ဆေးမှုများကို မေ ၃ ရက်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးမှုများကို တပ်မတော်စစ်ဆေးရုံတွင် ပြုလုပ်သွားမည်ဖြစ်ပြီး လိုအပ်ပါက အဆိုပါဆေးရုံတွင်တက်ရောက်ကုသနိုင်ရန်အထိ တပ်မတော်ဘက်မှ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောသည်။

အဆိုပါ မီးလောင်မှုကို အပြီးသတ် ငြိမ်းသတ်ရာတွင် ရေဖြင့် အဓိကပက်ဖျန်းကာ ငြိမ်းသတ်ခဲ့ပြီး လိုအပ်သည့်နေရာများတွင်သာ Bio Foam (အမြှုပ်ဆေးရည်)ကို အသုံးပြုငြိမ်းသတ်ခဲ့သည်။ ထိုသို့ငြိမ်းသတ်ရာတွင် မီးငြိမ်းသတ်မှု အင်အား ၉၀၀ ကျော်တို့၏ အလှည့်ကျဆောင်ရွက်မှုနှင့်အတူ မီးငြိမ်းသတ်ယာဉ်၊ အထောက်အကူပြုယာဉ်၊ ရေသယ်ယာဉ်စုစုပေါင်း ၃၈၀၊ ရေတင်စက် ၄၀ ၊ ဘက်ဟိုးယာဉ် ကိုးစီးတို့ဖြင့် တစ်ရက်လျှင် ရေဂါလန် တစ်သန်းခန့်ကို အသုံးပြုကာ ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးတွင် မြန်မာအသင်း ကမ္ဘောဒီးယားကို ရှုံးနိမ့်

**ဘရူနိုင်း မေ ၂**

၂၀၁၈ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညပိုင်းက ဘရူနိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ ယင်းပွဲကို မူလက မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ည ၈ နာရီ မိနစ် ၂၀ မှ စတင်ယှဉ်ပြိုင်နိုင်ခဲ့သည်။

မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုသုံးပွဲတွင် ရှုံးပွဲမရှိဘဲ နှစ်ပွဲနိုင်၊ တစ်ပွဲသရေကစားနိုင်ခဲ့သော်လည်း ယခုပွဲတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ရှုံးနိမ့်ခဲ့ရသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ရောက် လေးသင်းအနက် အတောင့်တင်းဆုံးအသင်းအဖြစ် သတ်မှတ်ခံခဲ့ရသော်လည်း ဗိုလ်လုပွဲတက်ရန် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။

မြန်မာ ယူ-၂၁ အသင်းသည် ပုံမှန်ပွဲထွက်နေသည့် ကစားသမားအများစုဖြင့် ဆက်လက်ပွဲထွက်ခဲ့ပြီး တိုက်စစ်တွင် ဝင်းနိုင်ထွန်းနှင့် ပြည့်စုံနိုင်တို့ကို တွဲပေးခဲ့သည်။ မြန်မာ ယူ-၂၁ အသင်းသည် ခံစစ်အမှားများခဲ့ပြီး မိနစ် ၃၀ အတွင်း နှစ်ဂိုးပေးခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းအတွက် ဂိုးများကို တိုက်စစ်မှူး ကာကာဒါ တစ်ဦးတည်းက ၁၂၊ ၃၀ မိနစ်တွင် သွင်းယူခဲ့သည်။ မြန်မာအသင်းသည် နှစ်ဂိုး ပေးလိုက်ရသောကြောင့် ကစားပုံပျက်သွားပြီး ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ မိနစ် ၄၀ တွင် ကမ္ဘောဒီးယား နောက်ခံလူ ဗီဆယ်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့သည်။ မြန်မာအသင်းသည် ချေပဂိုးပြန်ရရန် ဒုတိယပိုင်းတွင် အောင်ကောင်းမာန်၊ ဇင်မင်းထွန်းတို့ကိုထည့်ကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ကမ္ဘောဒီးယား နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ကမ္ဘောဒီးယားအသင်းသည် မြန်မာတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သလို တိုက်စစ်ကလည်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

အခြားဆီမီးဖိုင်နယ်ပွဲတွင် တီမောအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ တီမောနှင့် ကမ္ဘောဒီးယားအသင်းတို့၏ ဗိုလ်လုပွဲကို မေ ၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် စင်ကာပူအသင်းသည် ပူးတွဲတတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

**ရဲရင့်ရှိုင်း**

# မြေပုံမြို့နယ် တောင်ပေါ်စခန်း (IDP) အား ပိတ်သိမ်း၍ အိမ်ထောင်စုအချို့ နေအိမ်သစ်များသို့ ပြောင်းရွှေ့နေထိုင်

**စစ်တွေ မေ ၂**
ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသည် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

မြေပုံမြို့နယ် တောင်ပေါ်စခန်းအား ပိတ်သိမ်းနိုင်ရေး ပထမအဆင့်အနေဖြင့် နေအိမ်အလုံး ၅၀ ဆောက်လုပ်ပြီးစီးပြီဖြစ်သည့်အတွက် အိမ်ထောင်စုအချို့မှာ နေအိမ်သစ်များသို့ ပြောင်းရွှေ့နေထိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စခန်းပိတ်သိမ်းရေးလုပ်ငန်းများကို ညှိနှိုင်းကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်သည် ယနေ့တွင် အဆိုပါစခန်းသို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့် စခန်းအတွင်းနေထိုင်သူများအား သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါစခန်းတွင် မိသားစု ၆၄၂ စု၊ လူဦးရေ ၃၀၆၇ ဦးရှိကာ နေအိမ်အသစ်များအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံချက်ဖြင့် ဆောက်လုပ်ပေးခြင်းဖြစ်ပြီး ရေထွက်မြောင်း၊ ရေအိမ်၊ လမ်းများနှင့် သောက်သုံးရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နေအိမ်များကိုလည်း ဆက်လက်ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မျိုးမြင့်၊ ဟန်လင်းနိုင်**



# လူသုံးကုန်နှင့်အလှကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း



**နေပြည်တော် မေ ၂**
ရိုးရာလက်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ပျဉ်းမနားမြို့နယ် ကျွန်းကုန်းကျေးရွာ ကျေးရွာသစ်စီမံကိန်းကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၃၀ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ကျွန်းကုန်းကျေးရွာ (SMU)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက အဆိုပါသင်တန်းအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ ကို ဧပြီ ၂၄ ရက်မှ စတင်၍ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းတွင် လူသုံးကုန်နှင့် အလှကုန်တို့တွင် အသုံးပြုနိုင်သည့် ဓာတုဗေဒပစ္စည်းများအကြောင်း၊ အဝတ်လျှော်ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ လက်ဆေးဆပ်ပြာဆီ၊ ဆပ်ပြာခရင်မ်၊ Green Tea Shampoo၊ ကျောက်ပြားနှင့် ကြွေပြားသန့်စင်ဆေးရည်၊ အနံ့ဆိုးပျောက်ဆေးရည်၊ မှန်ကြည်ဆေးရည် စသည့် လူသုံးကုန်နှင့် အလှကုန် ထုတ်လုပ်မှုနည်းပညာများကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

"ဒီလုပ်ငန်းတွေကို စိတ်ပါဝင်စားတဲ့သူတွေကိုပဲ တက်ခိုင်းတာပါ၊ နည်းပြဆရာတွေအနေနဲ့ စာတွေ့လက်တွေ့သင်ကြားပေးတာဆိုတော့ ကိုယ်တိုင်ထုတ်လုပ်နိုင်သွားတာပါ၊ ကိုယ်တိုင်သုံးဖို့ ထုတ်လုပ်မယ့်သူရှိသလို အသေးစားစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် အဖွဲ့အစည်းနဲ့ ထုတ်လုပ်မယ့်သူတွေလည်း ရှိပါတယ်၊ နောက်ထပ်လည်း အခုလိုသင်တန်းမျိုး ဖွင့်လှစ်နိုင်အောင် ပြင်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဦးမှာပါ" ဟု ကျေးရွာသစ်စီမံကိန်းကော်မတီအတွင်းရေးမှူး ဦးရဲမြင့်က ပြောသည်။

**သန့်မောင်**


# လှိုင်သာယာအမှိုက်ပုံမီးလောင်မှု နောက်ဆုံးအဆင့်ပြီးပါက Level-1 အဆင့် သတ်မှတ်ထားရှိမည်

**ရန်ကုန် မေ ၂**
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်မှုကို ဧပြီ ၂၉ ရက်မှစ၍ A ဇုန်၊ B ဇုန်၊ C ဇုန်၊ D ဇုန် စသည်ဖြင့် ဇုန်လေးဇုန်သတ်မှတ်၍ မီးငြိမ်းသတ်လျက်ရှိရာ ယနေ့နံနက် ၆ နာရီမှစ၍နောက်ဆုံး Target ဖြစ်သည့် D ဇုန်ကို မီးငြိမ်းသတ်ခဲ့ပြီး နောက်ရက်တွင် Level-1 အဆင့် သတ်မှတ်ထားရှိကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောသည်။

"ရည်မှန်းချက်ပေးထားတာက ဒီနေ့နောက်ဆုံးရက်ဆိုတဲ့အတိုင်း ညကတည်းက တပ်မတော်အဖွဲ့နဲ့အစည်းအဝေးလုပ်ပါတယ်၊ တပ်မတော်က အင်အား ၁၆၀ ကနေ နောက်ထပ်အင်အား ငါးဆယ် ထပ်တိုးအားဖြည့်ပေးတယ်၊ ကျွန်တော်တို့ သတ်မှတ်ထားတဲ့အတိုင်း အားလုံးအပြတ်ဖြတ်ပါမယ်၊ ဖြတ်ပြီးတဲ့အချိန်ကျရင် ဟိုငွေ့ငွေ့ ဒီငွေ့ငွေ့နဲ့ အနည်းငယ်ကျန်တာတွေကို ငြိမ်းသတ်ဖို့ နောက်ရက်ကစပြီး Level-1 သတ်မှတ်ကာ နောက်ကျန်အဖွဲ့ကို ထားရှိခဲ့မှာဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောသည်။

ယင်းကဲ့သို့ နောက်ကျန်အဖွဲ့ထားရှိရာတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ Level-1 အနေဖြင့် မီးငြိမ်းသတ်ယာဉ် ၁၀ စီးနှင့် တပ်ဖွဲ့ဝင်အင်အား ၄၀ တို့ကိုလည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ ရေသယ်ယာဉ်ခြောက်စီးနှင့် ဝန်ထမ်းအင်အား ငါးဆယ်တို့ကိုလည်းကောင်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ကန်လှမှာနေပါတယ်၊ ကျွန်တော့်မှာ မိသားစုငါးယောက်ရှိတယ်၊ ကျွန်တော်က အကြီးဆုံးသားပါ၊ ဒီအမှိုက်ပုံမှာ ဒန်တွေ လိုက်ကောက်တာ တစ်နေ့တစ်သောင်းကျော်လောက်ရတယ်၊ ကျွန်တော်ကတစ်ထောင်၊ နှစ်ထောင်လောက်ပဲယူတယ်၊ ကျန်တာ အိမ်ကို အကုန်ပြန်ပေးပါတယ်၊ အရင်ရက်တွေက နည်းနည်းနက်တဲ့ နေရာတွေမှာ လိုက်ကောက်ရင် မီးခိုးတွေများလို့ အသက်ရှူကျပ်တယ်၊ အခုမီးခိုးတွေ နည်းသွားလို့ ဘာမှမဖြစ်တော့ဘူး" ဟု အသက် ၁၄ နှစ်ခန့်အရွယ် မောင်ထွန်းလင်းနိုင်က ပြောသည်။



အဆိုပါ အမှိုက်ပုံမီးငြိမ်းသတ်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အဖွဲ့စုံပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအစည်းအဝေးများကို နေ့စဉ်နံနက် ၈ နာရီတွင် ထိန်ပင်ဆီပန့်ခန်းမ၌ ပုံမှန်ကျင်းပကြောင်း သိရသည်။

ယနေ့ ပြုလုပ်သည့်အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ အင်ဂျင်နီယာ (လမ်းနှင့်တံတား)ဌာန၊ အင်ဂျင်နီယာ(ရေနှင့်သန့်ရှင်းရေး)ဌာန တပ်မတော်မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်၊ အေးမင်းသူ**

# ကော့ကရိတ်-မြဝတီလမ်းပိုင်းတွင် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွား

**သယ်န်းညီနောင် မေ ၂**

ကော့ကရိတ်မြို့ဘက်မှမြဝတီမြို့သို့ မောင်းနှင်လာသော မန်းရွှေမြို့တော် Express ယာဉ်တစ်စီး ကော့ကရိတ်-မြဝတီလမ်းပိုင်း ဒေသအခေါ် ကွမ်းခြံကုန်းကွေ့တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သယ်န်းညီနောင် နယ်မြေရဲစခန်းမှ သိရသည်။

မေ ၂ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်က ကော့ကရိတ်ဘက်မှ မောင်းနှင်လာသော Express ယာဉ်တစ်စီး သယ်န်းညီနောင်နယ်မြေရဲစခန်း အပိုင် ကွမ်းခြံကုန်းကွေ့တွင် တိမ်းမှောက်နေကြောင်း သတင်းအရ သယ်န်းညီနောင်နယ်မြေရဲစခန်းက အခင်းဖြစ်ရပ်အား သွားရောက်စစ်ဆေးခဲ့ရာ ယာဉ်မောင်း ထက်အောင်(၂၆)နှစ် စော်ဘွားရပ်ကွက် (၅)လမ်း တမူးမြို့နေသူ မောင်းနှင်လာပြီး ရွှေထူး(၂၈)နှစ် ယာဉ်နောက်လိုက် မြေနီကုန်းကားဝင်း မော်လမြိုင်မြို့နေသူနှင့် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၁ ဦး လိုက်ပါလာသော YGN 4N---- မန်းရွှေမြို့တော် Express ယာဉ်သည် အခင်းဖြစ်နေရာအရောက်တွင် ယာဉ်ဘရိတ်အုပ်စဉ် မိုးရွာသွန်းမှုကြောင့် လမ်းချော်ပြီး လမ်းယာဘက်ခြမ်းသို့ ဦးပြန်လည်ကာ ထိုးကျသွားခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ခရီးသည်တို့တွင် ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သယ်န်းညီနောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**





# မိုးကောင်းမြို့နယ်တွင် မြစ်ကြီးနား-မန္တလေး အမြန်ရထားနှင့် ကုန်တင်ကားတိုက်မိ

**မိုးကောင်း မေ ၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမှော်ကျေးရွာတွင် မေ ၁ ရက် ညနေ ၆ နာရီ ၄၅ မိနစ်က မီးရထားသံလမ်းကူးကို ဖြတ်ကျော်မောင်းနှင်လာသည့် ကုန်တင်ကားနှင့် အမှတ်(၅၈)အစုန် မြစ်ကြီးနား-မန္တလေး အမြန်ရထား တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမှ ထွက်ခွာလာသည့် အမှတ်(၅၈)အစုန် မြစ်ကြီးနား- မန္တလေး အမြန်ရထားသည် ဆားမှော်ဘူတာမှ တောင်နီဘူတာဘက်သို့အထွက် တရားမဝင် မီးရထားသံလမ်းကူးနေရာအရောက်တွင် မြစ်ကြီးနားမြို့ ကြက်ပေါင်ခြံရပ်ကွက်နေ ယာဉ်မောင်း ဦးဇော်နိုင်လင်း(၃၁)နှစ် မောင်းနှင်လာသည့် ၁၂ ဘီးကုန်တင်ယာဉ်(ကုန်မပါ)နှင့် တိုက်မိခဲ့သဖြင့် မော်တော်ယာဉ်၏ ယာဘက်ဘီးအပေါ် ဘက်ချိုင့်၊ နောက်ဘီးဝင်ရိုးကောက်ကာ နောက်ဘန်ဘာပြုတ်ထွက်ပျက်စီးပြီး မီးရထားစက်ခေါင်းအနည်းငယ် ပျက်စီးခဲ့သည်။

ဖြစ်စဉ်ကြောင့် မီးရထားစီးခရီးသည်များနှင့် မော်တော်ယာဉ်မောင်းနှင်သူ ထိခိုက်ဒဏ်ရာမရရှိသော်လည်း မီးရထားမှာ တစ်နာရီခန့် ရပ်တန့်ထားရကာ ည ၇ နာရီ ၄၅ မိနစ်တွင် မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်းနှင့် ယာဉ်မောင်း ဇော်နိုင်လင်းအား မိုးကောင်းမြို့မရဲစခန်းတွင် မီးရထားပို့ဆောင်ရေးအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



**ရန်ကုန်မြို့ လှည်းကူးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေ၊ ဒါးပိန်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးသက်ထွန်းတို့ ဧပြီ ၂၉ ရက်က လှည်းကူးမြို့နယ် ဘိုးရင်ကလေးကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာတွင် ကျေးရွာသူ ကျေးရွာသား ၇၀ ကို မူခင်းပညာပေးဟောပြောခြင်း၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး ပညာပေးဟောပြောခြင်းများ ဆောင်ရွက်စဉ်။** ကြေးမုံ

# တိုက်ကြီးမြို့ပေါ်တွင် ညဘက် စက်ဘီးစီး အမျိုးသမီး လုယက်ခံရ

**တိုက်ကြီး မေ ၂**

တိုက်ကြီးမြို့ပေါ်တွင် ညဘက် စက်ဘီးစီးသွားနေသော အမျိုးသမီးများ၏ လက်ကိုင်အိတ်၊ တယ်လီဖုန်းများကို ဆိုင်ကယ်စီး အမျိုးသားနှစ်ဦးက လုယက်မှုဖြစ်ပွားကြောင်း ရှမ်းစုရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

ရှမ်းစုရပ်ကွက် ရှမ်းဘက် (၁) လမ်းတွင် မေ ၁ ရက် ည ၈ နာရီခွဲက ယင်းလမ်းတွင်နေထိုင်သူ ကျောင်းဆရာမ ဒေါ်မေမာချိုသည် စက်ဘီးဖြင့် မြို့ထဲမှ ပြန်လာစဉ် မိမိအိမ်ရှေ့အရောက်တွင် ဆိုင်ကယ်တစ်စီးဖြင့် လူငယ်နှစ်ဦးက စက်ဘီးရှေ့မှ ပိုက်ဆံအိတ်အား လုယက်စဉ် ဒေါ်မေမာချိုက အော်ဟစ်အကူအညီတောင်းသည့်အတွက် ၎င်း၏ အစ်ကိုနှင့်အစ်မ အပါအဝင် လမ်းသူ လမ်းသားများ ထွက်လာပြီး ဝိုင်းဝန်းဖမ်းဆီးရာ အစ်ကိုဖြစ်သူက လုယက်သူ လူငယ်ကို ဖက်ထားပြီး ဖမ်းဆီးသဖြင့် ဆိုင်ကယ်လဲကျ၍ ဆိုင်ကယ်နှင့် ဖိနပ်ကျန်ခဲ့ကာ ထွက်ပြေးသွားခဲ့သည်။

"လူငယ်နှစ်ဦးက လုတဲ့အိမ်နဲ့ မျက်နှာချင်းဆိုင်အိမ်ရှေ့ လမ်းဘက်ခုံတန်းမှာ ထိုင်နေတာ၊ ဆရာမလည်း အိမ်ရှေ့တံခါးရောက်တော့ ဆိုင်ကယ်စီးလာပြီး ပိုက်ဆံအိတ်လုတာပါ၊ ဆရာမက ပိုက်ဆံအိတ်လုလို့ အော်ဟစ်အကူအညီတောင်းတော့ လမ်းသူ လမ်းသားတွေက ထွက်ဖမ်းတာ အမျိုးသမီးတွေဆိုတော့ ဖမ်းဖို့ အခက်အခဲရှိတာပေါ့၊ အခုလို လုတာ မကြာခဏ ဖြစ်ပါတယ်၊ ဖုန်း၊ ပိုက်ဆံအိတ်ကို ဆိုင်ကယ်ကျော်တက်ပြီး လုယူတာပါ" ဟု ရပ်ကွက်နေထိုင်သူတစ်ဦးက ပြောသည်။

"အုပ်ချုပ်ရေးအဖွဲ့တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ ကင်းပုန်းဝပ်တယ်၊ ခက်တာက ဒီဘက်ဝပ်ရင် ဟိုဘက်လမ်း လူပြတ်တဲ့ နေရာလုတယ်၊ ကြိုးကြား ကြိုးကြား ဆိုင်ကယ်နဲ့ လုတာကတော့ ရှိခဲ့ပါတယ်၊ စက်ဘီးစီးတဲ့သူတွေကလည်း လက်ကိုင်အိတ်ကို လွယ်လွယ်မကိုင်ဘဲနဲ့ သတိထားဖို့ လိုပါတယ်၊ ခဏခဏဆိုတော့ သတိထားကြဖို့ လိုပါလိမ့်မယ်"ဟု ရှမ်းစုရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ပြောသည်။

ကျန်ခဲ့သော ဆိုင်ကယ်နှင့် ဖိနပ်ကို အုပ်ချုပ်ရေးမှူးထံ အပ်ထားပြီး လုယက်သူအား ဖော်ထုတ်နိုင်ရေး ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ထွန်းလှိုင်(မြိုင်)**

# ပုဏ္ဏားကျွန်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**

မေယု(၂) စစ်ဆင်ရေးအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက်နံနက် ၆ နာရီခွဲက ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက် မြို့ပတ် (၂) လမ်း လိပ်ကုန်းပြင်နေ လှမောင်(ခ)ထွန်းဝင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပုဏ္ဏားကျွန်းမြို့သို့ စက်လှေဖြင့် ရောက်ရှိလာသည့် စစ်တွေမြို့နေ မောင်ဖြူသီးနှင့် ဆန်းဝင်းမောင်တို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၇၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁၂)ရပ်ကွက် နယ်မြေ(၁၆) ရှမ်းခိုလောင်းလမ်းနေ တာပုန်(ခ)တာဆန်း၏ နေအိမ်ကို ရှာဖွေရာ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ခမ်းပါတ်မြို့ တွီဗန်ကျေးရွာအဝင်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တမူး မေ ၂**

တမူးခရိုင် ခမ်းပါတ်မြို့ တွီဗန်ကျေးရွာအဝင်၌ မေ ၁ ရက်က မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တမူးမြို့နယ် မူးယစ်တပ်ဖွဲ့စု (၇)တမူးမှ တပ်ဖွဲ့ဝင်များသည် မေ ၁ ရက် ညနေ ၅ နာရီခွဲခန့်က မူးယစ်ဆေးဝါးသတင်းအရ တမူးခရိုင် ခမ်းပါတ်မြို့ တွီဗန်ကျေးရွာအဝင်တွင် တမူးမြို့မှ ကလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ ကလေးမြို့နယ် ကြံစစ်ကုန်းကျေးရွာနေ အောင်ကြည်လင်းနှင့် (၅၅)မိုင်ကျေးရွာနေ အောင်ကျော်စိုးတို့ နှစ်ဦးထံမှ ဘိန်းဖြူ ခုနစ်ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၅-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | "သဘာဝသယံဇာတရဲ့ လက်ဆောင်မွန် မွန်ပြည်နယ်ရဲ့ ကျောက်သင်ပုန်း" |
| ၈း၂၀ | "(၁၇)ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံဖွင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" |
| ၁၀း၃၅ | နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ရှမ်းပြည်နယ်-တောင်ကြီး) |
| ၁၁း၀၅ | "နာဂစ်လွန်ပြန်လည်ထူထောင်ရေးမှသည် ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင် စွမ်းရှိသည့်ပြည်သူလူထု ဖြစ်ပေါ်လာစေရေးဆီသို့" |
| ၁၁း၁၅ | အလုပ်သမားရေးရာ အစီအစဉ် |
| ၁၁း၄၀ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၁၁း၅၀ | ASEAN Spotlight (Part-25) |
| ၁၂း၂၀ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၇) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ) |
| ၁၃း၁၅ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Lebel-1)(ဘားအံမြို့) (ဒုတိယပိုင်း) |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တရားရှင်နှင့်ဓားဘုရင်" (မိုးနတ်မင်းရဲ့ဒေါသမာန်) (အပိုင်း-၃) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၁၁) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ရင်နှစ်ပန်းတို့လန်းစေချင်" |
| ၁၇း၀၅ | NHK အစီအစဉ် "Mathematica" (Think Big) (မြင့်မြင့်မားမား စဉ်းစားတွေးခေါ်ကြ) |
| ၁၇း၂၀ | "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၀) |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၁၈) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ (ကချင်ပြည်နယ်-မြစ်ကြီးနား) -America's Got Talent -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၂၉) -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ-ဆွေဇင်ထိုက်) - အစီအစဉ်ပြီး၏။ |

# ဘိုင်ယန်မြူးနစ်နှင့်ပွဲစဉ်တွင် ဘောလုံးကို လက်ဖြင့်ထိခဲ့ခြင်းကို မာဆယ်လို တုံ့ပြန်

ရီးယဲလ်နောက်ခံလူ မာဆယ်လိုက ဘိုင်ယန်နဲ့ပွဲစဉ်မှာ ဘောလုံးကို လက်နဲ့ထိခဲ့ပေမယ့် ဘိုင်ယန်အသင်း ပင်နယ်တီရရှိခြင်းမရှိခဲ့တာက ဒိုင်ရဲ့ဆုံးဖြတ်ချက်သက်သက်သာဖြစ်ပြီး သူ့အနေနဲ့ ဒိုင်ကိုလွှမ်းမိုးမှုရှိမယ့်စကားမျိုး သွားရောက်ပြောဆိုခဲ့ခြင်း မရှိကြောင်း တုံ့ပြန်လိုက်ပါတယ်။

မာဆယ်လိုက "ကောင်းပါပြီ၊ ဘောလုံးက ကျွန်တော့်လက်ကိုထိခဲ့တယ်၊ ဒါဆို ကျွန်တော်ပြောမယ်၊ ဒါပေမယ့် ဒီလူတွေအားလုံးလည်းပဲ သိတယ်၊ ကျွန်တော် ဒိုင်ကို တစ်ခွန်းမှသွားမပြောခဲ့ဘူးဆိုတာ၊ ကျွန်တော်တို့အသင်းဘက်ကိုလည်း ဒိုင်က အခွင့်အရေးမပေးခဲ့တာတွေ အကြိမ်ကြိမ်လုပ်ဆောင်ခဲ့တာပဲလေဗျာ၊ ကစားသမားတွေအများကြီးက သူမြင်ကွင်းရှေ့မှာရှိနေတော့ ဒိုင်ဘက်ကလည်း လုပ်ရကိုင်ရခက်မှာပါ၊ ဒါပေမယ့် ကျွန်တော်က သူ့ဆီသွားပြီး ကျွန်တော့်လက်နဲ့ ဘောလုံးမထိခဲ့ဘူးလို့ သွားပြောမယ်ဆို ကျွန်တော် လိမ်ရာကျမှာပါ"လို့ တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ခဲ့ကြတဲ့ ချန်ပီယံလိဂ်ပွဲစဉ်အတွင်း ရီးယဲလ်နောက်ခံလူ မာဆယ်လိုဟာ ဘိုင်ယန်နောက်ခံလူ ကင်မစ်ချ်ရဲ့ ဘောလုံးဖြတ်တင်ပေးပို့မှုကို တားဆီးရင်း ဘောလုံးနဲ့လက်ထိခဲ့တာဖြစ်ပြီး ဒီလက်ထိဘောကို ပင်နယ်တီကန်ခွင့်ပေးမယ်ဆိုရင် ဘိုင်ယန်အသင်း ဖိုင်လ်လုပွဲအဆင့်အထိ တက်ရောက်နိုင်မယ်လို့ ဘိုင်ယန်အသင်းဘက်က ယုံကြည်ထားတာပါ။ ဘိုင်ယန်မြူးနစ်အသင်းဟာ ရီးယဲလ်ကို အိမ်ကွင်းမှာ အရေးနိမ့်ခဲ့ပေမယ့် ရီးယဲလ်ရဲ့ ဘာနေဗျူးကွင်းမှာ နှစ်ဂိုးစီသရေကစားနိုင်ခဲ့ပြီး ဒီလက်ထိဘောသာ ပင်နယ်တီအဖြစ် ကန်ခွင့်ရမယ်ဆို အဝေးဂိုးစည်းမျဉ်းအရ ဘိုင်ယန်အသင်း ဖိုင်လ်လုပွဲဆီတက်ရောက်နိုင်ဖို့ အခွင့်အရေးတစ်ရပ်ဖြစ်လာနိုင်ပါတယ်။

ရီးယဲလ်ကတော့ ယခုပွဲမှာ သရေကျခဲ့ပေမယ့် နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-သုံးဂိုးနဲ့ ဖိုင်လ်လုပွဲဆီအရောက်တက်လှမ်းပြီး သုံးကြိမ်ဆက်ချန်ပီယံလိဂ်ဖလားကို ရယူနိုင်မလား စိတ်ဝင်စားစရာကောင်းပါတယ်။

မေလဲ့သင်း - ရေးသားသည်





## ဒါလေဘလင်နှင့် ဒါမီယန်တို့နှစ်ဦး နွေဈေးကွက်အတွင်း မန်ယူမှ ထွက်ခွာမည်

နောက်ခံလူနှစ်ဦးဖြစ်သည့် ဒါလေဘလင်နှင့် ဒါမီယန်တို့နှစ်ဦးစလုံးမှာ မန်ယူအသင်း လာမည့်ရာသီတွင် ဝတ်ဆင်မည့် ဝတ်စုံသစ်အတွက် ဓာတ်ပုံရိုက်ကူးရာတွင် ပါဝင်ခြင်းမရှိခဲ့သဖြင့် သူတို့နှစ်ဦးစလုံး လာမည့်နွေဈေးကွက်အတွင်း မန်ယူအသင်းမှထွက်ခွာရန် သေချာနေပြီဖြစ်ကြောင်း သုံးသပ်မှုများ ရှိလာပြီဖြစ်သည်။ မန်ယူနည်းပြ မော်ရင်ဟိုက နွေဈေးကွက်အတွင်း ဗဟိုနောက်ခံလူနှစ်ဦးကို ထပ်မံခေါ်ယူမည်ဖြစ်ပြီး အဆိုပါကစားသမားနှစ်ဦးစလုံးကို ပေါင် ၁၅ သန်းဝန်းကျင်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

ဒါမီယန်ကို ဂျူဗင်တပ်အသင်းက ခေါ်ယူရန် မန်ယူဘက်မှ အလုံးစုံသဘောတူညီမှုပြုခဲ့ပြီဖြစ်သလို ဒါလေဘလင်းကိုလည်း ရိုးမားအသင်းက ခေါ်ယူမည်ဖြစ်ကြောင်း သတင်းအတိအကျထွက်နေခဲ့ပြီးဖြစ်သည်။ ဘလင်းက မန်ယူတွင် ကိုးလကြာ ပွဲထွက်ခွင့်မရခဲ့ပြီးနောက် မန်ယူတွင် ရရှိနေသည့် လက်ရှိလုပ်ခလစာထက် လျှော့ယူပြီး ရိုးမားကို ပြောင်းရွှေ့မည်ဖြစ်သည်။ မော်ရင်ဟိုက သူတို့နှစ်ဦးနေရာတွင် အဲလက်စ်ဆန်ဒရို၊ ဆက်ဆန်နွန်နှင့် ဒန်နီရို့စ်တို့ကို ပြန်လည်ခေါ်ယူရန်ပြင်ဆင်ထားပြီး ဖြစ်သည်။

# ရှုံးပွဲမရှိ စံချိန်ကို ဆက်ထိန်းသွားမယ့် ဘာစီလိုနာ

### ၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၃၆

လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ် ၃၆ ကို လာမယ့်မေ ၅၊ ၆၊ ၇၊ ၈ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ အယ်ကလက်စီကိုပွဲဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးယဲလ်တို့ ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ အထူးသဖြင့် ဘာစီလိုနာတို့ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်ပါ့မလား စောင့်ကြည့်ရမယ်။

### ဆီဗီလာ - ဆိုစီဒက်စ် နံနက် ၁း၃၀ (၅-၅-၁၈)

ဆီဗီလာအနေနဲ့ လီဗန်တေးကို ထပ်မံအရေးနိမ့်ခဲ့ရတာကြောင့် ဥရောပဝင်ခွင့်ရဖို့ ပိုမိုရုန်းကန်ရတော့မှာဖြစ်သလို ထပ်မံအရေးနိမ့်လို့လည်း မရနိုင်တော့ပါဘူး။ ဒါကြောင့်လည်း ဆီဗီလာတို့ အိမ်ကွင်းပွဲဖြစ်တဲ့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဆိုစီဒက်စ်ကတော့ ခြေစွမ်းမဆိုးပေမယ့် အဝေးကွင်းမှာစွမ်းဆောင်ရည်ကျဆင်းတတ်ပါတယ်။ ဆီဗီလာတို့ ဒီပွဲမှာ နိုင်ပွဲပြန်ရမှာပါ။

### ဂျီရိုနာ - အီဘား ည ၅း၃၀ (၅-၅-၁၈)

ဂျီရိုနာက အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့် ဥရောပဝင်ခွင့်ရဖို့ မျှော်လင့်ချက်က ခက်ခဲနေပြီဖြစ်သလို ခြေစွမ်းအရလည်း ကျဆင်းနေပါတယ်။ ဒါပေမယ့် အီဘားကလည်း ခြေစွမ်းပိုင်းအားနည်းနေကာ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကျဆင်းတတ်တယ်။ ဒါကြောင့်လည်းဒီပွဲမှာတော့ ဂျီရိုနာတို့အိမ်ကွင်းမှာ ပွဲကိုထိန်းချုပ်ကစားနိုင်ခြေရှိနေကာ နိုင်ပွဲလည်း ကပ်ရနိုင်တယ်။

### ဘီဘာအို-ဘက်တစ် ည ၈း၄၅ (၅-၅-၁၈)

ဘီဘာအိုရဲ့လက်ရှိအခြေအနေက တန်းမဆင်းရဖို့ စိတ်ချရတဲ့အခြေအနေဖြစ်နေသလို ဥရောပဝင်ခွင့်လည်း မျှော်လင့်နိုင်ခြေမရှိတော့တာကြောင့် အားစိုက်ကစားမှုလျော့ကျနေသလို ခြေစွမ်းပိုင်းလည်း ကျဆင်းနေပါတယ်။ ဘက်တစ်ကတော့ ခြေစွမ်းပိုင်းကောင်းနေသလို ဥရောပဝင်ခွင့်အတွက်လည်း အားစိုက်ကစားနေတယ်။ ဒါကြောင့် ဒီပွဲမှာအဝေးကွင်းဖြစ်ပေမယ့် ဘက်တစ်ပဲ နိုင်ပွဲရသွားဖို့ ရှိတယ်။

### ဆဲလ်တာဗီဂို - ဒီပို့တီဗို ည ၁၁း၀၀ (၅-၅-၁၈)

ဆဲလ်တာဗီဂိုအနေနဲ့လည်း လက်ရှိအချိန်မှာ ဥရောပဝင်ခွင့် မျှော်လင့်နိုင်ဖို့ ခက်ခဲနေသလို တန်းဆင်းရမယ့် အခြေအနေလည်း မရှိတော့တာကြောင့် အားစိုက်ကစားမှုလည်း လျော့ကျနေပါတယ်။ ဒီပို့တီဗိုကလည်း တန်းဆင်းခဲ့ရပြီဖြစ်တာကြောင့် အားစိုက်ကစားမှု လျော့ကျသွားနိုင်ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းမှာရလဒ်ပိုင်းကောင်းမွန်ဖို့ အားစိုက်မယ့် ဆဲလ်တာဗီဂိုသာနိုင်ပွဲရမယ်။

### ဗီလာရီးယဲလ် - ဗလင်စီယာ နံနက် ၁း၁၅ (၆-၅-၁၈)

ဗီလာရီးယဲလ်အနေနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရဖို့ အားပြိုင်နေရတာကြောင့် ပွဲတိုင်းကိုအားစိုက်ကစားနေသလို ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်တာကြောင့် ဗီလာရီးယဲလ်တို့နိုင်ပွဲရအောင် ဂရုတစိုက်ကစားလာဖို့ရှိနေပါတယ်။ ဗလင်စီယာရဲ့ အခြေအနေကတော့ ချန်ပီယံလိဂ်ဝင်ခွင့်သေချာသလောက်ရှိနေတာကြောင့် အားစိုက်ကစားမှုလျော့နည်းနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဗီလာရီးယဲလ်တို့အိမ်ကွင်းမှာ နိုင်ပွဲကပ်ရနိုင်တယ်။

### မာလာဂါ - အလာဗက်စ် ညနေ ၄း၃၀ (၆-၅-၁၈)

မာလာဂါက တန်းဆင်းရဖို့သေချာနေပေမယ့်လည်း အခုနောက်ပိုင်းမှာ ရုန်းအားကောင်းမွန်နေပါတယ်။ ဒ့ါအပြင် ဒီပွဲကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် ရလဒ်ကောင်းဖို့အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းကစားပုံလည်း ပိုမိုကောင်းမွန်တတ်ပါတယ်။ အလာဗက်စ်ကတော့ မျှော်လင့်ချက်အတွက် အားစိုက်ကစားရမယ့် အခြေအနေမှာမရှိတော့ပါဘူး။ ဒါကြောင့်လည်းဒီပွဲမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ မာလာဂါတို့ နိုင်ပွဲကပ်ရမယ်။

### အက်သလက်တီကို - အက်စ်ပန်ညို ည ၈း၄၅ (၆-၅-၁၈)

ဒီပွဲမတိုင်ခင်မှာ အက်သလက်တီကိုအနေနဲ့ ယူရိုပါလိဂ်ပွဲအဖြစ် အာဆင်နယ်နဲ့ ရင်ဆိုင်ခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ အက်စ်ပန်ညိုကတော့ တန်းမဆင်းရဖို့အတွက် သေချာသွားပြီဖြစ်တာကြောင့် အားစိုက်ကစားမှုလျော့ကျသွားနိုင်ပါတယ်။ ဒီပွဲက အက်သလက်တီကိုရဲ့ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း ဒုတိယနေရာတည်မြဲဖို့ အားစိုက်လာမယ့် အက်သလက်တီကိုကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိတယ်။ ဂိုးတော့မပြတ်နိုင်ဘူး။

### လက်ပါးမက်စ် - ဂီတာဖေး ည ၁၁း၀၀ (၆-၅-၁၈)

ဂီတာဖေးက ယူရိုပါလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်ချက် အားနည်းနေပေမယ့် နောက်ဆုံးအချိန်အထိ အားစိုက်ကစားဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ ဂီတာဖေးရဲ့ ခြေစွမ်းပိုင်းကလည်းကောင်းမွန်နေပါတယ်။ ဒ့ါအပြင် လက်ပါးမက်စ်ကလည်း တန်းဆင်းရဖို့သေချာမှုရှိနေတဲ့ အသင်းဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းကလည်း အတော်လေးအားနည်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ အဝေးကွင်းဖြစ်ပေမယ့် ဂီတာဖေးကသာ နိုင်ပွဲကပ်ရသွားမယ်လို့ ယူဆမိပါတယ်။

### ဘာစီလိုနာ - ရီးယဲလ် နံနက် ၁း၁၅ (၇-၅-၁၈)

ရီးယဲလ်အနေနဲ့ဒီပွဲမှာ အနိုင်ရခဲ့ရင်တောင်မှ ချန်ပီယံဖြစ်နိုင်တော့မှာမဟုတ်ပါဘူး။ ဒ့ါအပြင်ရီးယဲလ်အနေနဲ့ ဒီပွဲမတိုင်ခင်မှာလည်း ဘိုင်ယန်နဲ့ ချန်ပီယံလိဂ်ပွဲကစားခဲ့ရမှာဖြစ်တာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ ဘာစီလိုနာကတော့ ဒီပွဲမှာ ဖိအားကင်းကင်းနဲ့ ကစားမှာလည်းဖြစ်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့်ဒီပွဲမှာ ဘာစီလိုနာကသာ နိုင်ပွဲရမယ်။

### လီဂါနက် - လီဗန်တေး နံနက် ၁း၃၀ (၈-၅-၁၈)

တန်းတင်ကျန်ရစ်ဖို့သေချာနေပြီဖြစ်ပေမယ့် လီဗန်တေးရဲ့ ကစားအားက ကောင်းမွန်မှုအပြည့်ရှိသလို ဆီဗီလာနဲ့ပွဲအပါအဝင် နောက်ဆုံး သုံးပွဲဆက် အနိုင်ရခဲ့ပါတယ်။ ဒါပေမယ့် လီဗန်တေးဟာ လက်ရှိအချိန်မှာတော့ တန်းမဆင်းရဖို့စိတ်ချရတဲ့ အခြေအနေမျိုးပိုင်ဆိုင်ခဲ့ပြီဖြစ်လို့ အားစိုက်ကစားမှုကတော့ လျော့ကျလာနိုင်ပါတယ်။ ဒ့ါအပြင် လီဂါနက်စ်ကလည်း တန်းမဆင်းရဖို့ စိတ်ချရတဲ့ အခြေအနေမျိုးဖြစ်နေလို့ ထိန်းကစားမှာပါ။ သရေကျသွားဖို့ များပါတယ်။

ရှိုင်းမင်းမင်း

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အဂတိလိုက်စားမှုကို ကင်းစင်ပပျောက်အောင် ဆောင်ရွက်ကြပါစို့

သန်းဖြိုးနိုင်(ကညင်ကျိုး)

ကျွန်ုပ်တို့နိုင်ငံ၏ လူ့အဖွဲ့အစည်းကြီးအတွင်းတွင် အကျင့်ပျက်လာဘ်စားမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ဖြစ်ပေါ်လာခဲ့သည်မှာလွတ်လပ်ရေးရပြီးသည်မှ ယနေ့အချိန်အထိဖြစ်သည်။ နိုင်ငံတော်ကို အုပ်ချုပ်မင်းလုပ်ခဲ့ကြသည့် ယခင်အစိုးရအဆက်ဆက်သာ ပြောင်းလဲသွားသော်လည်း မပြောင်းလဲဘဲ ယနေ့အချိန်အထိ နာတာရှည်ကင်ဆာရောဂါတစ်ရပ်သဖွယ် နှစ်ပေါင်းများစွာ ကုသရန်ခက်ခဲပြီး တွယ်ကပ်ငြိကာ ကျန်ရစ်နေဆဲဖြစ်သည်။

**အဂတိလိုက်စားမှုညွှန်းကိန်းမြင့်တက်နေဆဲ**

ကမ္ဘာ့ဘဏ်၏စောင့်ကြည့်လေ့လာမှုများအရ မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အဂတိလိုက်စားမှုအခြေအနေမှာ နိုင်ငံတကာနှင့် ယှဉ်ကြည့်လျှင် အလွန်မြင့်မားနေသေးကြောင်း ဖော်ပြခဲ့ပြီး အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်နေကြရသည့်ကုမ္ပဏီ ၅၀ ရာခိုင်နှုန်းကျော်သည် သွင်းကုန်လိုင်စင်အတွက် တရားမဝင်ငွေကြေးများ ပေးဆောင်နေကြရပြီး ကုမ္ပဏီ၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းမှာ လုပ်ငန်းလိုင်စင်နှင့် အခွန်ရှောင်လိုမှုအတွက် တရားမဝင်လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်နေကြရကြောင်း စစ်တမ်းများကထောက်ပြထားသည်။ အဆိုပါအဖွဲ့၏ ထပ်မံဖော်ပြချက်တွင်အဂတိလိုက်စားမှုများမှာ စီးပွားရေးလုပ်ငန်းနယ်ပယ်များတွင်သာမဟုတ်ဘဲ တရားစီရင်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍများတွင်ပါ ပိုမိုယှက်နွယ်လာနေကြောင်း ဖော်ပြထားခဲ့ပြန်သည်။

**ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဝင်ရောက်ထား**

ယနေ့အချိန်တွင် ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာကွန်ဗင်းရှင်းတွင် ၁၃၇ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀. ၁၁. ၂၀၁၂ ရက်နေ့တွင် ဝင်ရောက်ထားခဲ့ပြီး အဆိုပါ ကွန်ဗင်းရှင်းကချမှတ်ထားသည့်အချက်များ၊ လိုက်နာရမည့်ကျင့်ဝတ်များကိုသဘောတူလက်မှတ်ရေးထိုးထားခဲ့ကာ ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေရချိန်ဖြစ်သည်။ ထို့အပြင် (EITI)အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပြီး ကုလသမဂ္ဂဆိုင်ရာအဂတိလိုက်စားမှုဆိုင်ရာသဘောတူစာချုပ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးထားရှိပြီး အရှေ့တောင်အာရှနိုင်ငံများ၏ အကျင့်ပျက်ခြစားမှုဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့(SEA-PAC)တွင်လည်း ၁၀ နိုင်ငံမြောက် အသင်းဝင်ထားခဲ့သည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းထားရှိပြီး ကော်မရှင်တစ်ရပ်ဖွဲ့စည်းခဲ့**

၎င်းအပြင် ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးပြီးချိန် ယခင်အစိုးရဟောင်းလက်ထက် ၂၀၁၃ ခုနှစ် ဩဂုတ် ၇ ရက်တွင် ပြည်ထောင်စုလွှတ်တော်ကဥပဒေအမှတ်(၂၃/၂၀၁၃)ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားရှိခဲ့ပြီး အဆိုပါဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း ၂၀၁၄ ခုနှစ် မတ်လတွင် ဖွဲ့စည်းပေးထားခဲ့ပြီးဖြစ်သည်။

ကော်မရှင်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်၊ သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရန်၊ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့်တာဝန်ယူနိုင်မှုမြင့်မားတိုးတက်လာစေရန်၊ နိုင်ငံတော်ပိုင်ပစ္စည်းများနှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို မထိခိုက်ရန်၊ လာဘ်ပေးလာဘ်ယူကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်တို့ဖြစ်သည်ကို တွေ့ရသည်။ ကော်မရှင်၏တာဝန်များမှာ (၁၅)ချက်ရှိနေပြီး ထိုအထဲတွင် အဓိကအချက်များအနေဖြင့် အဂတိလိုက်စားမှုကိစ္စများကို အဓိက စုံစမ်းစစ်ဆေးရန်၊ စစ်ဆေးချက် အစီရင်ခံစာများကို ပြည်ထောင်စု လွှတ်တော်နှင့် နိုင်ငံတော်သမ္မတထံသို့ တင်ပြရန်တို့ ပါဝင်လေသည်။

**အရေးယူခဲ့ရသည့် ဖြစ်စဉ်များရှိခဲ့**

ထိုဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ကော်မရှင်က အကောင်အထည်ဖော်ရာတွင် ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ အဂတိလိုက်စား၍ တရားစွဲဆိုခဲ့သည့်ပုဂ္ဂိုလ် ကိုးဦး၊ နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းဥပဒေနှင့်အညီအရေးယူခဲ့သည့်ဝန်ထမ်း ၁၂၅ ဦးနှင့်အမှုပေါင်း ၃၁ ခုအတွက် အလွဲသုံးစားပြုလုပ်သည့် နိုင်ငံ့ဘဏ္ဍာငွေပေါင်း ကျပ် ၂၀၆၈၅၀၀၀ ကို ပြန်လည်အပ်နှံနိုင်ခဲ့ကြသည်ဟု ၎င်းကော်မရှင်က လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြခဲ့ဖူးသည်။ ယခုဆိုလျှင်အစိုးရသစ်သက်တမ်းသည် နှစ်နှစ်ကျော်တာကာလကို ချင်းနင်းဝင်ရောက်လာခဲ့သည့်တိုင် အဆိုပါ အဂတိလိုက်စားမှုပြဿနာများမှ လုံးဝပပျောက်သွားခြင်းမျိုးမရှိဘဲအချို့နေရာများတွင် ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ကျန်ရစ်နေဆဲဖြစ်သည်ဟုဆိုကြသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်**

ပြီးခဲ့သည့်နှစ် ဇူလိုင် ၁၂ ရက်က နေပြည်တော် MICC2 တွင်ပြုလုပ်သည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာစီမံချက်(CSR-Civil-Service-Reform)အား ထုတ်ပြန်သည့် အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က"စိန်ခေါ်မှုတွေအနက် အဓိကအကျဆုံးကတော့ အဂတိလိုက်စားမှုပဲဖြစ်ပါတယ်။ အဂတိလိုက်စားမှုဟာ တိုင်းတာဖို့ခက်ခဲသလို သတိပြုမိဖို့လည်းခက်ပါတယ်၊ ဒီကိစ္စဟာပြဿနာတစ်ခုအဖြစ်တည်ရှိနေသေးတာကတော့ ယုံမှားသံသယမရှိနိုင်ပါဘူး။ အဂတိလိုက်စားမှုဟာ အယုံအကြည်ရှိမှု၊ ကောင်းမွန်တဲ့ အုပ်ချုပ်မှုနဲ့ ပြည်သူ့ဝန်ထမ်းယန္တရားကြီးတစ်ခုရဲ့ဂုဏ်ရှိမှုတို့ကိုတိုက်စားဖျက်ဆီးပါတယ်"လို့ ပြောကြားသွားခဲ့သည်ကိုလည်း ထူးထူးခြားခြားကြားပြီး ကြမည်ထင်သည်။

> **နိုင်ငံပိုင်သယံဇာတများပြီး စီးပွားရေး အကျိုးအမြတ်ရနိုင်သည့် လုပ်ငန်းများလေလေ အဂတိလိုက်စားမှု ပိုကြီးလေလေ... အဂတိလိုက်စားမှုကြောင့် နိုင်ငံသားများအကြားတွင် ဝင်ငွေမညီမျှမှုကိုဖြစ်ပေါ်စေ... အဂတိလိုက်စားမှု တိုက်ဖျက်ရေးစနစ်တွင် လုပ်ငန်းတာဝန်တိုင်းကို ကြီးကြပ်ခြင်း၊ အပိုင်းလိုက်စစ်ဆေးခြင်း၊ လျှပ်တစ်ပြက်စစ်ဆေးခြင်း၊ အပြန်ပြန်အလှန်လှန် စစ်ဆေးခြင်းတို့သည် အထူးအရေးကြီး...**

**အဂတိလိုက်စားမှုသည် နိုင်ငံတစ်ခုဖွံ့ဖြိုးရေးအတွက် အဓိကအဟန့်အတားဖြစ်**

အမှန်ဆိုရလျှင် အဂတိလိုက်စားမှုပြဿနာသည်နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးနှင့်နိုင်ငံသားများ၏အခွင့်အရေး၊ ရပိုင်ခွင့်များအားထိခိုက်စေသကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးအဖွဲ့အစည်းများစသော လူမှုအသိုင်းအဝိုင်း၌ မလိုလားအပ်သော အရှုပ်အထွေးများကို ဖြစ်ပေါ်စေတတ်လေသည်။ အဂတိလိုက်စားမှုပြဿနာမှာ နိုင်ငံများအားလုံးတွင် အနည်းနှင့်အများရှိသော်လည်း ဝင်ငွေနိမ့်ပါးသောနိုင်ငံများတွင် ပိုမိုပျံ့နှံ့တတ်သည့်သဘောရှိသည်။

ထို့ကြောင့်ပင် မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု ပုံသဏ္ဌာန်အမျိုးမျိုးကိုကြုံတွေ့ခဲ့ရပြီး ကမ္ဘာ့နိုင်ငံများအသိုင်းအဝိုင်းတွင် ဖွံ့ဖြိုးမှု နောက်ကျသောအဆင့်နှင့် အဂတိလိုက်စားမှုနှုန်းတွင် နာမည်ပျက် စာရင်းဝင်နိုင်ငံအဆင့်သို့ ရောက်ရှိသွားစေခဲ့သည်။ အဂတိ လိုက်စားမှုဆိုသည်မှာ အများအကျိုးအတွက် ဆောင်ရွက်ရန်ပေးအပ်ထားသည့်တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုပုဂ္ဂလိကအကျိုးအမြတ်အတွက် အသုံးပြုကြခြင်းပင်ဖြစ်ပြီး တစ်နည်းအားဖြင့် အများပိုင်ရုံးအနေအထားနှင့် ရာထူးအဆင့်အတန်းတို့ကို ကိုယ်ကျိုးစီးပွားအတွက် အသုံးချခြင်းဟု သတ်မှတ်ထားခဲ့ကြသည်။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုက်ရိုက်ထိခိုက်**

တစ်ဖက်ကကြည့်လျှင် အဆိုပါ အဂတိလိုက်စားမှုပြဿနာကြောင့် နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အနုတ်လက္ခဏာဆောင်သော ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့်အပြင် အဂတိလိုက်စားမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို တိုက်ရိုက်ထိခိုက်စေနိုင်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံပိုင်သယံဇာတများပြီး စီးပွားရေးအကျိုးအမြတ်ရနိုင်သည့် လုပ်ငန်းများလေလေ အဂတိလိုက်စားမှု ပိုကြီးလေလေဖြစ်သည်။

အဂတိလိုက်စားမှုကြောင့် နိုင်ငံသားများအကြားတွင် ဝင်ငွေမညီမျှမှုကိုဖြစ်ပေါ်စေပြီး ဆင်းရဲချမ်းသာ ကွာဟမှုကို ကြီးမားစွာဖြစ်ပေါ်စေလေသည်။ ငွေကြေး ဖောင်းပွမှုနှုန်းကို မြင့်တက်စေသည်။ ငွေကြေး ဖောင်းပွခြင်းဖြင့် တင်ဒါလုပ်ငန်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ မြေယာနှင့်စည်ပင်သာယာရေးလုပ်ငန်းများအားလုံး၏ ငှားရမ်းခ၊ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဝယ်ယူစားသုံးမှုများအတွက် တန်ဖိုးကြီးစွာပေးဆောင်ရခြင်း၊ တစ်နည်းအားဖြင့် ကုန်ဈေးနှုန်းကြီးမားခြင်းသည်လည်း အဂတိလိုက်စားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ဟု သုတေသနပြုထားသည့် စာတမ်းများတွင်တွေ့ရသည်။

**အစိုးရဌာနများ၏ဘတ်ဂျက်စနစ် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်**

အဂတိလိုက်စားမှုပြဿနာများ ကင်းရှင်းအောင် ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် အကောက်အခွန်များကို အလေအလွင့်မရှိအောင်ကောက်ခံပြီး ပြည်သူ့ဘဏ္ဍာများကို စနစ်တကျစီမံခန့်ခွဲမှုပြုလုပ်ရန်လိုအပ်လာသည်။ အစိုးရကဆောင်ရွက်သည့်စီမံကိန်းကြီးများ၊ ပြည်သူ့ရေးရာဝန်ဆောင်မှု လုပ်ငန်းများအတွက်သုံးစွဲမည့် ဘတ်ဂျက်များအတွက် ပွင့်လင်းမြင်သာမှုရှိကြရမည်ဖြစ်ပြီး တင်ဒါခေါ်ယူရေးလုပ်ငန်းများတွင် သတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို အစိုးရဘက်မှလိုက်နာနေရုံမျှနှင့် မပြီးဘဲ အများပြည်သူသိအောင်လည်း ထုတ်ပြန်ကြေညာထားပေးကြရသည်။ သို့မှသာ ပြည်သူများက မည်သည်ကမှားနေသည်။ မည်သည်ကလွဲနေသည်။ မည်သို့အဂတိလိုက်စားနေသည်ကို သိရှိကြမည်ဖြစ်သည်။

ထို့အပြင် ပြည်ပမှ စောင့်ကြည့်လေ့လာနေသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းသတင်းမီဒီယာများအတွက် အချက်အလက်များရရှိနိုင်မှု၊ ထင်သာမြင်သာရှိမှု၊ လျှို့ဝှက်ထိမ်ချန်မှု၊ ဖုံးကွယ်မှု မရှိမှု တို့လိုအပ်သည်။ တာဝန်သိမီဒီယာများ၏ အချက်အလက်များရှာဖွေစုဆောင်းတတ်မှု၊ သရုပ်ခွဲ စိစစ်တင်ပြတတ်မှု၊ သတင်းဖြန့်ချိမှုအတတ်ပညာများထိရောက်မှု၊ မီဒီယာသမားများ၏ ပညာရှင်ဆန်စွာ သတင်းဖြန့်ချိမှုများအပေါ် ပြည်သူလူထုကလည်း အဂတိလိုက်စားမှု ရှိ၊ မရှိဆိုသည်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာဆန်းစစ်ခွင့်ရကြသည်။ လေးလေးနက်နက်သိမြင်လာကြမည်။ ထိုသို့သိမြင်လာခြင်းသည် ပြုပြင်ပြောင်းလဲမှုများအတွက် အရှိန်မြင့်လာခြင်းပင်ဖြစ်သည်။

**အဂတိလိုက်စားမှုပပျောက်စေရန် ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်**

ထိုသို့ဖြင့်အဂတိလိုက်စားမှုများပပျောက်လျော့နည်းအောင်ဆောင်ရွက်ကြရာတွင် အောင်မြင်မှုရရှိရေးမှာ အစိုးရတွင်သာ တာဝန်ရှိနေသည်မဟုတ်ဘဲ ပြည်သူလူထုနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ ကိုယ်ကျိုးအတ္တကိုရှေ့တန်းမတင်ဘဲ တာဝန်သိမှုဖြင့် ပူးပေါင်းဆောင်ရွက်သည့်သတင်းပေးမှု၊ အကျင့်ပျက်ခြစားမှုတို့ကို လက်မခံဘဲ ပြတ်သားစွာ တုံ့ပြန်တတ်မှုများသည်လည်း အထူးအရေးကြီးလေသည်။

ထို့ပြင် အဂတိလိုက်စားမှု ကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးတို့၏ အခန်းကဏ္ဍသည် လွတ်လပ်စွာ သီးခြားရပ်တည်နိုင်မှု၊ အမှီအခိုကင်းပြီး အကြောက်တရား မဲ့စွာ ရဲရဲတင်းတင်းဆောင်ရွက်မှုများ၊ ဥပဒေနှင့်အညီ စိတ်ရောကိုယ်ပါနှစ်ပြီး နိုင်ငံ့အတွက် စေတနာထားမှုများသည်လည်း အထူးလိုအပ်သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးစနစ်တွင် လုပ်ငန်းတာဝန်တိုင်းကို ကြီးကြပ်ခြင်း၊ အပိုင်းလိုက်စစ်ဆေးခြင်း၊ လျှပ်တစ်ပြက်စစ်ဆေးခြင်း၊ အပြန်ပြန်အလှန်လှန် စစ်ဆေးခြင်းတို့သည် အထူးအရေးကြီးသည်။

**နိဂုံးချုပ်တင်ပြချက် နိုင်ငံနှင့်လူမျိုးအတွက်**

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်တွင်ဝင်ရောက်လာမည့်ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လွယ်ကူလျင်မြန်စွာ ဖြစ်ထွန်းပေါ်ပေါက်စေရေး၊ နိုင်ငံ့ဘဏ္ဍာများဖြင့် လက်ရှိဆောင်ရွက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးစောင့်ရှောက်မှု၊ပညာရေးစနစ်ပြောင်းလဲဖော်ဆောင်မှုနှင့် ကုန်သွယ်ရေးမူဝါဒများ ပြောင်းလဲမှုတို့ ထိထိရောက်ရောက်ဖြစ်စေရေးတို့အပြင် ယခုကာလများတွင် အလျှိုလျှိုဝင်ရောက်လာနေသည့် နိုင်ငံတကာအဖွဲ့အစည်းပေါင်းစုံမှ အကူအညီပေးရေး၊ အမည်ခံအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အကူအညီပေးမှုများသည် ပြည်သူများအတွက် အမှန်ဖြစ်စေရေးနှင့် လူသားအရင်းအမြစ် ပိုမိုဖြစ်ထွန်းတိုးတက်လာစေရေးတို့အတွက်ဆိုလျှင် အဂတိလိုက်စားမှုကို ပပျောက်အောင်ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည်။

ထိုသို့ လိုအပ်လာသည်နှင့်အမျှ မြေပြင်တွင်အမှန်တကယ်အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းများပါဝင်သည့်ပြဋ္ဌာန်းဥပဒေအတိုင်း ကျင့်သုံးဖော်ဆောင်ခြင်းများဆောင်ရွက်ကြရန် အချိန်အခါ ကျရောက်လျက်ရှိလာနေပြီဖြစ်ပါကြောင်း စိတ်ကောင်းစေတနာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကနီမြို့နယ်ရှိ စိမ်းပြာရေညိုထွက်ရှိသည့် တွင်းမသို့ ရှားပါးငှက်မျိုးစိတ် ဒေါင်းလန်းခြေထောက်ငှက် အများအပြား နှစ်စဉ် လာရောက်ကျက်စား

**ကနီ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပက်ကြားဝကျေးရွာတွင်တည်ရှိသော စိမ်းပြာရေညိုထွက်ရှိသည့် တွင်းမသို့ ရှားပါးငှက်မျိုးစိတ်ဖြစ်သည့် ဒေါင်းလန်းခြေထောက်ငှက် အများအပြား နှစ်စဉ်လာရောက် ကျက်စားလျက်ရှိကြောင်း သိရသည်။



"ဒီငှက်တွေကို ဒေါင်းလန်းခြေထောက်ငှက်လို့လည်း မသိပါဘူး၊ ဟိုတစ်နေ့က သတင်းစာထဲ ဖတ်ကြည့်မှ ဒီငှက်တွေကရှားပါးငှက်မျိုးစိတ်ဖြစ်တဲ့ ဒေါင်းလန်းခြေထောက်ငှက်တွေမှန်း သိရတာ၊ ဒီဒေါင်းလန်းခြေထောက်ငှက်တွေ တွင်းမဘက်ကို လာရောက်ကျက်စားနေတာ လေးငါးခြောက်နှစ်မကတော့ပါဘူး၊ တော်တော်ကြာပါပြီ၊ တွင်းမကို လာရောက် လည်ပတ်သူတွေလည်း နည်းသေးတော့ ဒီငှက်တွေ ဒီမှာ လာရောက်ကျက်စားတတ်မှန်း လူသိနည်းတာထင်တယ်၊ ဆောင်းတွင်းကာလဖြစ်တဲ့ နိုဝင်ဘာလဆို ဒေါင်းလန်းခြေထောက်ငှက်တွေ ရာနဲ့ချီပြီး လာရောက်ကျက်စားတယ်၊ ဒီတွင်းမမှာ လာရောက်ကျက်စားတာ ကြာလို့နဲ့တူတယ်၊ အချို့ဒေါင်းလန်းခြေထောက်ငှက်တွေက ဆောင်းကုန်တဲ့အထိ ကျန်နေသေးတယ်၊ ဆောင်းတွင်းဆိုရင်တော့ ဒေါင်းလန်းခြေထောက်ငှက်တွေအပြင် အမျိုးအမည်မသိတဲ့ ငှက်အမျိုးအစားတွေ တော်တော်များများ လာကြတယ်" ဟု တွင်းမ အပန်းဖြေစခန်းတွင် ဈေးဆိုင်ခန်း ဖွင့်လှစ်ရောင်းချသည့် ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ဒေါင်းလန်းခြေထောက် ငှက်မျိုးစိတ် (White - Headed Stilt) ၏ သိပ္ပံအမည်မှာ Himantopus Leucocephalus ဖြစ်ပြီး မြန်မာနိုင်ငံတွင် အင်းလေးကန်၊ မိုးယွန်းကြီးအင်းနှင့် တောင်သမန်အင်းတို့တွင် အဆိုပါငှက်မျိုးစိတ်ကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ WCS (Wildlife Conservation Society) က ဆောင်းခိုရှားပါးငှက်မျိုးစိတ်သစ်အဖြစ် ၂၀၁၇ ခုနှစ်နှင့် ယခုနှစ်တွင် တွေ့ရှိထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မြစိမ်းရောင်စီမံကိန်း အတိုးရငွေများထပ်မံထုတ်ချေး

**ပျဉ်းမနား မေ ၂**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် စီမံကိန်းချေးငွေမှ ရရှိလာသည့် အတိုးရငွေများအား ထပ်မံထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရွာသာကျေးရွာအုပ်စု ရွာသာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်အေးအေးသင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ မိသားစုဝင်ငွေတိုးပွားလာစေရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာရှိ မြစိမ်းရောင် အသင်းသား၊ အသင်းသူ ၁၄၇ ဦးအား ကျပ် ၄၃၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း၊ အဆိုပါ ချေးငွေမှ အတိုးရရှိငွေကျပ် ၂၃ သိန်းကို အသင်းဝင် ၃၉ ဦးအား ထပ်မံထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရန် ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် ၁၀ ဦးနှင့် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ရန် ကိုးဦးတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေကျပ် ၂၃ သိန်းကို ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီဝင်များထံသို့ လွှဲပြောင်းပေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီဝင်များနှင့် မြစိမ်းရောင် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်း ဖွင့်လှစ်

**စေတုတ္တရာ မေ ၂**

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးသည့် စက်ချုပ်သင်တန်းကို စေတုတ္တရာမြို့နယ် ဘူးကျေးရွာအုပ်စု ဘူးကျေးရွာ စုရပ်ဆောင်၌ ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ရာ မြို့နယ်စာရင်းစစ်မှူး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



စက်ချုပ်သင်တန်း ဖွင့်ပွဲတွင် မြို့နယ်စာရင်းစစ် ဦးစီးမှူး ဦးမောင်မောင်သွင်က သင်တန်းအဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သိမှတ်စရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက သင်တန်းနှင့်ပတ်သက်သည့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို စေတုတ္တရာမြို့နယ် ဘူးကျေးရွာတွင် မေ ၂ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသူ ၂၀ တက်ရောက်သင်ကြားမည်ဟု သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေတိုးစေရန်နှင့် အိမ်တွင်းလက်မှုလုပ်ငန်းများဖြင့် စီးပွားဖြစ်လုပ်ကိုင်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ယခုကဲ့သို့ ဖွင့်လှစ်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ပေးအပ်ပွဲ ကျင်းပ

**တံတားဦး မေ ၂**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အတွင်းရှိ တောင်သူများအမြဲလုပ်ကိုင်ဆောင်ရွက်နေသည့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနီနှင့် ဦးဝဏ္ဏအောင်၊ တံတားဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးထွန်းနောင်ဝင်းက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ တံတားဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များကို ပေးအပ်ကြသည်။

**ရဲတင့်(ပြန်/ဆက်)**

# ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲဖွင့်

**နေပြည်တော် မေ ၂**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပွဲစဉ်များကို မေ ၂ ရက် နံနက် ၉ နာရီ က ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ)၌ ကျင်းပရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်း အုပ်ချုပ်သူနည်းပြနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ညွှန်ကြားရေးမှူးချုပ်က အားကစားနယ်ပယ်များတွင် အားကစားနည်းအများစုသည် ကိုယ်လက်လှုပ်ရှားမှုကို အခြေခံထား၍ ကစားကြသည်ကို တွေ့ရပြီး စစ်တုရင်အားကစားနည်းမှာမူ စိတ်ပိုင်းဆိုင်ရာကို အခြေခံထားပြီး ကစားရသည့် အားကစားနည်းဖြစ်သည့်အတွက် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုကို အဓိကထားပြီး ယှဉ်ပြိုင်ကစားရသော အားကစားနည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ စစ်တုရင်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေးအတွက် ယခုလို တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲများမှ ထူးချွန်ထက်မြက်သော မျိုးဆက်သစ် အားကစားသမားများကို ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ မိမိတို့၏ တစ်ဦးချင်း အရည်အချင်းများကို အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီးနောက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်နှင့် မြန်မာ့ရိုးရာ စစ်တုရင် တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၂၀၁၈ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အသီးသီးရှိ ပြိုင်ပွဲဝင် အမျိုးသား ၁၀ သင်းနှင့် အမျိုးသမီးရှစ်သင်း၊ အားကစားသမား စုစုပေါင်း ၂၂၃ ဦးတို့သည် မေ ၂ ရက်မှ မေ ၉ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(ဘီ)၌ နေ့စဉ် နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင် အလွတ်တန်းပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အသက် (၂၀) နှစ်အောက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# လျှပ်စစ်ဓာတ်အား လေလွင့်လျော့နည်းမှုများပပျောက်စေရေး အလုပ်ရုံဆွေးနွေး

**ကျောက်ဆည် မေ ၂**

ကျောက်ဆည်မြို့ ငှက်တောင်ဓာတ်အားခွဲရုံတွင် ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက မန္တလေး လျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းမှ ခရိုင်အတွင်းရှိ မြို့နယ်များတွင်ဖြန့်ဖြူးပို့လွှတ်ထားသော လျှပ်စစ်ဓာတ်အားများ လေလွင့်လျော့နည်းပျောက်ဆုံးမှုများမရှိစေရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမင်းမင်းကိုက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုခရိုင်မန်နေဂျာ ဦးအောင်ကျော်လင်းက လျှပ်စစ်ဓာတ်အားယူနစ်များ ပျောက်ဆုံးလျော့နည်းမှုမရှိစေရေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအကြောင်းကို တက်ရောက်လာသည့် လျှပ်စစ်အရာထမ်း၊ အမှုထမ်း ၈၁ ဦးအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းစီမံချက်ကို ခရိုင်အတွင်းရှိ မြို့များတွင် ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ရွာစီ ရွေးချယ်ပြီး တစ်နိုင်တစ်ပိုင်လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးပါက လျှပ်စစ်ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ လျော့နည်းသွားမည်ဖြစ်ကာ ပြည်သူ့ဘဏ္ဍာလည်းတိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင် (ခရိုင်ပြန်/ဆက်)**

| ပြင်ဆင်ဖတ်ရှုပေးပါရန် | မေလ ၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ ပါ **ညောင်ဦးမြို့နယ်တွင် ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံခြင်း** သတင်းတွင် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **စာရေးသူ** |
|---|---|

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ပဲခူးတိုင်းဒေသကြီးဆိုင်းဘုတ်တင်

**ပဲခူး မေ ၂**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ပဲခူးတိုင်းဒေသကြီး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၉ နာရီက ပဲခူးမြို့ နန်းတော်ရာ ရပ်ကွက် ဉဿာသီရိ (၇)လမ်း စစ်ကောင်းစာကြည့်တိုက်၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး) က စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ စာရေးဆရာမ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည် ခင်- ပဲခူး)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

စာကြည့်တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွက် မရှိမဖြစ်လိုအပ်နေသည့် ကိစ္စတစ်ခုဖြစ်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာမှ နိုင်ငံတော်ကြီးလည်း ဒီမိုကရေစီနိုင်ငံကြီးအဖြစ် အောင်အောင်မြင်မြင် ထူထောင်နိုင်မှာဖြစ်ကြောင်း၊ စာများများဖတ်မှ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ရိုးသားမှု၊ ယဉ်ကျေးမှု၊ ဖြောင့်မတ်မှုဂုဏ်များ ရရှိလာမှာဖြစ်ကြောင်း၊ ဆရာကြီး ဦးအောင်သင်း၏အဆိုစကားအရ မိမိကိုယ်ကိုယ်ချစ်ရင်စာဖတ်ပါ၊ မိမိမိသားစုကို ချစ်ရင်စာဖတ်ပါ၊ မိမိတိုင်းပြည်နှင့်လူမျိုးကို ချစ်ရင်စာဖတ်ပါဆိုသည့် စကားအတိုင်း စာဖတ်နိုင်ရေးအတွက် စာကြည့်တိုက်များစွာ လိုအပ်ကြောင်း၊ စာကြည့်တိုက် ရေရှည်တည်တံ့ရန်အတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းက အထူးတာဝန်တစ်ခုအနေဖြင့် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ပိုမိုအောင်မြင်တိုးတက်စေရန်နှင့် စံ(၅)ရပ်နှင့် ပြည့်စုံသည့်စာကြည့်တိုက်များ တိုင်းဒေသကြီးအတွင်း တည်ရှိအောင် ကြိုးစားသွားရမည် ဖြစ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာတိုင်း စာကြည့်တိုက်ရှိဖို့အတွက် စာကြည့်တိုက်ဖောင်ဒေးရှင်းက သာမက စာကြည့်တိုက်မှူးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန်လိုအပ်ပြီး အဓိက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏အားကိုယူပြီးအစိုးရနှင့် ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ပေးကြရန် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌစာရေးဆရာမ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်-ပဲခူး)က ပြောကြားသည်။

အခမ်းအနားသို့ ဥပဒေချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပြန်ဆက်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဗဟိုနှင့် တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည်ယခင်ကSemi-Governmentအဖြစ်ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ယခုအခါ အစိုးရမဟုတ်သောအဖွဲ့အစည်းအဖြစ် သီးခြားရပ်တည်လျက်ရှိသည်။ စာကြည့်တိုက်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်သည် ကျေးရွာ၊ ရပ်ကွက်တိုင်းတွင် စာကြည့်တိုက်များတည်ဆောက်နိုင်ပြီးပြည်သူများ၏ အသိပညာ၊ ဗဟုသုတမြင့်မားလာစေရေးအတွက် ကူညီဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




# ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှု သုံးသပ်လေ့လာခြင်း(ဆင့်ပွား) သင်တန်းဖွင့်

**သန်လျင် မေ ၂**

သန်လျင်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ သန်လျင်သင်တန်းကျောင်းတွင် ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း (ဆင့်ပွား) သင်တန်း (၃/၂၀၁၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှအရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားအရာရှိ ၂၀ တို့ တက်ရောက်ပြီး သင်တန်းကာလမှာ ဧပြီ ၃၀ ရက်မှ မေ ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။

**ဇေဇေ**

# ခရိုင်နှင့်မြို့နယ်များအလိုက် စုဖွဲ့အင်အားများဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**မင်္ဂလာတောင်ညွန့် မေ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦး အောင်သန်းထွဋ်နှင့် မင်္ဂလာ တောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမင်းလှိုင်တို့ ဦးဆောင်ကာ ရန်ကင်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်မြို့နယ် သုံးမြို့နယ်နှင့်ခရိုင်စုဖွဲ့ အင်အား ၄၅ ဦးတို့သည် မေ ၂ ရက် နံနက်က စက်ယန္တရားဖြင့် မြန်မာ့ဂုဏ်ရည်လမ်း (သိမ်ဖြူလမ်းမှမန္တလေးလမ်းထိ)ကန်တော်ကလေး အရှေ့ရပ်ကွက်တွင် ရေနုတ်မြောင်းများအား ရေစီးဆင်းမှုကောင်းမွန်စေရေးဆောင်ရွက်ပေးခဲ့ကြသည်။

“မိုးမကျမီ ခရိုင်အလိုက် မြို့နယ်များအလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ မိဘပြည်သူတွေအတွက် ရေလျှံမှုတွေကင်းဝေးအောင် ဆောင်ရွက်ရာမှာ စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ဖို့အရေးကြီးပါတယ်၊ လမ်းပေါ်မှာသွားရင်းလာရင်း ချခဲ့တဲ့ အမှိုက်တွေကရေစီးနဲ့အတူမျောပါပြီး မြောင်းထဲရောက်ပါတယ်၊ အမှိုက်တွေများလာတဲ့အခါရေစီးရေလာအဟန့်အတားဖြစ်ပြီးရေလျှံတာပါ”ဟုမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးမင်းလှိုင်က ပြောသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးလှဌေးနှင့် မြို့နယ် NLDအလုပ်အမှုဆောင်များက လာရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **မောင်မောင်**



# ခနောင်ရွာမကျေးရွာနှင့် မီးခြစ်စက်ကျေးရွာတို့အား သောက်ရေသန့်ဘူးများ လှူဒါန်း

**ဒလ မေ ၂**

သတင်းရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲမှူးရုံးနှင့် ဒုတိယတပ်ဖွဲ့ခွဲ(၂/၁)(ရန်ကုန်)မှ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူး ကျော်ချစ်နှင့် ရဲမှူး(ဦးစီး) ရဲမှူးတင့်ရွှေတို့ဦးစီးသော တပ်ဖွဲ့ဝင် ၄၀ တို့သည် မေ ၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ ခနောင်ရွာမကျေးရွာနှင့် မီးခြစ်စက်ကျေးရွာတို့ရှိ ဒေသခံပြည်သူများထံ သွားရောက်၍ FUJI အမျိုးအစား ၂၀ လီတာဆံ့ သောက်ရေသန့်ဘူး ၁၀၀၀ အား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်စိုးအဖွဲ့တို့နှင့်အတူ အိမ်ထောင်စု ၇၀၀ အား တစ်ဦးချင်း လှူဒါန်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြော

**ရွှေပြည်သာ မေ ၂**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ရွှေပြည်သာမြို့နယ် လှော်ကားတာဆုံ၌ မေ ၁ ရက် နံနက် ၉ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသန်းစိုးဦးစီးသောတပ်ဖွဲ့ဝင်များ၊ လှော်ကားနယ်မြေစခန်းမှူးရဲအုပ်မျိုးသန့်နှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၆၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းစိုးနှင့်တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့စု (၆) မှ ရဲတပ်ကြပ်ကြီးဇော်မင်းလွင်နှင့်တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု ၄၀ မှ ရဲတပ်ကြပ်ကြီး မင်းလူမော်အောင်တို့က မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်နှင့်ပတ်သက်၍အသိပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိရှိစေရေး အသိပညာပေးခြင်း၊ လူကုန်ကူးမှု မခံရစေရေးအတွက် အသိပညာပေးခြင်း၊ ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်များအား အသိပညာပေးဟောပြောခဲ့ရာ ရပ်မိရပ်ဖ ပြည်သူများ ၃၀၀ ခန့် လာရောက် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အနေးယာဉ်(ဆိုက်ကား)လိုင်စင်သက်တမ်းတိုး

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) မေ ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စည်ပင် သာယာဦးစီးဌာနရုံးဝင်းအတွင်း၌ မေ ၂ ရက် နံနက် ၁၀ နာရီက အနေးယာဉ်(ဆိုက်ကား) တစ်နှစ်တာလိုင်စင်သက်တမ်းတိုးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်သန့်ဇင်၊ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့် ဝန်ထမ်းအဖွဲ့ဝင်များက အနေးယာဉ်(ဆိုက်ကား) တစ်နှစ်တာလိုင်စင် သက်တမ်းတိုးနိုင်ရန်အတွက် ဗီးတက်၊ ဘော်ဒီနံပါတ်၊ မီးခြောက်၊ မီးခေါင်း၊ ဖရိန်ကိုယ်ထည်နံပါတ် အစရှိသည်တို့ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီးမှ သက်တမ်းတိုးနိုင်ရန်အတွက် ခွင့်ပြုကြောင်း သိရသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း အနေးယာဉ်(ဆိုက်ကား)လိုင်စင်သက်တမ်းတိုးရန်အတွက် အစီးရေပေါင်း ၄၅၃ စီးရှိပြီး မေ ၂ ရက်မှ စတင်၍ ၈ ရက်အထိ တစ်ပတ်ကြာ လာရောက်၍ သက်တမ်းတိုးနိုင်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးကျော်သန့်ဇင်ထံမှ သိရသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာဦးစီးဌာန ရုံးဝင်းအတွင်း၌ အနေးယာဉ်လုပ်သား များအား ယာဉ်ထိန်းရဲတပ်ဖွဲ့တပ်ဖွဲ့စုမှူး (၂၇)မှ ရဲအုပ်အောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းခြင်းကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**၅၁၂**

# မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ဝေါ မေ ၂**

ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ကကြီးမှူး၍ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား မှုခင်းကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာဗဟုသုတများရရှိစေရန် မေ ၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာလမ်းဆုံ၌ မှုခင်းပညာပေးယာဉ်ဖြင့် ပညာပေးပြသခဲ့သည်။

အဆိုပါ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးခြင်းနှင့် မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လူကုန်ကူးမှု ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး စသည့်အကြောင်းအရာများကို ဝေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့် ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အသိပညာပေးဟောပြောခြင်းကို ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပဲခူး)နှင့် ဝေါမြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်းကာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ မှုခင်းဆိုင်ရာ အသိပညာများရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးပြေဝင်းနှင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူ ၂၀၀ ကျော်ခန့် လာရောက်ကြပြီး မှုခင်းလျော့နည်းကျဆင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

# တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်ပွဲအခမ်းအနားကျင်းပ

**သာယာဝတီ မေ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မေ ၂ ရက် နံနက် ၁၀ နာရီက သာယာဝတီမြို့နယ် အင်းရွာရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာမှုစခန်း၌ တောင်သူမျိုးစေ့သန့်စင်စက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်က တောင်သူမျိုးစေ့သန့်စင်စက်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအားလွန်က တက်ရောက်လာကြသော တောင်သူများအား စပါးစိုက်ပျိုးရာတွင်စနစ်တကျရှိစေရေး၊ စပါးအထွက်တိုးကောင်းမွန်ရေး၊ သန့်စင်ပြီးသော မျိုးစပါးများကို စိုက်ပျိုးပါက စပါးအထွက်နှုန်းကောင်းမွန်သဖြင့် မျိုးစေ့သန့်စင်ပြီးမှ စိုက်ပျိုးနိုင်ရေးအတွက်အလေးထားဆောင်ရွက်စေလိုကြောင်း ပြောကြားပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တောင်သူများက မျိုးစေ့သန့်စင်စက်လည်ပတ်နေမှုကို ကြည့်ရှုလေ့လာခဲ့ကြောင်းသိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

# အမှိုက်ပုံမီး သတိထားကြစို့

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

အမှိုက်ပုံကြီးများ မီးလောင်မှုဟာ ကမ္ဘာတစ်ဝန်းဖြစ်လေ့ရှိတဲ့ မီးလောင်မှုတစ်ခုဖြစ်ကြောင်း တွေ့ရပါတယ်။ မီးလောင်ကျွမ်းမှုတစ်ခုဖြစ်ဖို့အတွက် (၁) မီး၊ (၂) လောင်စာ၊ (၃) အောက်ဆီဂျင်(လေ) ရှိရမယ်လို့ သိထားပါတယ်။ အမှိုက်ပုံဆိုတာ လောင်စရာတွေစုထားတဲ့ နေရာတစ်ခုဖြစ်နေလို့ မီးလောင်လွယ်တဲ့ နေရာလည်း ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာဆိုရင် နှစ်စဉ် အမှိုက်ပုံကြီးများ မီးလောင်မှု ၈၃၀၀ ခန့်၊ ယူကေနိုင်ငံမှာ ၃၀၀ လောက်ဖြစ်ပွားနေလေ့ရှိတယ်လို့ သိရတယ်။ ပေါ့ဆမီး၊ ရှို့မီးတစ်ခုခုကြောင့် လောင်တတ်သလို၊ အမှိုက်တွေကိုယ်တိုင်က အပူဓာတ်နဲ့ ထိတွေ့ပြောင်းလဲပြီး Fugitive Emission ခေါ် ဓာတ်ငွေ့တွေ ထွက်လာပြီး မီးလောင်တတ်တယ်လို့ ဆိုပါတယ်။

**လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲ**

Dioxin ဒိုင်အောက်စင်၊ မီသိန်းစတဲ့ ဓာတ်ငွေ့တွေ ထွက်လာပြီး လောင်ကျွမ်းစေတတ်တယ်လို့ သိရပါတယ်။ အမှိုက်ပုံများရဲ့အောက်ပိုင်း ၄ ဒသမ ၅မီတာအနက်မှာ ဓာတ်ငွေ့တွေထွက်လာပြီး လောင်ကျွမ်းတတ်ပါတယ်။ သက်တမ်းကြာလာတာနဲ့အမျှ Chemical oxidation (Biological decomposition) ခေါ် ဓာတ်ပြုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပေါ်လွယ်လာပြီး အပူဓာတ်ထွက်လာတတ်ပါတယ်။ Thermal Runawayprocess ခေါ် အပူဓာတ် ရွှေ့ပြောင်းခြင်းဖြစ်စဉ်နဲ့အတူ အနီးရှိ အမှိုက်များကို လောင်ကျွမ်းစေတတ်ပါတယ်။ အမှိုက်ပုံအတွင်း အပူဓာတ်မြင့်တက်လာမှုနဲ့အတူ အောက်ဆီဂျင်ဓာတ်ပါ မြင့်လာလို့ လောင်ကျွမ်းကူးစက်မှုလွယ်လာပါတယ်။ ပလတ်စတစ်ပစ္စည်းများ၊ ဝါဂွမ်းအခြေခံပစ္စည်းများ၊ ဓာတုပစ္စည်းများ ဥပမာ-ဘက်ထရီအိုးဟောင်းများ၊ တာယာဟောင်းများ အပါအဝင် စွန့်ပစ်ပစ္စည်းများစွာဟာ လောင်ကျွမ်းမှုဖြစ်စဉ်ကို ဖြစ်လွယ်စေပါတယ်။ ဒီလိုလောင်ကျွမ်းမှုတွေမှာ အောက်ဆီဂျင်ဓာတ်များများ မလိုဘဲ တဖြည်းဖြည်းလောင်ကျွမ်းတယ်၊ အခိုးအငွေ့ ထွက်နေစေတယ်လို့ သိရပါတယ်။ အငွေ့တွေထဲမှာ ကာဗွန်မိုနောက်ဆိုက်၊ ဒိုင်အောက်စင်၊ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်၊ မီသိန်း စတဲ့ ဓာတ်ငွေ့တွေထွက်လာတတ်ပါတယ်။ အမှိုက်ပုံရဲ့အပေါ်ပိုင်းမှာလောင်နေတာမျိုးက အမြန်သိနိုင်ပေမယ့် ခုလိုအောက်ပိုင်းက လောင်နေတာမျိုးကတော့ အချိန်ကြာမှသိနိုင်ပါတယ်။

ယင်းခုနှစ် ဧပြီ ၂၁ ရက်စပြီး မီးလောင်ကျွမ်းတဲ့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံကြီးမီးလောင်မှုဟာ အခုပြောတဲ့ဖြစ်စဉ်များကြောင့်ဖြစ်နိုင်တယ်လို့ ယူဆကြပုံရပါတယ်။ ဖြစ်လည်းဖြစ်နိုင်ပါတယ်။ သက်တမ်းနှစ်ဆယ်လောက်တောင်ရှိလာပြီဖြစ်တဲ့အတွက် အခုလိုအန္တရာယ်မျိုးနဲ့ တွေ့ကြုံနိုင်တာဖြစ်ပါတယ်။ သက်တမ်းကာလကြာလာတာနဲ့အမျှ အမှိုက်ပုံများရဲ့ အတွင်းပိုင်းများမှာ မီသိန်းအပါအဝင် ဓာတ်ငွေ့များထွက်လာလေ့ရှိလို့ ထွက်သွားအောင်လုပ်ပေးရပါတယ်။ ထွက်လာတဲ့ ဓာတ်ငွေ့တွေကိုလျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြု Recycle လုပ်နိုင်ပါတယ်။

**မီသိန်းဓာတ်ငွေ့**(Methane $CH_4$).

မီသိန်းဓာတ်ငွေ့များဟာ မြေပေါ်၊မြေအောက်နဲ့ ရေအောက်ရှိစွန့်ပစ်ပစ္စည်းများကနေ ဓာတ်ပြုခြင်းများဖြစ်ကာ ထွက်လာလေ့ရှိပါတယ်။

တိရစ္ဆာန်များရဲ့အညစ်အကြေးများ၊ သူတို့ရဲ့အူလမ်းကြောင်းတွေကနေလည်း အများအပြားထွက်လာတတ်ပါတယ်။

ကျွဲ၊ နွားတိရစ္ဆာန်တွေ လေလည်တဲ့အခါ မီသိန်းဓာတ်ငွေ့တွေအများအပြားပါဝင်ကြောင်းသိရပါတယ်။

၁၉၈၅ ခုနှစ်လောက်က စာရေးသူ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် တလပါးတိုက်နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်ခဲ့စဉ် ဇီဝဓာတ်ငွေ့ထုတ်တာ ကြုံခဲ့ဖူးပါတယ်။ နွားချေးတွေကို တွင်းကြီးတစ်ခုထဲထည့်ပြီး ရေနဲ့ဖျော်ထားလိုက်ရင် ဓာတ်ငွေ့တွေထွက်လာပါတယ်။ ပိုက်နဲ့ဆက်သွယ်ပြီး ဆေးရုံထဲမှာ မီးအိမ်တွေထွန်းလို့ရတယ်၊ မီးဖိုမှာလည်း သုံးလို့ရပါတယ်။ ဒါပေမယ့် ရေရှည်မခံခဲ့ပါဘူး။

> အမှိုက်ပုံအတွင်း အပူဓာတ်မြင့်တက်လာမှုနဲ့အတူ အောက်ဆီဂျင်ဓာတ်ပါ မြင့်လာလို့ လောင်ကျွမ်းကူးစက်မှု လွယ်လာပါတယ်။ ပလတ်စတစ်ပစ္စည်းများ၊ ဝါဂွမ်းအခြေခံပစ္စည်းများ၊ ဓာတုပစ္စည်းများ ဥပမာ - ဘက်ထရီအိုးဟောင်းများ၊ တာယာဟောင်းများအပါအဝင် စွန့်ပစ်ပစ္စည်းများစွာဟာ လောင်ကျွမ်းမှုဖြစ်စဉ်ကို ဖြစ်လွယ်...



အင်မတန်လည်း မီးလောင်လွယ်ပါတယ်။ ဒီဓာတ်ငွေ့တွေဟာ ကမ္ဘာ့လေထုထဲမှာ ၁၇၅၀ ပြည့်နှစ်ကထက်အဆပေါင်း ၁၅၀ ရာခိုင်နှုန်းလောက်မြင့်တက်နေပြီး ဖန်လုံအိမ်ဓာတ်ငွေ့ Greenhouse Gase များရဲ့ ၂၀ ရာခိုင်နှုန်းလောက်ဖြစ်နေကြောင်းသိရပါတယ်။ ကမ္ဘာကျော်ပဟေဠိတစ်ခုဖြစ်တဲ့ ဗာမြူဒါတြိဂံဒေသကဖြစ်စဉ်များမှာ အဲဒီဒေသရဲ့ပင်လယ်ပြင်အောက်မှာ အင်မတန်ကြီးမားတဲ့ မီသိန်းဓာတ်ငွေ့သိုက်ကြီးရှိတယ်။ ဓာတ်ငွေ့သိုက်ကြီးကနေမီးလောင်ကျွမ်းပြီး ရေထု၊ လေထုထဲကယာဉ်တွေကို လောင်ကျွမ်းပျောက်ကွယ်သွားစေတာဖြစ်တယ်ဆိုတဲ့ အဆိုတစ်ခုကိုတောင်ဖတ်ဖူးပါတယ်။ မီသိန်းဓာတ်ငွေ့ရဲ့ ပြင်းထန်တဲ့ အပူချိန်နဲ့ လောင်ကျွမ်းလွယ်တဲ့သဘောကိုဆိုလိုပါတယ်။ အမှိုက်ပုံတွေထဲကထွက်တဲ့ ဓာတ်ငွေ့များမှာ မီသိန်းက ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့က အများဆုံးပါဝင်ပြီး VOC Volatile organic compoundsခေါ် ဟိုက်ဒရိုကာဗွန်ဓာတ်တို့က တစ်ရာခိုင်နှုန်းထက်နည်းပါးစွာပါဝင်ပါတယ်။

**Biofoam ဆေးရည်**

အခု ထိန်ပင်အမှိုက်ပုံကြီးက ဧကတစ်ရာကျော်လောက်မှာ လောင်ကျွမ်းနေတာဖြစ်ပါတယ်။ မီးငြိမ်းသတ်ရာမှာ ရေမှာပါတဲ့ အောက်ဆီဂျင်ဓာတ်ကြောင့် မီးလောင်အားတိုးလာတတ်တာလည်းဖြစ်တတ်ပါတယ်။ အောက်ဆီဂျင်နည်းသွားအောင် မီးလောင်မှုကိုခံနိုင်တဲ့ ပိတ်တွေနဲ့ အပေါ်ကနေဖုံးပြီး ရေကိုလောင်းချနိုင်ပါတယ်။ အခုလောင်ကျွမ်းမှုက မီသိန်းဓာတ်ငွေ့ အပါအဝင် ဓာတ်ငွေ့တွေထွက်နေတာမို့ မီးခိုးနဲ့ အနံ့ဆိုးတွေ လေထုထဲဝင်ရောက်နေတာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမှာ Biofoam ဆေးရည်နဲ့ ပက်ဖျန်းရကြောင်း သိရပါတယ်။ Biofoam ကို သွေးတိတ်ဆေးအဖြစ်လည်း သုံးနိုင်ပါတယ်။ မီးလောင်ရာမှာတော့ Biofoam ဆေးရည်တွေဟာ မီးကိုအေးမြသွားစေပြီး လောင်စာတွေအပေါ်မှာအလွှာတစ်ခုအဖြစ်ဖုံးလွှမ်းထားလိုက်ပါတယ်။ ဒါကြောင့် လောင်စာနဲ့ မီးထိတွေ့မှု နည်းသွားစေတယ်၊ အောက်ဆီဂျင်ဓာတ်ငွေ့နဲ့ထိတွေ့မှုမရှိနိုင်တော့အောင် ဆောင်ရွက်ပေးပါတယ်။

ဒီအမှိုက်ပုံမီးလောင်ကျွမ်းမှုကို ထိရောက်စွာငြိမ်းသတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ အပါအဝင် ရှုပ်ရှုပ်ချွံချွံပါဝင်ဆောင်ရွက်သူများ "ပရဟိတ၊ မြန်မာစိတ်ဓာတ်" လို့ ခေါ်ရမယ်၊ မိမိတို့တတ်နိုင်တဲ့ဘက်ကနေ ကူညီပေးကြ၊ လှူဒါန်းကြတဲ့ စေတနာရှင် ပြည်သူအပေါင်းတို့ကိုလည်း ချီးကျူး ဂုဏ်ပြုပါတယ်၊ လေးစားပါတယ်။

နောင်ကို ဒီလိုအဖြစ်မျိုး မကြုံရအောင် သတိပြုရင်းကြိုတင်ကာကွယ်ခြင်းများ၊ အမှိုက်များကို ပိုမိုစနစ်တကျစွန့်ပစ်ထားရှိခြင်း၊ လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲနိုင်ခြင်းများ ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်မိပါတယ်ခင်ဗျား။ ။





# မင်္ဂလာဆောင်အတွက် ပေါင် ၄၀ နီးပါးလျှော့ချနိုင်ခဲ့တဲ့ ဟွန်ယွန်ဟွာ



တောင်ကိုရီးယားရဲ့ နာမည်ကျော် ဟာသသရုပ်ဆောင်တစ်ဦးဖြစ်သူ ဟွန်ယွန်ဟွာဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာတော့ သူ့ရဲ့မင်္ဂလာဆောင်အမီ ကိုယ်အလေးချိန်လျှော့ချနေရာ လတ်တလောမှာတော့ ပေါင် ၄၀ နီးပါး လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၃၀ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့ SBS ရုပ်သံလိုင်းရဲ့ အစီအစဉ်တစ်ခုမှာတော့ ဟွန်ယွန်ဟွာက သူ့အနေနဲ့ မကြာမီ မင်္ဂလာပွဲကျင်းပသွားတော့မှာဖြစ်ပြီး မင်္ဂလာအခမ်းအနားမှာ လှပနေစေဖို့ရည်ရွယ်ကာ ကိုယ်အလေးချိန်လျှော့ချလျက်ရှိရာ လက်ရှိမှာတော့ ၁၆ ဒသမ ၇ ကီလိုဂရမ် (၃၆ ဒသမ ၈ ပေါင်) ကျခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။

ဟွန်ယွန်ဟွာက သူ့အနေနဲ့ ကျန်းမာရေးမထိခိုက်စေမယ့် နည်းလမ်းတွေနဲ့ ကိုယ်အလေးချိန်လျှော့ချခဲ့တာဖြစ်ပြီး မင်္ဂလာပွဲမတိုင်မီ ကိုယ်အလေးချိန် ၆၆ ပေါင် လျှော့ချနိုင်ဖို့ ရည်ရွယ်ထားကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် သူက ပရိသတ်ရှေ့ကိုလည်း ဝိတ်ချပြီးနောက်မှ ပြန်လည်ပေါ်ထွက်လာဖို့ရာ စီစဉ်ထားကြောင်းလည်း ဆိုပါတယ်။

ဟွန်ယွန်ဟွာနဲ့ ကမ်မင်ကီတို့ဟာ ချစ်သူတွေအဖြစ် ရှစ်နှစ်ကြာ လက်တွဲခဲ့ကြပြီးနောက် လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကိုတော့ လာမယ့် နိုဝင်ဘာ ၁၇ ရက်မှာ ကျင်းပသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ပြန်လည်လက်တွဲခဲ့ပြီဖြစ်တဲ့ ဂျီဂျီဟာဒစ်နဲ့ ဇေမာလိခ်

ပြီးခဲ့တဲ့လအတွင်း လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တဲ့ ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲ ဂျီဂျီဟာဒစ်နဲ့ ဇေမာလိခ်တို့ဟာ လတ်တလောမှာတော့ ပြန်လည်လက်တွဲခဲ့ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ သတင်းတွေ စတင်ပေါ်ထွက်လာခဲ့ပြီးနောက် သူတို့နှစ်ဦး နယူးယောက်မှာ အတူအလည်အပတ်ထွက်ခဲ့ကြတဲ့ ဓာတ်ပုံတွေဟာ အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့နေခဲ့ကြောင်း မေးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗြိတိန်လူမျိုးဖြစ်တဲ့ အဆိုတော်ဇေမာလိခ်နဲ့ ဆိုတဲ့ စာသားအစား မူရင်းအတိုင်း ဖော်ပြထားသည်

အသက် ၂၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗစ်တိုးရီးယားစီးကရက်ထ်မော်ဒယ်လ် ဂျီဂျီဟာဒစ်နဲ့ အသက် ၂၅ နှစ်အရွယ် ပေ့ါပ်ကြယ်ပွင့် ဇေမာလိခ်တို့ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာတော့ နယူးယောက်မှာ အတူအလည်အပတ်ထွက်ခဲ့ကြတာဖြစ်ပါတယ်။ ပြန်လည်လက်တွဲခဲ့ကြပြီး တစ်ယောက်ကိုတစ်ယောက် ချစ်မြတ်နိုးဟန်တွေဟာလည်း နှစ်ဦးသားရဲ့မျက်နှာပေါ်မှာ အထင်းသားပေါ်နေတာကို အဆိုပါဓာတ်ပုံတွေမှာ တွေ့ရပါတယ်။

လမ်းခွဲခဲ့ပြီဖြစ်ကြောင်း သူတို့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ချိန်က နှစ်ဦးသား မိတ်ဆွေတွေအဖြစ် ဆက်လက်ခင်မင်သွားမှာဖြစ်ကြောင်း နှစ်ဦးစလုံးက ရေးသားဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် လက်ရှိမှာတော့ မိတ်ဆွေအဖြစ်မဟုတ်ဘဲ ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ကြတာဖြစ်ပါတယ်။



# တေးသီချင်းသစ်အကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ ဆယ်လီနာဂိုမက်ဇ်

အမေရိကန်ပေ့ါပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ်က လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ်တစ်ပုဒ်ကို ဖန်တီးနေကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ တေးသီချင်းရဲ့အမည်ကိုတော့ "Back To You"လို့ ပေးထားကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်ကို အသိပေးခဲ့တာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၁ ရက်မှာတော့ လတ်တလောမှာ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုမက်ဇ်က သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ "Back To You" တေးသီချင်းထုတ်လွှင့်သွားမယ့်အကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ ယင်းတေးသီချင်းဟာ "13 Reasons Why Season two"မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး ယခုလ ၁၀ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ ရည်ရွယ်ထားကြောင်းလည်း ဆယ်လီနာက တစ်ပါတည်း ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ တေးသီချင်းသစ်ထုတ်လွှင့်မှုအတွက် စိတ်လှုပ်ရှားနေမိကြောင်းလည်း ဆယ်လီနာဂိုမက်ဇ်က ရင်ဖွင့်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးရက်ခန့်က ဆယ်လီနာဂိုမက်ဇ်ရဲ့ မိတ်ကပ်ပညာရှင်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ တေးသီချင်းသစ်အတွက် အနုပညာပိုင်းဆိုင်ရာ ဖန်တီးမှုတွေပြုလုပ်နေတဲ့ ဆယ်လီနာဂိုမက်ဇ်ရဲ့ ဓာတ်ပုံတစ်ပုံကို ထုတ်ဖော်ပြသခဲ့တာတွေ့ရပါတယ်။ ယင်းဓာတ်ပုံမှာတော့ ဆယ်လီနာဂိုမက်ဇ်ဟာ ဆံပင်တိုကုပ်ဝဲလေးနဲ့ ဖြစ်နေတာကို တွေ့ရပါတယ်။ ဆယ်လီနာဟာ ဆံပင်ရှည်ကို စွန့်လွှတ်ကာ ပြောင်းလဲလိုက်တာနဲ့ပတ်သက်ပြီး အချို့သော ပရိသတ်တွေက ဆယ်လီနာအနေနဲ့ အပြောင်းအလဲတစ်ခုကို လိုချင်တာကြောင့်ဖြစ်တယ်လို့ ဝေဖန်ခဲ့တာကိုလည်း တွေ့ရပါတယ်။

# လေးလခန့်လက်တွဲပြီးနောက် လမ်းခွဲလိုက်တဲ့ ရှင်ဟွန်စိုးနဲ့ ဂျိုဝူးရီ

တောင်ကိုရီးယားသရုပ်ဆောင်တွေဖြစ်ကြတဲ့ ရှင်ဟွန်စိုးနဲ့ ဂျိုဝူးရီတို့ဟာ ချစ်သူတွေအဖြစ် လေးလခန့် လက်တွဲခဲ့ကြပြီး လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ချစ်သူတွေဖြစ်နေကြကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတဲ့ သူတို့နှစ်ဦးဟာ လတ်တလောမှာတော့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့တာပါ။ ဒီလိုသတင်းထွက်ခဲ့ပြီးနောက်မှာတော့ နှစ်ဦးစလုံးရဲ့ အေဂျင်စီတွေက လမ်းခွဲလိုက်ပြီဖြစ်ကြောင်း အတည်ပြုပေးခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၃၀ ရက်မှာတော့ အေဂျင်စီက ရှင်ဟွန်စိုးနဲ့ ဂျိုဝူးရီတို့ လမ်းခွဲလိုက်ပြီဖြစ်ကြောင်းနဲ့ အကြောင်းအရင်းကိုတော့ မသိရကြောင်း၊ ပုဂ္ဂိုလ်ရေးဖြစ်တာကြောင့် ထုတ်ဖော်ပြောကြားမှာ မဟုတ်ကြောင်း ဆိုပါတယ်။

ဒ့ါအပြင် အေဂျင်စီက ချစ်သူတွေ မဟုတ်ကြတော့ပေမယ့် လုပ်ဖော်ကိုင်ဖက်တွေအဖြစ် ဆက်လက်ရှိသွားမှာဖြစ်ကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးအဆုံးသတ်ဟာ ကောင်းမွန်တဲ့အလှည့်အပြောင်းတစ်ခု ဖြစ်လာမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

ရှင်ဟွန်စိုးနဲ့ ဂျိုဝူးရီတို့ဟာ နှစ်ဦးစလုံးနဲ့ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးရဲ့မိတ်ဆက်ပေးမှုကြောင့် စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ချစ်သူတွေဖြစ်ခဲ့ကြပြီး ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းမှာတော့ ချစ်သူတွေအဖြစ် လက်တွဲနေကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြတာ ဖြစ်ပါတယ်။ လမ်းခွဲလိုက်တဲ့ အကြောင်းအရင်းကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိတာကြောင့် အတိအကျမသိရပေမယ့် နှစ်ဦးအကြား ဝေးကွာမှုတွေကြောင့် ဖြစ်နိုင်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။





# အိမ်ခြေရာမဲ့ဖြစ်နေကြောင်း ဂျက်ကီချန်း၏သမီးဖြစ်သူ ဖွင့်ဟ

နာမည်ကျော်တိုက်ခိုက်ရေးဟာသမင်းသားကြီးတစ်ဦးဖြစ်တဲ့ ဂျက်ကီချန်းရဲ့သမီးဖြစ်သူက လတ်တလောမှာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်ပြသလာတဲ့ ဗီဒီယိုတစ်ခုမှာတော့ သူနဲ့ ချစ်သူဖြစ်သူတို့ဟာ နေထိုင်စရာ အိမ်မရှိဖြစ်နေပြီး လမ်းမတွေပေါ်မှာ အိပ်စက်ကြရကြောင်း ဖွင့်ဟပြောကြားလာတာကို တွေ့ရပါတယ်။

အက်တာနက်ဂ်လို့အမည်ရတဲ့ ဂျက်ကီချန်းသမီးဖြစ်သူနဲ့ ချစ်သူ အန်ဒီအော်တမ်တို့နှစ်ဦးက ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဗီဒီယိုတစ်ခုကို ယူကျူပေါ်မှာ ဖော်ပြခဲ့ပါတယ်။ ယင်းဗီဒီယိုမှာတော့ သူတို့ချစ်သူနှစ်ဦး အိမ်ခြေရာမဲ့ဖြစ်နေရပြီး ဒီလိုလမ်းမတွေပေါ်မှာ နေထိုင်ခဲ့ရတာ တစ်လခန့်ရှိသွားပြီဖြစ်တယ်လို့ ဆိုပါတယ်။ တစ်ခါတစ်ရံ တံတားအောက်တွေမှာတောင် အိပ်စက်ခဲ့ရကြောင်း၊ ဒီလိုဖြစ်ရတာဟာ လိင်တူကို ချစ်ကြိုက်မိတာကြောင့် မိဘတွေက လက်မခံနိုင်ကြတာဖြစ်တယ်လို့လည်း ဖွင့်ဟထားပါတယ်။

အက်တာနက်ဂ်ချော့ခ်လမ်ကိုယ်တိုင်က သူဟာ ဂျက်ကီချန်းရဲ့ သမီးဖြစ်ကြောင်း ယင်းဗီဒီယိုမှာ ထည့်သွင်း ပြောကြားခဲ့ပါတယ်။ အက်တာနက်ဂ်ရဲ့ မိခင်ဖြစ်သူ အယ်လိန်းနက်ဂ်နဲ့ ဂျက်ကီချန်းတို့ဟာ ပြီးခဲ့တဲ့ ၁၉၉၉ ခုနှစ်အတွင်း ပတ်သက်ခဲ့ကြတာဖြစ်ပါတယ်။ ဂျက်ကီချန်းကလည်း အက်တာနက်ဂ်ကို သမီးအဖြစ် လက်ခံပြီး ထောက်ပံ့စရိတ်တွေ ပေးခဲ့တာဖြစ်ပါတယ်။ လတ်တလောမှာတော့ သူဟာ အသက် ၁၈ နှစ်ပြည့်ပြီးခဲ့ပြီ ဖြစ်ပါတယ်။ ထောက်ပံ့မှုတွေကို ရခဲ့ပေမယ့် အက်တာနက်ဂ်ဟာ ဖခင်ဖြစ်သူနဲ့ အဆက်အသွယ်မရှိခဲ့ကြောင်းလည်း သိရပါတယ်။





အေးပြည့်-စုစည်းသည်

# လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း စည်းဝေး

**လွိုင်ကော် မေ ၂**
သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေး အဖွဲ့ (၄) နှင့် ကယားပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီတို့မှ သိမ်းဆည်းမြေများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့ (၄) အဖွဲ့ခေါင်းဆောင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်းရှိ သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ပြန်လည်စွန့်လွှတ်နိုင်ရေး ဗဟိုသို့ သုံးလေးကြိမ်တင်ပြထားပြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်း သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူများထံ ရရှိရေး လာရောက်ကူညီသည့်အဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊ လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ဗဟိုကော်မတီမှ ပြည်နယ်သို့ လွှဲပြောင်းပေးပို့သည့် အမှုတွဲ ၁၁ တွဲရှိရာ ဖြေရှင်းပြီး ကိုးမှု၊ ဖြေရှင်းရန်ကျန် နှစ်မှုဖြစ်ပြီး ပြည်နယ် မြေစစ်သို့ တိုက်ရိုက် တိုင်ကြားလာသော အမှုတွဲပေါင်း ၁၉ မှုရှိရာ ဖြေရှင်းပြီး ရှစ်မှု၊ ဖြေရှင်းရန်ကျန် ၁၁ မှုဖြစ်ကြောင်း၊ ကယားပြည်နယ်လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် ဧပြီ ၂၃ ရက်က အဆိုပါ အမှုတွဲပေါင်း ၃၀ လုံးအား ပြည်နယ်အစည်းအဝေးခန်းမ၌ ခေါ်ယူရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ပြန်လည်စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရန် ၁၆ မှုအား ဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေး အဖွဲ့ (၄) ဒုတိယ အဖွဲ့ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒေသခံတောင်သူတစ်ဦးက သိမ်းဆည်းမြေများနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူများ ပြန်လည်ရရှိရေး ယခုလို လာရောက်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်သန်းလွင်က တိုင်ကြားစာများနှင့်ပတ်သက်ပြီး အသေးစိတ် ရှင်းလင်းတင်ပြခဲ့ရာ အစည်းအဝေးသို့ တက်ရောက်လာသည့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၄) နှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဝင်များက အမှုတွဲတစ်ခုချင်းစီအလိုက် အသေးစိတ် အချက်အလက်များဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်း စိစစ်ရေးအဖွဲ့(၄)၊ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**





## ငွေဆောင်ကမ်းခြေတွင် လူရည်ချွန်ကျောင်းသားများ အေးချမ်းစွာရေကစား

**ပုသိမ် မေ ၂**
၂၀၁၈ ခုနှစ် လူရည်ချွန် အပန်းဖြေစခန်း ငွေဆောင်ကမ်းခြေ၌ မေ ၁ ရက် ညနေပိုင်းက မျိုးဆက်သစ် လူရည်ချွန် မောင်မယ်လေးများ ပျော်ရွှင်စွာ အပန်းဖြေရေကစားလျက်ရှိသည်ကို တွေ့ရသည်။

လူရည်ချွန်မောင်မယ်များ ရေကစားရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ကယ်ဆယ်ရေးရေယာဉ်များ၊ ကယ်ဆယ်ရေးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကြီးကြပ်သည့် ဆရာ၊ ဆရာမများ၊ ဒေသခံများနှင့် တာဝန်ရှိသူများက စနစ်တကျ လိုက်လံကြပ်မတ်ဆောင်ရွက်ပေးခြင်းကြောင့် အန္တရာယ်တစ်စုံတစ်ရာမရှိဘဲ လူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးတို့ အေးချမ်းပျော်ရွှင်စွာရေကစားခဲ့ရကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

## လှိုင်းဘွဲ့ချောင်းအတွင်း စွန့်ပစ်အမှိုက်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**လှိုင်းဘွဲ့ မေ ၂**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် မိုးရာသီအတွင်း စွန့်ပစ်အမှိုက်သရိုက်များ ရေထဲသို့ မျောပါ၍ ရေညစ်ညမ်းမှုမရှိစေရန် ရည်ရွယ်ကာ လှိုင်းဘွဲ့ချောင်းအတွင်း စွန့်ပစ်အမှိုက်သရိုက်များ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို မေ ၂ ရက် နံနက် ၇ နာရီခွဲက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အနာဂတ်လူငယ်အဖွဲ့နှင့် ဒေသခံပြည်သူများက လှိုင်းဘွဲ့ချောင်းနံဘေး နေအိမ်တစ်လျှောက် စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များအား ကောက်ယူသိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



## ‘ဧရာ’ ရုပ်ရှင်ရုံဖွင့်ပွဲ သရုပ်ဆောင် အကယ်ဒမီနေတိုး တက်ရောက်ဖွင့်လှစ်

**မိုးကောင်း မေ ၂**
ကချင်ပြည်နယ် မိုးကောင်းမြို့တွင် အဆင့်မြင့် ဧရာ ရုပ်ရှင်ရုံဖွင့်ပွဲအခမ်းအနားကို မေ ၁ ရက် ညနေ ၅နာရီက ဈေးကုန်းရပ်ကွက်ရှိ အဆိုပါ ရုပ်ရှင်ရုံရှေ့တွင် ကျင်းပရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေတိုး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ ကချင်အနုပညာရှင်များ အသင်းဥက္ကဋ္ဌ L ဇော်ဒိန်၊ ဧရာ Group နာယက ဒေါ်နန်းအေးခွမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

“ကချင်ပြည်နယ်မှာ အဆင့်မြင့်ရုပ်ရှင်ရုံ သုံးရုံရှိပါတယ်။ မြစ်ကြီးနားမြို့မှာ ဧရာအဆင့်မြင့်ရုပ်ရှင်ရုံ၊ ဗန်းမော်မှာ စတားအဆင့်မြင့်ရုပ်ရှင်ရုံ၊ ယခု မိုးကောင်းမှာ ဧရာအဆင့်မြင့်ရုပ်ရှင်ရုံပါ။ ပြသတဲ့ စက်အမျိုးအစားက ဂျာမနီနိုင်ငံလုပ် (Vargo) အမျိုးအစားဖြစ်ပြီး အသံပိုင်းကတော့ ပတ်လည်စနစ်ပါ၊ ထိုင်ခုံရယ် ပိတ်ကားရယ်ကတော့ ဟောင်ကောင်ကနေ တင်သွင်းထားတဲ့ ပစ္စည်းတွေဖြစ်ပါတယ်၊ ပိတ်ကားက Silver Screen ဖြစ်တဲ့အတွက် ပိတ်ကားမှာပါတဲ့ အပေါက်ကလေးတွေကနေ ပုံရိပ်တွေပြန်ဖော်ပေးလို့ ကြည့်ရှုသူတွေ အနေနဲ့ ရုပ်ပုံတွေကို ကြွကြွလေး ကြည့်ရှုခံစားရမှာပါ” ဟု ဧရာအဆင့်မြင့်ရုပ်ရှင်ရုံ တာဝန်ခံ မန်နေဂျာ ကိုငြိမ်းချမ်းအောင်က ရှင်းလင်းဖြေကြားခဲ့သည်။

ရုပ်ရှင်ချစ်မြတ်နိုးသူ ပရိသတ်တစ်ဦးက “အရင်ကဆိုရင် ရုပ်ရှင်ဇာတ်ကားတွေက အလှည့်ကျစနစ်နဲ့ဆိုတော့ မြို့ကြီးတွေမှာပြသပြီးမှ ကျွန်တော်တို့ဆီကိုရောက်တာ၊ အခုတော့ရုံပြိုင်စနစ်ဖြစ်သွားပြီဆိုတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ ရုပ်ရှင်ရုံတွေမှာ အသစ်ထွက်တဲ့ဇာတ်ကားတွေကို အချိန်နဲ့တစ်ပြေးညီ တစ်ပြိုင်တည်း ကြည့်ရှုခွင့်ရပြီး အကယ်ဒမီရွေးချယ်ပွဲအတွက်လည်း ရင်ခုန်လို့ရပါပြီ” ဟု ပြောကြားခဲ့သည်။

‘ဧရာ’ အဆင့်မြင့်ရုပ်ရှင်ရုံ (မိုးကောင်း) မှာ ရုပ်ရှင်ကြည့်ပရိသတ်တွေ အဆင်ပြေစေရန် ရုံဝင်ခ နှုန်းထားများမှာ ကျပ် ၁၀၀၀ တန်း ၁၅ ခုံ၊ ၁၅၀၀ တန်းခုံ ၃၀၊ ၂၀၀၀ တန်း ၄၄ ခုံ၊ ၂၅၀၀ တန်း ခုံ ၁၂၀၊ စုံတွဲ ၆၀၀၀ တန်း ၃၆ ခုံ စုစုပေါင်း ရုံပြည့် ၂၄၅ ဦး ကြည့်ရှုနိုင်ကြောင်းနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အကယ်ဒမီနေတိုး ပါဝင်သရုပ်ဆောင်ထားသည့် ကမ္ဘာကျော်ရွာ ဇာတ်ကား အခမဲ့ပြသခဲ့ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

## ငွေစာရင်းထိန်းသိမ်းရေးသင်တန်းဖွင့်ပွဲ ကျင်းပ

**တောင်ကြီး မေ ၂**
ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ငွေစာရင်းထိန်းသိမ်းရေး သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးစိုင်းစွံဆိုင်းက စည်ပင်သာယာရေးဌာနအသီးသီးသည် မိမိတို့မြို့နယ်၏ ဝင်ငွေများအပေါ် မူတည်ပြီး မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြသော ဌာနတစ်ခုဖြစ်ပါကြောင်း၊ ငွေကြေး ကိုင်တွယ်သုံးစွဲရသည့် ဌာနတစ်ခုဖြစ်သည်နှင့်အညီ ငွေကြေးအပိုင်းနှင့် ဆက်စပ်ဆောင်ရွက်ရသော လုပ်ငန်းအသီးသီး၊ ပစ္စည်းပစ္စယအသီးသီးတို့၏ ဆောင်ရွက်ခဲ့မှုများ၊ ဝယ်ယူခဲ့မှုများကို သက်ဆိုင်ရာ စာရင်းစစ်ရုံးများက စစ်ဆေးပြီး အကြံပြုချက်များကို ထုတ်ပြန်ပေးရကြောင်း၊ ယခုလို ငွေစာရင်း ထိန်းသိမ်းရေးသင်တန်းဖွင့်လှစ်ရခြင်းအားဖြင့် ငွေစာရင်းထိန်းသိမ်းခြင်းနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ပိုမိုသိလာကြမည်ဖြစ်ကြောင်း၊ သင်တန်းမှ ပို့ချသင်ကြားသည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို စနစ်တကျ သင်ကြားသွားကြပြီး မိမိတို့မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာနများ၏ များပြားလှသော စည်ပင်သာယာရေးလုပ်ငန်း တာဝန်များအနက် အရေးကြီးသည့် ငွေစာရင်းပိုင်းဆိုင်ရာလုပ်ငန်းများကို စနစ်တကျမှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးစားဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းအား ရှင်းလင်းပြောကြားပြီး သင်တန်းတွင် ပို့ချမည့်ခေါင်းစဉ်များမှာ ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်း၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ ငွေကြေးထုတ်ယူသုံးစွဲခြင်းဆိုင်ရာ စည်းကမ်း၊ ဘဏ္ဍာငွေထိန်းသိမ်းခြင်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲမှု၊ ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲခြင်းဆိုင်ရာများ၊ ဥပဒေ၊ အခွန်ဌာနခွဲဆိုင်ရာ လုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ စာရင်းစစ်ကန့်ကွက်ချက်လျှော့နည်းရေးနှင့် ကဏ္ဍကြီး ငါးရပ်စစ်ဆေးခြင်းနှင့် ပြည်နယ်ရသုံးမှန်းခြေ ငွေစာရင်းရေးဆွဲခြင်းနှင့် လချုပ်စာရင်းများရေးဆွဲခြင်း၊ နှစ်ချုပ်စာရင်းများရေးဆွဲခြင်း၊ ခေါင်းဆောင်မှုဘာသာရပ်ခေါင်းစဉ်များဖြင့် ပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကို မေ ၂ ရက်မှ ၄ ရက်ထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း (တောင်ကြီး)**

## (၇၂) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးနှင့် သွေးလှူဒါန်းပွဲပြုလုပ်

**မြစ်ကြီးနား မေ ၂**
(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် စုပေါင်းသွေးလှူဒါန်းပွဲကို မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ မေ ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ကချင်ပြည်နယ် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ခရိုင်မီးသတ် ဦးစီးမှူး ဦးအောင်သူ၊ မြို့နယ်ဦးစီးမှူး ဦးနိုင်ဝင်းတို့ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ အထွေထွေရောဂါကု ဆေးရုံကြီးအတွင်း၌ အမှိုက်၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်ကြပြီး ယင်းဆေးရုံကြီး သွေးလှူဘဏ်ဌာနတွင် မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တို့က သွေးလှူဒါန်းခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# အရှယ်ရောက်လာတဲ့ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

ခင်မောင်ဌေး(ပညာရေး)

၂၀၁၈ ခုနှစ်ဟာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရဲ့ နှစ် ၂၀ ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားဖြစ်ပါတယ်။ အဲဒီနေ့မှာပဲ ဂုဏ်ပြုဆုပေးပွဲပါ ထည့်သွင်းပြီး အခမ်းအနားကို နေပြည်တော် သတင်းစာတိုက် ဘိုးဝဇီရခန်းမမှာ ကျင်းပခဲ့ပါတယ်။

ရန်ကုန်ကလိုက်ကြမယ့် ဆောင်းပါးရှင်တွေ၊ သတင်းထောက်တွေနဲ့ ဆုယူမယ့်သူတွေကို သိမ်ဖြူလမ်းမှာရှိတဲ့ သတင်းနှင့်စာနယ်ဇင်းရုံးမှာ စုဝေးစေပါတယ်။ ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီမှာ စထွက်ကြပါတယ်။ စာရေးသူနဲ့ စာရေးဆရာ မောင်သာ(ရှေးဟောင်းသုတေသန)တို့က တော့ စကားတပြောပြောနဲ့ လိုက်ပါလာခဲ့ကြပါတယ်။ မွန်းလွဲ ၁၂ နာရီခွဲမှာတော့ အမြန်လမ်း ၃၉ မိုင် သပြေရိပ်မှာ နံနက်စာကျွေးပါတယ်။

### တွေ့ကြဆုံကြ မိတ်ဆက်နေကြ

အဲဒီကနေ ခရီးဆက်လိုက်ကြတာ နေပြည်တော်ကို ညနေ ၅ နာရီလောက်မှာရောက်ကြပါတယ်။ သတင်းသမားတွေကိုတော့ နေပြည်တော်စည်ပင်ဧည့်ရိပ်သာမှာ နေရာချထားပေးပြီး ဆောင်းပါးရှင်တွေ၊ ဆုရှင်တွေနဲ့ ဧည့်သည်တွေကိုတော့ ဥတ္တရသီရိမြို့နယ် ဟိုတယ်ဇုန် ၂ အေးချမ်းသာဟိုတယ်မှာ တည်းခိုရပါတယ်။ တစ်ညတာ အိပ်စက်ပြီးနောက် နောက်တစ်နေ့ ဧပြီ ၂၇ ရက် နံနက် ၉ နာရီမှာ ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်ကို ကြို/ပို့ ယာဉ်နဲ့ထွက်ခဲ့ကြပါတယ်။

နံနက် ၁၀ နာရီမှာတော့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ နှစ် ၂၀ ပြည့်အခမ်းအနားစတင်ပါတယ်။ အခမ်းအနားမစတင်မီ စာပေသမားတွေတွေ့ကြဆုံကြ၊ မိတ်ဆက်နေကြတဲ့မြင်ကွင်းတွေကလည်းဝမ်းသာစရာပါ။အသက် (၉၁)နှစ်ရှိနေပြီဖြစ်တဲ့ ဆရာကြီးဟံသာဝတီဦးအုန်းကြိုင်၊ ဆရာကြီးခင်မောင်အေး (မန္တလေး) တို့နဲ့အတူ ဆရာဦးဟန်ညွန့် (ဥပဒေ)၊ မောင်စာဂတို့နဲ့ စကားပြောခွင့်ရခဲ့သလို ဆရာစောနိုင်(အသုံးချဘောဂဗေဒ)၊ သိပ္ပံဆရာကိုကိုအောင်၊ ဆရာမောင်သာ(ရှေးဟောင်းသုတေသန) တို့နဲ့ ရင်းရင်းနှီးနှီးစကားပြောခွင့် ရခဲ့သည်။ စာပေမိတ်ဆွေဟောင်းများဖြစ်ကြတဲ့ ဦးဆောင်ညွှန်ကြားရေးမှူးဦးကျော်စိုး၊ ကြေးမုံသတင်းစာတိုက်ရဲ့ အယ်ဒီတာချုပ် ဦးခင်မောင်ကျော်ဒင်တို့ရဲ့ နွေးထွေးတဲ့ ကြိုဆိုမှုနဲ့ ပြန်လည်ထိတွေ့ခံစားခဲ့ရပါတယ်။

အခမ်းအနားဖွင့်လှစ်ပြီးတဲ့နောက်မှာတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းရဲ့ အဖွင့်မိန့်ခွန်းကို တဝကြီး နားထောင်ခဲ့ရပါတယ်။ ဒုတိယဝန်ကြီးက ယနေ့စာနယ်ဇင်းလောကအကြောင်း ပြောရရင် ပစ္စုပ္ပန်တစ်ခုတည်းကိုကြည့်၍ မရကြောင်း၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလတွေအထိ ဖြန့်ကြက်တွေးမြင်နိုင်ကြဖို့လိုကြောင်း၊ အတိတ်ကာလ ကုန်းဘောင်ခေတ် မင်းတုန်းမင်းလက်ထက်မှစ၍ သတင်းစာကျင့်ဝတ်ရှိကြောင်းကို လူတိုင်းသိပြီးဖြစ်ကြောင်း၊ ပစ္စုပ္ပန်ကာလ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရဲ့ ဖြတ်သန်းလွန်မြောက်လာခဲ့ရတဲ့ခရီးကြမ်းအကြောင်း၊ အနာဂတ်အတွက် ပုံနှိပ်မီဒီယာရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်လို့ ကမ္ဘာ့နာမည်ကြီး သတင်းစာများပင် ခြိမ်းခြောက်ခံနေရကြောင်း၊ Digital အသွင်မကူးပြောင်းနိုင်ပါက အန္တရာယ်ရှိကြောင်းနဲ့ သတင်းစာလွတ်လပ်ခွင့်ကိုကြည့်သည့်အခါ မိမိတို့နိုင်ငံရဲ့ အဆင့်တစ်ခုတည်းကို ကွက်ကွက်ကလေးမကြည့်သင့်ကြောင်း၊ မိမိတို့နိုင်ငံရဲ့အထက်ကို မော့ကြည့်သလို အောက်ကျနေတဲ့ နိုင်ငံတွေကိုလည်း မှန်မှန်ကန်ကန် ရှုမြင်သင့်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွေမှာ အစိုးရပိုင် မီဒီယာဆိုတာရှိနေသေးမှာဖြစ်ကြောင်း၊ အကြောင်းမှာ အမေရိကန်လိုနှစ်ပေါင်း ၂၀၀ ကျော်တည်ဆောက်ထားတဲ့ ဒီမိုကရေစီနိုင်ငံကြီး မဟုတ်သေးကြောင်း၊ ဒီမိုကရေစီကို ခုမှလျှောက်လှမ်းနေရတဲ့ နိုင်ငံအနေနဲ့ ထိန်းကျောင်းပေးဖို့ အစိုးရသတင်းစာတွေ ဆက်ရှိနေဖို့လိုကြောင်း စသည်ဖြင့် သတင်းသမားတစ်ဦးပီပီ တက်ရောက်လာတဲ့ သတင်းနှင့်စာနယ်ဇင်း သမားတွေကို တစ်ချိန်လုံးဖမ်းစားခေါ်ယူသွားနိုင်တာ တွေ့ရပါတယ်။

### မုဒိတာစကားပြောကြား

အခမ်းအနားမှာ သတင်းဆု၊ ဓာတ်ပုံဆုတွေအပြင် ကြော်ငြာအများဆုံးထည့်သွင်းတဲ့ဆုတွေပါ ချီးမြှင့်ခဲ့တာ တွေ့ရတယ်။ ဟံသာဝတီဦးအုန်းကြိုင်အပါအဝင် မုဒိတာ စကားပြောကြားသွားတာတွေတွေ့ရပါတယ်။ သတင်းစာတိုက်မှာပဲနေ့ခင်းစာကျွေးမွေးဧည့်ခံပါတယ်။ ပြီးတာနဲ့ အေးချမ်းသာဟိုတယ်မှာပြန်နားခဲ့ကြရပါတယ်။ ညပိုင်း ၇ နာရီမှာတော့ ဧည့်သည်တော်တွေကို Mt.Plesant Hotel မှာညစာ Dinner နဲ့ဧည့်ခံပါတယ်။ View Point လို့ ခေါ်နိုင်တာမို့ နေပြည်တော်တစ်ခွင်တစ်ပြင်ကို အပေါ်စီးက ရှုမြင်နိုင်တဲ့နေရာတစ်ခုပါ။ ဆိတ်ငြိမ်အေးချမ်းလှတဲ့ နေရာတစ်ခုမို့ အပန်းဖြေနားနေစရာကောင်းလှပါတယ်။ ဒီအပြင် ဝန်ဆောင်မှုလည်းကောင်းလှပါတယ်။ ညပိုင်း ၁၀ နာရီမှာတော့ စာရေးသူတို့အဖွဲ့ဟာ သတင်းနှင့်စာနယ်ဇင်းက ကြို/ပို့ယာဉ်နဲ့ပဲ ရန်ကုန်ကိုပြန်လာခဲ့ကြပါတယ်။ အပြန်ခရီးမှာတော့ သတင်းဓာတ်ပုံဆုရ Dr.လင်းလင်းဦးနဲ့အတူ ရန်ကုန်ကို နံနက် ၆ နာရီမှာ ပြန်ရောက်ခဲ့ပါတယ်။

### ကျေနပ်အားရ

တကယ်တော့ သတင်းနှင့်စာနယ်ဇင်း အခမ်းအနားကို တက်ရောက်ခဲ့တာဟာ အားပေးဖို့သက်သက်ပါ။ ဆုရရှိသူတွေကို လက်ခုပ်တီးပေးဖို့ပါ။ တစ်ဆက်တည်းမှာပဲ စာနယ်ဇင်းလုပ်ငန်းမှာ တစ်ခရီးတည်းသွားနေတဲ့စာရေးဖော်ရောင်းရင်းတွေနဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ အသိပညာလည်းတိုးခဲ့ရပါတယ်။ ထူးခြားတာကတော့ ပြန်ကြားရေးဒုတိယဝန်ကြီးပြောကြားသွားတဲ့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနဲ့ ဒီကနေ့နိုင်ငံတော်က တာဝန်ယူလုပ်ကိုင်နေရတဲ့အပေါ် သမမျှတစွာသုံးသပ်ပြောကြားသွားတဲ့အပေါ် ကျေနပ်အားရမိပါတော့တယ်။ ဘာပဲပြောပြော တစ်နေ့နေ့ တစ်ချိန်ချိန် ဒီမိုကရေစီ ရင့်ကျက်မြင့်မားလာတဲ့အချိန်မှာတော့ အစိုးရကကိုင်တွယ်နေတဲ့ သတင်းစာဆိုတာရှိကောင်းမှ ရှိမယ်ဆိုတာကိုတော့ သိသာစေနိုင်တဲ့ အချက်အဖြစ်သဘောပေါက်မိကြောင်းနဲ့ အရွယ်ရောက်လာပြီဖြစ်တဲ့ သတင်းနှင့်စာနယ်ဇင်းအနေနဲ့လည်း ဒီထက်တိုးတက်တဲ့ အဆင့်မြင့်နည်းပညာတွေနဲ့ ပေါင်းစပ်ပြီး ပြည်သူလူထုကိုပိုမိုအလုပ်အကျွေးပြုနိုင်ပါစေကြောင်း။

ဆုမွန်ကောင်းတောင်းလျက် . . .

## တနင်္သာရီမြို့နယ် မောတောင်မြို့ဖွံ့ဖြိုးတိုးတက်ရေး

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေး

**မြိတ် မေ ၂**

မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် တနင်္သာရီမြို့နယ် မောတောင်မြို့သည် အိမ်ထောင်စု ၈၇၉ စု ခန့်ရှိပြီး လူဦးရေ ၃၉၉၃ ဦး ခန့်ရှိကာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော နယ်စပ်မြို့တစ်မြို့ဖြစ်ရာ အဆိုပါ မောတောင်မြို့ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖြစ်ပေါ်လာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၃၀ ရက် ညနေ ၃ နာရီက မောတောင်တိုက်နယ်ဆေးရုံတွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။


တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က မောတောင်မြို့သည် နယ်စပ်မြို့ဖြစ်သည့်အတွက် စီးပွားရေးအခွင့်အလမ်းပိုမိုများပြားပြီး အထူးသဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်းကိုအခြေခံကာ တိုးတက်အောင်ဆောင်ရွက်နိုင်ရန် စီစဉ်နေကြောင်း၊ ထိုမှတစ်ဆင့် ဒေသခံပြည်သူတို့၏ လက်မှုပညာအရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချနိုင်ကြောင်း၊ တစ်ဖက်တွင်လည်း နယ်စပ်မြို့၏သဘောသဘာဝအတိုင်း ကောင်းကျိုးများစွာရရှိနိုင်သလို ဆိုးကျိုးများလည်း ဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် မူးယစ်ဆေးဝါးနှင့် တခြားသောတရားမဝင်ပစ္စည်းများ တင်သွင်းမှုမရှိအောင်လည်း ဒေသခံများနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် ရင်းနှီးပွင့်လင်းစွာ တင်ပြကြရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကာ ဒေသခံများ၏လိုအပ်ချက်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောတောင်နယ်စပ်ဂိတ်တွင် နယ်စပ်ဖြတ်သန်းသွားလာရေး စိစစ်ဆောင်ရွက်နေမှု၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ CCTV မှတ်တမ်းတင်စောင့်ကြည့်မှု၊ အရေးပေါ်စစ်ဆေးရေးဂိတ်ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ သွင်းကုန် ယာဉ်စစ်ကွင်းတွင် နေ့စဉ်ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များအား စစ်ဆေးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**



ရန်ကုန်မြို့ဆူးလေစေတီတော်ဂေါပကရုံး၌ ဧပြီ ၁၈ ရက် က မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် မနောသုခကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ ၁၂၅ ၏ဦးစီးပဓာန နာယကအဖွဲ့ချုပ် ဓမ္မကထိကဆရာတော် ဘဒ္ဒန္တပရမက အလှူငွေ ကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ ကြေးမုံ

## ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**ဘားအံ မေ ၂**

နေပြည်တော်တွင် ဧပြီလ၌ ကျင်းပခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး အထူးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဧပြီ ၂၈ ရက်က ဘားအံမြို့ ကရင်ပြည်နယ် တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းခဲ့ပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများက ရုံးလုပ်ငန်းလမ်းညွှန်ချက်များကိုလည်းကောင်း၊ ပြည်နယ်တရားရေး ဦးစီးမှူး (တာဝန်)က တရားရုံး စီမံခန့်ခွဲရေးလုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ကရင်ပြည်နယ်အတွင်းရှိ တရားရေးအရာရှိများ၊ တရားသူကြီးများ ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုသင်တန်း(Customer Service)ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပြည်နယ်တရားရေးဦးစီးမှူး(တာဝန်)ဒေါ်အေးအေးမွန်က တရားရုံးအသုံးပြုသူများအတွက် ဝန်ဆောင်မှုဆိုင်ရာ သင်ခန်းစာများကိုဆွေးနွေးခြင်း၊ Group အလိုက်ဆွေးနွေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး သင်တန်းကို ဧပြီ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းပြိုင်ပွဲကျင်းပ

**ကလေးဝ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်းပြိုင်ပွဲကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ မေ ၂ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

အဆိုပါပြိုင်ပွဲသို့ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၃ ဦးတို့က "လူငယ်ဘဝ တိုးတက်ဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဌ ဦးဇော်လင်းနှင့် မြို့နယ်ရဲမှူးတို့က ဆုများချီးမြှင့်ခဲ့သည်။

**သက်ဟန်(ကလေးဝ)**

# အညာမြေရဲ့ထန်းပဒေသာပင်များ ပူးပေါင်းကာ အဖြေမရှာလျှင်ဖြင့်

ကိုထိန် (ငါ့သရောက်)

အညာဒေသလို့ပြောလိုက်တာနှင့် ပထမဆုံးတွေးမိတာက အပင်ဆိုလျှင် ထန်းပင်ကိုပြေးမြင်မိကြပေသည်။ ကျွန်တော်၏ဘိုးဘွားများက ထန်းပင်အကြောင်းအမြဲပြောပြ၍ သိနေရသည်။ ထန်းပင်တို့မည်သည် အညာဒေသမှာတော့ နှစ်သက်တမ်းရှည်လွန်းသောအပင်မျိုးဖြစ်ကြောင်း တစ်နှစ်မှ ကြက်မတစ်ဝပ်စာသာ အရှည်ထွက်ကြောင်းနှင့် တစ်နှစ်လုံးမှ ထန်းရွက် ၁၀ ရွက်၊ ၁၂ ရွက်သာထွက်ကြောင်းသိရှိရပြီး အညာဒေသရှိ ရှေးဘိုးဘွားများက ယာခင်းအစပ်များတွင် တန်းစီ၍ စိုက်ပျိုးခဲ့ကြသည်မှာ ပုဂံ၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ငါ့သရောက်၊ ရေစကြိုမြို့တို့တွင် ယနေ့ထိတွေ့နေရပြီး ထန်းပင်များ ရှေးလူကြီးတွေစိုက်ခဲ့ကြသလောက် ယခုအခါတွင် ထန်းပင်များမစိုက်ပျိုးကြတော့ဘဲ ခုတ်လှဲနေကြသည်ကို မြင်မကောင်းအောင်တွေ့မြင်နေရသည်။

လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုလောက်က မြန်မာ့ထန်းလုပ်ငန်းဟာ ထန်းတောပိုင်ရှင်ရော ထန်းအငှားတက်သူရောသိုက်သိုက်ဝန်းဝန်းနဲ့ချစ်စရာအညာတောခလေ့ပီပြင်ခဲ့ရာကနေ သကြားဈေးကွက်ကို မယှဉ်နိုင်တော့ဘဲ ထန်းသမားများ တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာကြသည်။ ထန်းတက်ခြင်းလုပ်ငန်းသည် အပြောလွယ်သလောက် အိမ်ရှိ လူကုန်ပင်ပန်းသောလုပ်ငန်းဖြစ်ပြီး ဒီနေ့အချိန်ထိ ထန်းတက်လုပ်ငန်းဖြင့်ချမ်းသာသွားသည် မကြားဖူးပါဟု ထန်းတောပိုင်ရှင်ဦးမှတ်စိန် (လဲဂွကျေးရွာ)က ပြောပြသည်။ ထန်းတက်လုပ်သားများ ထန်းတောင်သူများ တစ်နေ့တခြားမလုပ်ကိုင်တော့ဘဲ ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်နေကြသည်မှာ သန်မာအရွယ်ရောက်နေသောအမျိုးသားများ ရွာထဲမကျန်သလောက်ဖြစ်ကြောင်း ငါ့သရောက်မြို့နယ် ထန်းပေါက်ကုန်းကျေးရွာ ဒေသခံတစ်ဦးကပြောပြသည်။

**သစ်သားဈေးကြီးမားလာခြင်း**

သစ်သားများအစား ထန်းသားများ အသုံးပြုမှု များလာခြင်းသည် သစ်သားဈေး မတတ်နိုင်၍ ထန်းသားများ ပြောင်းသုံးခြင်းဖြစ်ကြောင်းနှင့် ထန်းပင်သက်တမ်း ၄၅ နှစ်အထက် အပင်များမှ ထန်းသားများသည် မာကျောပြီးခိုင်ခံ့ကာ လူနေအိမ်၊ နွားတင်းကုပ်၊ ဆိတ်တဲများ ဆောက်လုပ်ရာတွင် ထန်းသားများ အသုံးပြုမှု များပြားလာနေခြင်းသည် အပူပိုင်းဒေသ ရာသီဥတုခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေပေပြီ။

**ထန်းပင်တစ်ပင်လုံးအသုံးဝင်**

ထန်းပင်သည် လွှင့်ပစ်စရာ မရှိလောက်အောင် တစ်ပင်လုံးအသုံးဝင်သော အပင်အမျိုးအစားဖြစ်သည်။ အညာဒေသတွင် ထန်းပင်များအား ပဒေသာပင်များဟု တင်စားခေါ်ဝေါ်ကြပေသည်။ ထန်းပင်၏ အစိတ်အပိုင်းတစ်ခုစီဖော်ပြရသော် . . .

**ထန်းသီး**

ထန်းသီးပင်ကို ထန်းမပင်ဟုခေါ်ဆိုကြပြီး ထန်းရည်အတွက် ထန်းတက်နိုင်ပြီး အသီးကို နွားစာအဖြစ်အသုံးပြုကြကာ ရင့်မှည့်သည့်အချိန်တွင် ထန်းရေမှုတ် (သောက်ရေချမ်းစင်)များတွင် လက်ကိုင်ကိုင်းတပ်ပြီး ရေသောက်ရန်ထားရှိသည် ယနေ့ မမြင်တွေ့ရတော့ပေ။ မုန့်ပြားသလက်ထိုးရာတွင် ထန်းသီးမှုတ်သည် မုန့်ရည်ခပ်ရာတွင်ချိန်ခွက်သဖွယ် အသုံးဝင်ဆဲဖြစ်သည်။ ကျောက်ပန်းတောင်း မုန့်ပြားသလက်ဆိုင်များတွင် အသုံးပြုဆဲပင်ဖြစ်သည်။ ထန်းသီးတစ်လုံးတွင် ထန်းဆန် နှစ်ဆန်နှင့်သုံးဆန်အထိရှိပြီး တစ်ဆန်နှင့် လေးဆန် ပါသည်မှာ ရှားပါးသည်။ ထန်းသီးနုချိန်တွင် စားသုံးရပြီး အချို့က ဟင်းချက်စားကြသည်။ ထန်းသီးအသားကို နွားစာအဖြစ် အသုံးပြုသည်။ ထန်းသီးဆန် အရင့်များကိုခွဲ၍ အပုပ်စိမ်ကာ နွားကျွေးကြပြီး နွားများ တအားစားကာ လှပဝဖြိုးကြသည်။ ထန်းသီးများရင့်မှည့်ချိန်တွင် ထန်းပင်မြစ်အဖြစ်ပျိုးထောင်ကာ စားသုံးရန်အတွက် ရောင်းချကြသည်။ ထန်းပင်မြစ်အား ပြုတ်စားခြင်း၊ ဖုတ်စားခြင်းနှင့် ထောင်း၍ ကြော်စားလျှင် အနံ့အရသာမွှေးပျံ့ပြီး စားကောင်းသည်။

**ထန်းနို့**

ထန်းနို့ထွက်သောအပင်အား ထန်းဖိုပင်ဟုခေါ်ဆိုပြီး အရပ်အခေါ် ထန်းဖိုနုသည် တပို့တွဲလတွင် ထွက်ရှိပြီး တပေါင်းလလောက်တွင် ထန်းဖိုနုထန်းတက်လုပ်ငန်းပြီးမြောက်၍ တပေါင်းတန်ခူးတွင် ထန်းခိုင်ချောင်းညှပ်၍ ဒုတိယအကြိမ်ထန်းတက်လုပ်ငန်း စတင်ပြန်သည်။ ထန်းညှပ်လုပ်ငန်း တန်ခူးလတွင်ပြီးမြောက်ပြီး ထန်းမပင်ဘက်သို့ကူးပြောင်းကာ နယုန်လတွင်ထုပြီး ထန်းသီးဖြတ်ကာ တော်သလင်းလတွင် ထန်းသိမ်းချိန်ဖြစ်သည်။

**ထန်းရွက်**

ထန်းရွက်ကိုအိမ်မိုးခြင်း၊ နွားတင်းကုပ်၊ ဆိတ်တဲများနှင့် ထန်းရွက်ပုတီး၊ ထန်းရွက်ငါးရုပ်၊ ကြက်တူရွေးရုပ်နှင့် ထန်းရွက်ဖာအသေးများပြုလုပ်နိုင်သည်။ ထန်းရွက်သည် ပူပြင်းသည့် အညာဒေသအတွက် အကောင်းဆုံးသော အပူဒဏ်ကာကွယ်ပေးသော အမိုးအကာဖြစ်သည်။

**လက်တံ**

ထန်းလက်တံခေါ်(ထန်းလက်ပြား)ကို အိမ်ခြံစည်းရိုးကာရံခြင်း၊ လျှော်ယူ၍ ကြိုးကျစ်ခြင်း၊ ထန်းခေါက်ခြင်းပြုလုပ်ခြင်း၊ ထန်းခေါက်ဖာရက်လုပ်ခြင်း၊ ထန်းလျှော်ဖျာရက်လုပ်ခြင်း၊ ထန်းသားကုလားထိုင်၊ ထန်းစားပွဲ၊ ထန်းတန်းလျား၊ မြန်မာ့ရိုးရာ ခြင်းလုံးရက်လုပ်ကစားခြင်းနှင့် နွားပါးစပ်စွပ်ခြင်းများပြုလုပ်သည်။

**ထန်းစစ်ကြော**

ထန်းစစ်ကြောသည် မိုးရာသီ မီးမွှေးရလွယ်ကူခြင်းကြောင့် စုဆောင်းထားတတ်ကြခြင်း၊ ထန်းရည်ကိုကျိုချက်ရန် ဒယ်ထဲသို့ထည့်ရာတွင် ပျားကောင်များ၊ အမှိုက်များ ပါမသွားစေရန် ရေစစ်သဖွယ် အသုံးပြုကြသည်။

ယခုအချိန်အခါတွင် အညာဒေသရှိ သက်တမ်းရင့်ထန်းပင်များ ခုတ်လှဲနေကြသည်မှာ မြင်မကောင်းအောင်ပင် အတုံးအရုံး မြင်တွေ့နေရသည်။ အချို့က ထန်းတက်မည့်သူမရှိ၍ ရောင်းစားခြင်း၊ ထန်းလျက်ဈေးမကောင်းတော့၍ ရောင်းစားခြင်း၊ သစ်ဈေးမြင့်မားလွန်း၍ ထန်းသားအသုံးပြုလာခြင်း၊ ထန်းပင်များ ဈေးကောင်းရ၍ ရောင်းစားခြင်းများ၊ ယာမြေထဲလောင်းကျ၍ ခုတ်ပစ်ခြင်းများသည် ပူပြင်းခြောက်သွေ့သည့် အညာဒေသအတွက် နောင်တစ်ချိန်ကျရင်ဖြင့် သဘာဝလောကကြီးရဲ့ ဒဏ်ခတ်ခြင်းမခံရအောင် ပူးပေါင်းအဖြေရှာကြမှသာလျှင် . . .။

> “ပူပြင်းခြောက်သွေ့သည့် အညာဒေသအတွက် နောင်တစ်ချိန်ကျရင်ဖြင့် သဘာဝလောကကြီးရဲ့ ဒဏ်ခတ်ခြင်းမခံရအောင် ပူးပေါင်းအဖြေရှာကြမှ . . .”






# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝစေသော ဓာတ်ကြီးလေးပါးနှင့် ခင်ပွန်းကြီးဆယ်ပါး

ဂုဏ်ရည်ဆရာလှမျိုး (B.Sc) စီစဉ်ရေးသားသည့် ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝစေသော ဓာတ်ကြီးလေးပါးနှင့် ခင်ပွန်းကြီးဆယ်ပါးစာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် စာရေးသူသည် လူငယ်ပီပီ လောဘစိတ်ဖြင့် ထိုးထားသောထီ ပေါက်ပါစေဟု ဆုတောင်းလိုက်သဖြင့် နောက်တစ်နေ့ ထီထွက်သောအခါ သိန်းဆုတစ်ဆုပေါက်ခဲ့သည်။ ထိုအောင်မြင်မှုကြောင့် စိတ်ဝင်စားသွားပြီး ငွေကြေးအခက်အခဲကိစ္စဆုတောင်းလိုက်ရာ မကြာမီ ရက်ပိုင်းအတွင်း အခက်အခဲဖြစ်နေသော ငွေကြေးများ ဆက်တိုက်ဝင်လာသည်။

လူသားတိုင်း၏ ဘဝတွင် အခက်အခဲမျိုးနှင့် ကြုံတွေ့လေ့ရှိသောကြောင့် ထိုအခက်အခဲများကို ကျော်လွှားနိုင်စေရန် ခင်ပွန်းကြီးဆယ်ပါးကိုပူဇော်ကန်တော့ကာ လိုရာဆုကိုတောင်းနိုင်ကြောင်း စာရေးသူ၏ ကိုယ်တွေ့အဖြစ်အပျက်ကို ရေးသားထားသောကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၈၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃တို့မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိသည်။**



## မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဘုန်းတော်ကြီးကျောင်း ပညာရေးသမိုင်း

ခေတ်အဆက်ဆက် ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်းကို လေ့လာမည်ဆိုလျှင် မြန်မာနိုင်ငံ၊ ဧရာဝတီ၊ ဗုဒ္ဓဘာသာဆိုသည့် အချက်သုံးချက်ကို ရှောင်လွှဲ၍မရကြောင်း စာရေးသူ တက္ကသိုလ်မောင်သုည စီစဉ်သည့် မြန်မာနိုင်ငံ ခေတ်အဆက်ဆက် ဘုန်းတော်ကြီးကျောင်းပညာရေးသမိုင်း စာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံးခေတ်ဖြစ်သည့် တကောင်းခေတ်သည် ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကမ်းဘေးတွင် စတင်တည်ခဲ့ပြီး တကောင်းခေတ်နောက်ပိုင်းရောက်သောအခါ တကောင်းပြည်မှ ဧရာဝတီမြစ်အတိုင်း စုန်ဆင်းလာရာ သရေခေတ္တရာမှာ မြန်မာတို့ဒုတိယခေတ်ကို တည်ထောင်ကြပြန်သည်။ ဤသို့ဖြင့် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ် စသည့်ခေတ်များနှင့် ဧရာဝတီနှင့်ဆက်စပ်နေပြီး ဧရာဝတီမြစ်ကိုအမှီပြု၍ ခေတ်အဆက်ဆက်ထူထောင်ခဲ့ကြသည်။ မြန်မာမင်းဆက်ခေတ် နောက်ဆုံးခေတ်ဖြစ်သည့် ကုန်းဘောင်ခေတ်တွင် မင်းဆက် ၁၁ ဆက်ရှိခဲ့သည်။ ဧရာဝတီမြစ်ရိုးတစ်လျှောက်ကိုပင် အဓိကအမှီပြု၍ နယ်ချဲ့အင်္ဂလိပ်တို့ကိုတိုက်ထုတ်ကာ လွတ်လပ်ရေးရခြင်းသည်လည်း ဧရာဝတီမြစ်နှင့် ဆက်စပ်နေသည်။ မြန်မာ့လွတ်လပ်ရေး၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မြန်မာနိုင်ငံ ဘုန်းတော်ကြီးကျောင်းပညာရေးက စတင်မွေးထုတ်ပေးခဲ့သည်။

**စာအုပ်ကို ရွှေသစ္စာစာပေ၊ တိုက်-၄၇၂၊ အခန်း-၂၀၂၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း-၀၉-၅၃၆၀၇၃၆နှင့် ၀၉-၃၁၀၃၉၈၈၅တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**



## ဝိပဿနာနှင့်ဆိုင်ရာ စာစုများ(စတုတ္ထအကြိမ်)

ဝိပဿနာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ ခန္ဓာ-၅ ပါးတစ်ဦး ပြုစုထားသည့် ဝိပဿနာနှင့်ဆိုင်ရာ စာစုများ စာအုပ်ထွက်ရှိလာသည်။

လူသားတို့သည်လူဖြစ်လာသည်နှင့် မိမိတို့ လုပ်ဆောင်မှုများကို နောင်ဘဝမပြောနှင့် နက်ဖြန် သင်ဘာဖြစ်မည်ဆိုသည်ကို သေချာအောင် မပြောနိုင်ပါ။

သေချာသည်တစ်ခုကတော့ ဝိပဿနာ အားထုတ်ခြင်းသည် အို၊ နာ၊ သေက လွတ်မြောက်နိုင်မည့် နိဗ္ဗာန်ကို ရောက်နိုင်သည်ကို ပြောနိုင်သည်။

အပါယ်တစ်ခေါက် ကျသွားလို့ကတော့ တော်တော်နှင့် ပြန်တက်လာဖို့မလွယ်နိုင်ပေ။ အကယ်၍ ကံကောင်းလို့ နောက်တစ်ခါ လူလာဖြစ်လာလျှင်လည်း ဒီလိုသာသနာနဲ့ ဆုံဖို့ မလွယ်ပေ။ ထိုသို့ လူ့ဘဝတွက် ကြုံကြိုက်သည့် အချိန်အခါတွင် ဝိပဿနာကို ပွားများအားထုတ်သင့်ကြောင်း၊ ထို့ကြောင့် လူ့ဘဝရရှိခိုက်တွင်တန်ဖိုးရှိစွာ နေထိုင်နိုင်စေရန် အဆိုပါစာအုပ်ဖတ်ရှုလေ့လာခြင်းဖြင့် အကျိုးများနိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကိုနန်းဒေဝီစာပေ၊ အမှတ်-၂၀၀၊ ၃၆-လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၃၀၂၉၅နှင့် ၀၁ ၃၉၁၆၃၃ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။**




## အိုလံပစ်သင်္ချာ Intermediate Grade- 8, 9, 10

ကျောင်းသား ကျောင်းသူများ သင်္ချာဉာဏ်စွမ်းတိုးတက်စေရန် အောင်နိုင်သူ အယ်ဒီတာအဖွဲ့စီစဉ်သည့် သင်္ချာဉာဏ်စွမ်းရည် တိုးတက်လိုသူများအတွက် အိုလံပစ်သင်္ချာ စာအုပ်ထွက်ရှိလာသည်။

ကျောင်းသားကျောင်းသူများ သင်္ချာပုစ္ဆာများတွင် ရိုးရှင်းသောပုစ္ဆာများအပြင် ခက်ခဲနက်နဲသောပုစ္ဆာများကိုပါ ဖြေရှင်းနိုင်စေရန် လွယ်ကူသော စာပိုဒ်များနှင့် ဥပမာများကိုပါထည့်သွင်းဖော်ပြထားသည်။ ထို့အပြင် ယင်းခက်ခဲနက်နဲသော ပုစ္ဆာများကိုဖြေရှင်းနိုင်ရန်အတွက် ဥပမာများနှင့်တွက်နည်းများကို အခန်းတစ်ခန်းချင်းစီအလိုက် ဖော်ပြထားပြီး အဆိုပါစာအုပ်ထဲတွင် ရှင်းလင်းချက်များ၊ ဖော်ပြချက်များနှင့် ဥပမာများကို ကျောင်းသားကျောင်းသူများ လွယ်ကူစွာနားလည်နိုင်စေရန် ဖော်ပြထားသည်။ ယင်းအပြင် ဖတ်၍လေ့ကျင့်နိုင်ရန်လည်း လေ့ကျင့်ခန်းများကို အဖြေနှင့်တကွဖော်ပြထားသည်။ သင်္ချာပုစ္ဆာများကို လွယ်ကူစွာဖြေရှင်းနိုင်မည်ဖြစ်သောကြောင့် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်-၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၉၂၈၃၅နှင့် ၀၉-၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။**



## အိမ်ထောင်ရေးနှင့် အခြားဆောင်းပါးများ စုစည်းမှု


နိုင်ငံသားတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာခွန်အားများ ပွားများတိုးတက်စေ့ဆော်စေရန် စာရေးသူ အောင်အောင် (IR) စီစဉ်သည့် အိမ်ထောင်ရေးနှင့် အခြားဆောင်းပါးများစာအုပ်ထွက်ရှိလာသည်။

ယခုအခါ နိုင်ငံတကာတွင် အိမ်ထောင်မပြုသူ ဦးရေမြင့်တက်လျက်ရှိပြီး တစ်နည်းဆိုရလျှင် အိမ်ထောင်မပြုသည့်အမျိုးသား အမျိုးသမီးဦးရေသည် တစ်ဟုန်ထိုးများပြားလျက်ရှိသည်။

တစ်ချိန်က အမျိုးသမီးများသည် အမျိုးသားများနှင့် ယှဉ်လျှင် ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများစွာ ကွာခြားနိမ့်ကျသည်ဖြစ်ရာ မှီခိုအားထားရန် အိမ်ထောင်ဖက် မဖြစ်မနေရှာဖွေရန် လိုအပ်ခဲ့သည်။

ယခုခေတ်အခါတွင် ထိုကဲ့သို့ မဟုတ်တော့ဘဲ အမျိုးသားများနှင့်တန်းတူ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာသည်နှင့်အမျှ မိမိခြေထောက်ပေါ် မိမိရပ်တည်လာပြီး အားကိုးစရာမလိုတော့သဖြင့် အိမ်ထောင်မပြုသည့်အမျိုးသမီးဦးရေမှာ များပြားလာခြင်းဖြစ်သည်။ ပညာရေး၊ လူမှုရေးနှင့် နိုင်ငံရေးအခြေအနေများကို ဖော်ပြထားသည်။

**စာအုပ်ကို ကောင်းဆုသာစာပေ၊ Yangon Book Plaza၊ ဆိုင်အမှတ်(B-8)၊ သံဈေး(၅)လွှာ၊ ၁၇-လမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၀၀၈၃၄၈၂နှင့် ၀၉-၇၉၉၂၅၇၁၄၈ တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**



## ဖောင်နန်းစကြာရတနာနှင့် စွယ်စုံသုံးနည်းပညာများ

ရှေးမြန်မာမင်းများလက်ထက်က အသုံးပြုခဲ့သော နန်းသုံးဖောင်ကြီးများအကြောင်း စာရေးသူ မောင်နိုင်(ဒဿနိက) စီစဉ်သည့် ဖောင်နန်းစကြာရတနာနှင့် စွယ်စုံသုံးနည်းပညာများ စာအုပ်ထွက်ရှိလာသည်။

မြန်မာ့နန်းသုံးဖောင်တော်ကြီးများအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာပြီး ဘက်စုံသုံးရေယာဉ်များအဖြစ် သယ်ယူပို့ဆောင်ရေး၊ ယာယီမြစ်ကူးတံတားကြီးများအဖြစ် အသုံးပြုခဲ့မှု၊ ရေကြောင်းတွဲဆွဲမှုနည်းပညာများ၊ နိုင်ငံတကာနည်းတူ ရေကြောင်းတိုက်ပွဲဝင်ဖောင်ကြီးများ၊ ဆင်ဖြူတော်ကြီးများနှင့် လေးလံသောမင်းကွန်းခေါင်းလောင်းတော်ကြီး၊ မဟာမြတ်မုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ရွှေတိဂုံစေတီထီးတော်များ အစရှိသည့် ကုန်စည်များ သယ်ယူပို့ဆောင်ခဲ့မှုတို့ကို ဧရာဝတီမြစ်၏ နှစ်၊ လအလိုက် ရေစီးနှုန်း၊ ဦးတည်အရပ်မှတ်တမ်းများ၊ ခေတ်မီသိပ္ပံနည်းပညာတွက်ချက်မှုများနှင့် ယှဉ်တွဲကာလေ့လာနိုင်ရန် ဖော်ပြထားသည်။

**စာအုပ်ကို ကမ်းရိပ်မွန်စာပေ၊ အမှတ်-၄၇၀၊ အင်း၀-၆ လမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၈၁၆၂၀၂၃နှင့် ၀၉-၄၄၄၇၄၂၇၅၈တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။**




## သီဟသူရညိုအေး

တပ်မတော်ကပေးအပ်သောအမိန့်နှင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် သီဟသူရဘွဲ့တံဆိပ်နှင့် ဂုဏ်ပြုလွှာများကို လေ့လာနိုင်စေရန် စာရေးသူယောနကဘိုးထောင် စီစဉ်ရေးသားသည့် သီဟသူရညိုအေး စာအုပ်ထွက်ရှိလာသည်။

၁၉၇၇ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့ နံနက်တွင် ဟိုပန်မြို့နယ် ခြူးရွှေ(ပီ-၈၂၀၁၈၀) ဗကပ အင်အား ၁၅၀၀ တို့ဖြင့် စတင်တိုက်ပွဲဖြစ်ခဲ့ရာ တပ်သားညိုအေးသည် တပ်သားအဖြစ်ပါဝင်ခဲ့သည်။ ထိုစဉ်က ရန်သူက လက်နက်ကြီးများဖြင့် တရစပ်ကျရောက်ပေါက်ကွဲနေချိန်တွင် တပ်သားညိုအေးသည် ခြံစည်းရိုးကိုဖောက်ဝင်၍ လက်တွင်းမှ ဘီအေ ၆၄ စက်ကလေးဖြင့်တရစပ်ပစ်ခတ်တက်သွားသည်။ ရန်သူကတုတ်ကျင်းမှ ၁၀ ကိုက်ခန့်အကွာတွင် ရန်သူစက်လက်ဖြင့်အပစ်ခံရကာလဲကျသွားသည်။

လဲကျသွားသည့်ကြားမှပင် ပြန်ထပြီး အခြားတပ်ဖွဲ့ဝင်များတက်လာနိုင်စေရန် ကာပစ်ခဲ့သည်။ ထိုစဉ်ကတုတ်ကျင်းထဲမှ လက်ပစ်ဗုံးများလိုမ့်ချသဖြင့် ထပ်မံဒဏ်ရာရရှိခဲ့ပြန်သည်။ ရန်သူများ၏ လက်ယှက်ထိုးပစ်ခတ်မှုကြောင့် တပ်သားညိုအေး ကတုတ်ကျင်းထိပ်မှာပင် ကျဆုံးသွားခဲ့သဖြင့် နိုင်ငံတော်မှ သီဟသူရဘွဲ့တံဆိပ်ကိုချီးမြှင့်ခဲ့သည်။

**စာအုပ်ကို ပန်းဆုဝေစာပေ၊ ဃ/၄၈၆၊ နတ်စင်လမ်းနှင့် မြို့ပတ်လမ်းထောင့်၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၉၈၉၈၅ က တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။**



## လွတ်လပ်သောလူသား

လူသားတိုင်းရှင်သန်နေထိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်သော လူ့အသိုင်းအဝိုင်းဖြစ်လာရေး၊ ရှင်သန်ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ စာရေးသူ ခင်မောင်လွင်စီစဉ်သည့် လွတ်လပ်သော လူသား စာအုပ်ထွက်ရှိလာသည်။

လူ့ဘဝတွင် မိမိလိုချင်တာ၊ မိမိတတ်ချင်တာ၊ မိမိဖြစ်ချင်တာကို လုပ်နိုင်သည့်အခွင့်အလမ်း အကြီးမားဆုံးအခွင့်အလမ်းဖြစ်သည်။

ယင်း အခွင့်အလမ်းဆိုသည်က အလွန်ပင်ရှားပါးတာချည်းပဲဖြစ်သည်။ ထို့ကြောင့် အဆိုပါအခွင့်အလမ်းကို အမိအရဆုပ်ကိုင်ကာ အသုံးချကြရမည် ဖြစ်သည်။ ဆင်းရဲသားမိသားစုက မွေးဖွားလာခြင်းသည် မိမိ၏အပြစ်မဟုတ်၊ ဆင်းဆင်းရဲရဲဖြင့် သေရမည်ဆိုက မိမိအပြစ်ဖြစ်သည်။

မွေးကတည်းက ဘာမှမတတ်တာ ကိုယ့်အပြစ်မဟုတ်ပေမယ့် သေသည်အထိ ဘာမှမတတ်ခြင်းသည် မိမိ၏အပြစ်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်းသည် ရခဲလှသော လူ့ဘဝကိုရရှိလာခြင်းသည် အလွန်တန်ဖိုးရှိသော အခွင့်အလမ်းတစ်ခု ရရှိခြင်းဖြစ်ကြောင်းကို နားလည်ထားသင့်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို ရွှေသစ္စာ စာပေ၊ တိုက်-၄၇၂၊ အခန်း-၂၀၂၊ ရာဇာဓိရာဇ်အိမ်ရာ၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ -၅၃၆၀၇၃၆ နှင့် ၀၉-၃၁၀၃၉၈၈၅တို့မှ တန်ဖိုးငွေကျပ်၁၀၀၀ဖြင့် ဖြန့်ချိသည်။**

ကြော်ငြာ


ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
## မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း
သူငယ်တန်းမှ ဒသမတန်း

မေလ ၁၀ ရက်နေ့တွင် ကျောင်းစတင်ဖွင့်လှစ်ပါမည်

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ

ကျောင်းလခနှင့် နှစ်စဉ်ကြေး

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဥ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |
| **အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀** | |
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

ကျောင်းချိန်နှင့် အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများအတွက်

- သူငယ်တန်းမှ ဒသမတန်းအထိ နံနက် ၈း၀၀ မှ နေ့လယ် ၁း၃၀ နာရီအထိ၊
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။
(Study Guide အချိန်ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ နံနက် ၈း၀၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ)
*လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်*

**ကျောင်းတည်နေရာ** MEC-1 အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**ဆက်သွယ်ရန်** ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅ ၂၀၃၊ ၀၉ ၄၄ ၅၀ ၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၁၃၈၈၇၊ ၀၉ ၉၆၁၃၇၇၃၅၄၅၁

Myanmar Education Centre (MEC) သည် စေတနာ၊ သဒ္ဓါ၊ ဝါသနာတို့ဖြင့် ရင်းနှီးမတည်က ကျောင်းလစဉ်ကြေးကို မိဘများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ရည်ရွယ်၍ အတတ်နိုင်ဆုံး လျှော့ချကောက်ခံထားပါသည်



**YGN** အိမ်၊ ခြံ၊ မြေအကျိုးဆောင်
လူကြီးမင်းတို့ပိုင်ဆိုင်သော တိုက်ခန်း၊ လုံးချင်းနှင့် ကွန်ဒိုအား အမြန်ဆုံး ရောင်း/ဝယ်/ငှား ပြုလိုပါက ဆက်သွယ်အပ်နှံနိုင်ပါပြီ။ 09 779933549, 09 262626177



"ရွှေစည်"
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029,09-795669534



တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
ဝန်ထမ်းအမြန်အလိုရှိသည်။ (ပြည်တွင်း၌သာ ခန့်ထားရန်။)
အမှတ်(၁၀၇/၁၀၈)၊ က(၆)လမ်း၊ (က+ခ)မြို့သစ်ရပ်ကွက်၊ အင်းစိန်
ဆက်သွယ်ရန်ဖုန်း – ၀၉ ၄၂၁၀၈၄၈၁၄၊ ၀၉ ၇၈၂၀၇၆၄၃၁

၁။ AG ယာဉ်မောင်း
၂။ Truck ကားကြီးယာဉ်မောင်း
၃။ Tower Crane/Mobile Crane Operator
၄။ Backhole/ Wheel Loader Operator
၅။ ရေပိုက်ဆက်ကျွမ်းကျင်

* လစာကောင်းကောင်းပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့် နေ့မှစ၍ အထက်ပါ လိပ်စာသို့ လာရောက်လျှောက် ထားနိုင်ပါသည်။



ကံကြမ္မာ အကျိုးအကြောင်း၊ အဆိုးအကောင်းများကို တစ်နှစ်တာဟောပြောထားပါသည်။
မြန်မာသက္ကရာဇ် ၁၃၈၀ – ပြည့်နှစ်
# ဝံ·ကလိဘို
## မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
City Mart, Ocean, Capital, Orange, Sein Gay Har
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ထွက်ပြီ
ပင်ရင်းဖြန့်ချိရေး
အမှတ်-၂၈၆(မြေညီထပ်)၊
လမ်း-၄၀(အထက်)၊ ရန်ကုန်မြို့၊
ဖုန်း -၀၁ ၇၀၉၀၃၂၊ ၃၉၁၁၆၉၊
၀၉-၄၂၈၆၁၀၄၈၈၊ ၀၉-၅၀၄၄၅၇၉
မန္တလေးဖြန့်ချိရေး
လူထုကြီးပွားရေးစာအုပ်တိုက်
အမှတ်-၂၂၁၊ ၈၄-လမ်းနှင့်
၃၃-လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း -၀၂ ၃၉၇၁၇၊ ၆၀၁၃၆



THE REAL LIVES REAL STORIES
ordinary people with extraordinary stories
volume - 44
မေလ-ထွက်ပြီ
၀၉၉-၇၉-၆၀-၆၀-၁၀
၀၉၉-၇၉-၆၀-၆၀-၂၀

■ မိကျောင်းများနှင့် နှစ်၂၀ကျော်ကြာ နေထိုင်ခဲ့သူတစ်ဦးနှင့် ဘဝခရီးလမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းနေကြသူများ

■ ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ လူဘဝ၊ ရသေ့ဘဝများတွင် ကြုံတွေ့ခဲ့ရသည့် ထူးခြားသော အတွေ့အကြုံများ ■ ထောင်တွင်းရှိ လူမိုက်ကြီးများအား အခကြေးငွေယူကာ လိုက်သတ်ပေးရသည့် ကြေးစားလူသတ်သမားအောင်စည် ■ ကျားဘဝမှ မဘဝသို့ ပြောင်းလိုသူ မိန်းမလျာလေးများအား ဝန်ဆောင်မှုပေးနေသူ မာမီတိုး ■ အသက် ၂၁နှစ်အရွယ်ဖြင့် Nikon School၏ ဓာတ်ပုံနည်းပြဆရာ ဖြစ်လာခဲ့သူ ■ သေခါနီးလူမမာတစ်ဦး ခံစားနေရသော ရောဂါဝေဒနာကို ကိုယ်စားယူပေးနိုင်သည့် အစွမ်းရှိသူ မန္တလေးထောင် ကြီးတိုက်ထဲမှ အဘသာန



ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)ရှိမြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာ ဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)တွင် မေလအတွင်း အောက်ပါသင်တန်းကိုဖွင့်လှစ်သင်ကြားပါမည်။
"Financial Management Course For Entrepreneurs"
သင်တန်းကာလ - ၇-၅-၂၀၁၈ မှ ၁၈-၅-၂၀၁၈ (၉ ရက်သင်တန်း)
သင်တန်းကြေး - ၄၅၀၀၀ (ကျပ်လေးသောင်းငါးထောင်တိတိ)
သင်တန်းချိန် - ညနေ ၅း၃၀ မှ ၇း၃၀ထိ
အထက်ပါသင်တန်းကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ သင်ကြားမည်ဖြစ်ပါသည်။
**သင်တန်းစုံစမ်းရန်** - **ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**ဖုန်း** - **၀၉-၇၇၅၃၈၅၁၈၄၊ ၀၉-၇၇၇၂၃၀၁၈၁**



ဆရာဇော် ကိုယ်ပိုင်အထက်တန်းကျောင်း
နှင့်
အဆင့်မြင့်ဘော်ဒါ
၉ တန်း ၊ ၁၀ တန်း သီးသန့်
လစဉ် ၂ သိန်း ၅ သောင်း ကျပ်
အမှတ် (၅၃၈)၊ ခိုင်သဇင်လမ်း၊ ပုလဲ(၃)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။
ဖုန်း-၀၉၇၉၅၀၆၀၆၉၅၊ ၀၉၇၉၉၆၀၄၆၄၈။



GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မင်္ဂလာလမ်း၊
09401505559 စမ်းချောင်း



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ရန်ကုန်ပဲခူးလမ်းမအနီး YBS 37 ဂိတ်ဆုံးမြို့ပေါ် ရပ်ကွက်၊ စားပင်သီးပင် အပါ ၄၀ × ၆၀ = သိန်း ၁၅၀ မှ ၂၃၀ အတွင်းရောင်းရန်ရှိသည်။ အမည်ပေါက်ရရှိပါမည်။
09-791747177,09-773081018



Since 1986 KMD Computer & Mobile
ICT Development Expo (တပ်မတော်ခန်းမ)
4-6 May 2018 Silver 1 (ဝင်ပေါက် ဘယ်ဘက်ခြမ်း)

ဘာပဲဝယ်ဝယ်
အထူးလျှော့ဈေး



အပေါင်းပေး အသစ်ယူ
လဲလှယ်
အစီအစဉ်

ကွန်ပျူတာသင်တန်းအပ်နှံခွင့် အထူးအစီအစဉ်
လက်ကမ်းစာစောင်ပြလာရောက်အပ်နှံပါက
15% OFF Application Courses
Notebook, Desktop, Mobile ဝယ်ယူသူများအတွက်
25% OFF Application Courses

ပြပွဲကာလအတွင်း သက်သာသော ဈေးနှုန်းများဖြင့် လစဉ်အရစ်ကျပေးချေပြီးဝယ်ယူနိုင်ပါသည်။

အမှတ် ၁၇၄ - ၁၈၂ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ - ၂၄၅၁၈၀၊ ၃၈၅၁၇၇၊ ၃၈၁၀၃၅၊ (လိုင်းခွဲ - ၁၂၄၊ ၁၄၇)


MAB
Myanma Apex Bank
VISA
FIFA WORLD CUP RUSSIA 2018
worldwide partner
EMBRACE YOUR LIFESTYLE
FIRST VERTICAL VISA CARD IN MYANMAR
COURTESY OF VISA
VISA PALTINUM CREDIT CARD
VISA CLASSIC CREDIT CARD
MAB VISA FIFA WORLD CUP™ CREDIT CARD
Visa နှင့် MAB Bank မှပေးသော Discount နှင့် အကျိုးခံစားခွင့်များ ရရှိနိုင်ခြင်း
ကတ်အခမဲ့လျှောက်ထား နိုင်ခြင်း
MAB iBanking အကောင့် ကိုအခမဲ့ဖွင့်ပေးခြင်း
Get MAB CARD
APPLY NOW!
Available at Any MAB Branches
(While Stock Last)
CALL CENTER : 01 8610612
Scan QR Code with your Smart Phone to Find MAB Branches

# လှိုင်သာယာမြို့နယ် ထိန်ပင် အမှိုက်ပုံမီး အပြီးသတ်ငြိမ်းသတ်နိုင်ပြီ



**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို ဇုန်အလိုက် သတ်မှတ်၍ ငြိမ်းသတ်လျက်ရှိရာ ယနေ့တွင် မူလသတ်မှတ်ထားသည့်အတိုင်း နောက်ဆုံးကျန်ရှိသည့် (D)ဇုန်ကို ငြိမ်းသတ်နိုင်ခဲ့သဖြင့် မီးလောင်မှု စတင်ဖြစ်ပွားပြီး ၁၂ ရက်အကြာ(ယနေ့ညပိုင်း)တွင် အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောကြားသည်။

“ဒီနေ့မှာတော့ မူလစီမံချက်အတိုင်း မီးငြိမ်းသတ်မှု နောက်ဆုံးဇုန်ဖြစ်တဲ့ (D)ဇုန်ကို အပြီးသတ်ငြိမ်းသတ်နိုင်ခဲ့ပါတယ်၊ မီးလောင်တဲ့နေ့က စပြီး လူအင်အား၊ စက်ပစ္စည်းအင်အားတွေနဲ့ ကြိုးစားငြိမ်းသတ်ခဲ့တာကြောင့် ၁၂ ရက်အကြာ ဒီနေ့ ညပိုင်းမှာတော့ မီးလုံးဝငြိမ်းသွားပါပြီ၊ ၁၂ ရက်တာကာလမှာတော့ ခရီးလည်းရှည်တယ်၊ လူတွေလည်း ပင်ပန်းကြပါတယ်၊ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေအပါအဝင် တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စတဲ့ ပူးပေါင်းပါဝင်တဲ့ အဖွဲ့အသီးသီးရဲ့ လုပ်ဆောင်ချက်တွေကြောင့် အခုလို မြန်မြန်ဆန်ဆန် ငြိမ်းသတ်နိုင်ခဲ့တာပါ” ဟု ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ပြောသည်။

ဆက်လက်၍ ၎င်းက “ဒီမီးလောင်မှုဟာ ဧရိယာကျယ်ပြန့်ပြီး ဘယ်နေ့ပြီးဆုံးမှာလဲဆိုတာကို ခန့်မှန်းမရတော့ ငြိမ်းသတ်ရတဲ့သူတွေအတွက် စိတ်ဓာတ်ပိုင်းအရ တည်ဆောက်ရာမှာ နည်းနည်းတော့ ခက်ခဲကြပါတယ်၊ အဓိက မီးများတာကတော့ ဧပြီ ၂၃ ရက်မှာ ဖြစ်သွားတာပါ၊ အဲဒီနေ့ကစပြီး ဧပြီ ၂၆ ရက်အထိ တပ်ဖွဲ့ဝင်တွေက နေရာအစုံကနေ လုပ်ခဲ့ရတယ်၊ နောက်ရက်မှာတော့ မီးလောင်ပြင်ရဲ့ အခြေအနေကိုကြည့်ပြီး အခုလို ဇုန်လေးဇုန်သတ်မှတ်ပြီး ငြိမ်းသတ်ခဲ့တာပါ၊ သတ်မှတ်ထားတဲ့အတိုင်းပဲ တစ်ရက်ကို တစ်ဇုန်နှုန်းပြီးဆုံးအောင် ငြိမ်းသတ်နိုင်ခဲ့ပါတယ်” ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံ မီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ အပါအဝင်

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

## (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ တိုက်ရိုက်ထုတ်လွှင့်သွားမည်

**နေပြည်တော် မေ ၂**

မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပမည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် မေ ၂ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညီလာခံဖွင့်ပွဲအခမ်းအနားကို မေ ၃ ရက် နံနက် ၈ နာရီခွဲတွင် လည်းကောင်း၊ ညီလာခံပိတ်ပွဲအခမ်းအနားကို မေ ၄ ရက် ညနေ ၄ နာရီတွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ယင်းအခမ်းအနားဖွင့်ပွဲကို မေ ၃ ရက် နံနက် ၈ နာရီ မိနစ် ၂၀ မှစတင်၍ လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို မေ ၄ ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် လည်းကောင်း၊ မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ MITV၊ မြန်မာ့အသံ ရေဒီယိုအစီအစဉ်၊ MOI Webportal Myanmar Facebook Page၊ MRTV Facebook Page နှင့် Myanmar Digital News Facebook Page တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ
နိုင်ငံတော်အစိုးရ၏
**ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ**

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ရှမ်းပြည်နယ်အစိုးရအဖွဲ့** ၏ ဒုတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။

သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။
11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်
homemyan.com
အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောင်/ဂိုဒေါင် ရောင်း/ဝယ်/ငှား`` FREE ကြော်ငြာ´´ WEBSITE
Operated by SHOWA

ကြေးမုံ
အထူးကဏ္ဍ
မေ ၃၊ ၂၀၁၈ (ကြာသပတေးနေ့)

နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားစေရေးတို့ပါဝင်သည့်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁) နှစ်တာ


ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်

ရှင်မင်း ● ဓာတ်ပုံ - မောင်မောင်သန်း(တောင်ကြီး)

**ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေးကို ရည်မှန်းကာ အဓိကဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုနှင့်အတူ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားလာရေးကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒုတိယ (၁) နှစ်တာ ကာလအတွင်း ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။**

### တက်ညီလက်ညီ ကြိုးပမ်း

"အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေး၊ ပြည်သူတွေရဲ့ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေး စတာတွေကို မူဝါဒတွေ၊ ရည်မှန်းချက်တွေ ချမှတ်အကောင်အထည်ဖော်နေတယ်၊ ဒီလိုရည်မှန်းချက်တွေ အောင်မြင်အောင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

"တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်ကြပြီးတော့ သေကျေပျက်စီးကြမယ့်အစား ဒီအင်အားတွေနဲ့ နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်ဆောင်ရွက်ရင် နိုင်ငံများစွာ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်၊ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ငြိမ်းချမ်းမှုရရှိရေးကို ပိုမိုပြီးတော့ ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးဖြစ်သည့် သနပ်ဖက်လုပ်ငန်းရှင် ဦးမောင်မောင်မြင့်က ပြောသည်။

### ပြည်သူ့အသံတွေကို နားစွင့်

အလားတူ ဒေသခံ အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးညိုလုံးကလည်း "ပြည်နယ်အစိုးရအနေနဲ့ ပြည်သူ့အသံတွေကိုနားစွင့်၊ ပြည်သူ့ဘဝထဲကို ကွင်းဆင်း၊ ပြည်သူတွေနဲ့ တစ်သားတည်းနေရင်းနဲ့ ပြည်သူတွေရဲ့လိုအပ်ချက် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးဆိုတဲ့ကိစ္စရပ်တွေကို တစိုက်မတ်မတ်နဲ့ အားမြှင့်လုပ်ကိုင်ဆောင်ရွက်ဖို့ အကြံပြုချင်ပါတယ်"ဟု ပြောသည်။

### ထောက်ပံ့ပေးအပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုပ်ငန်းရှင်များ၊ NGO အဖွဲ့များနှင့် ပုဂ္ဂလိက အလှူရှင်များပူးပေါင်းကာ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများအတွက် ငွေသားနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် သိန်းခုနစ်ထောင့်ကိုးရာကျော်ကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

အထူးကဏ္ဍ [ ခ ] သို့ »»



၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက် စုစုပေါင်း ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေကို နှစ်အလိုက်ဈေးနှုန်းတွေအရ ငွေကျပ် ၄၀၉၈ ဘီလီယံကျော် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ခုနစ်ရာခိုင်နှုန်းတိုးတက်ဖို့ ရည်မှန်းခဲ့ပါတယ်၊ ဒီလိုရည်မှန်းရာမှာ ဧပြီလကုန်မှ မတ်လကုန်အထိ ငွေကျပ် ၄၇၆၈ ဘီလီယံကျော် ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက် ၉၇ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ခဲ့



ရှမ်းပြည်နယ် လွှတ်တော်အဆောက်အအုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

### ညှိနှိုင်းဆွေးနွေး

"ရှမ်းပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S)ကို အစိုးရကိုယ်စားလှယ် ငါးဦး၊ တိုင်းရင်းသားကိုယ်စားလှယ် ငါးဦး၊ အရပ်သားကိုယ်စားလှယ် လေးဦး၊ စုစုပေါင်း ၁၄ ဦးနဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ဒီကော်မတီကနေ ၂၀၁၆ ခုနှစ်မှာ သုံးကြိမ်၊ ၂၀၁၇ ခုနှစ်မှာ ကိုးကြိမ်၊ ၂၀၁၈ ခုနှစ်မှာ နှစ်ကြိမ်တွေ့ဆုံပြီးတော့ တပ်မတော်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကြား အပစ်အခတ်ရပ်စဲရေး၊ ပဋိပက္ခများချုပ်ငြိမ်းရေးတို့အတွက် ညှိနှိုင်းဆွေးနွေးတာကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

"ယခင်က ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် (RCSS/SSA)အဖွဲ့၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)တို့နဲ့ NCA စာချုပ် သဘောတူလက်မှတ်ရေးထိုးထားရှိပါတယ်၊ ၁၃. ၂. ၂၀၁၈ ရက်နေ့မှာ လားဟူဒီမိုကရက်တစ်ပါတီ(LDU)နဲ့ ပြည်ထောင်စုအဆင့်မှာ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် ရှမ်းပြည်နယ်အတွင်း(NCA) သဘောတူလက်မှတ်ရေးထိုးခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ရှိခဲ့ပြီဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုကို ပြောကြားသည်။

### ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပ

ဆက်လက်ပြီး ၎င်းက"ပြီးတော့ ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အမျိုးသားရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အဓိက အရေးပါတဲ့၊ ပင်လုံစာချုပ်ချုပ်ဆိုခဲ့တဲ့ ပင်လုံမြေမှာ နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နိုင်ငံတော်၏အတိုင်အပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်တက်ရောက်ပြီး ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ အမှာစကား ပြောကြားခဲ့ပါတယ်။ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံ ကိုယ်စားလှယ်တွေနဲ့ ငြိမ်းချမ်းရေးစကားဝိုင်း Peace Talk ကိုလည်း ကျင်းပနိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

ရှမ်းပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေးခု၊ ခရိုင် ၁၃ ခု၊ မြို့နယ်ပေါင်း ၅၅ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြီးဆုံးပြည်နယ်တစ်ခုဖြစ်သည်။

ထိုကဲ့သို့ ဖွဲ့စည်းတည်ရှိနေသည့် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်းသို့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများစီးဝင်နိုင်အောင် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည်။

### အမေရိကန်ဒေါ်လာ ၇၅၆ သန်းကျော်

"၃၁. ၃. ၂၀၁၈ ရက်နေ့အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၁၈ ခုကနေ အမေရိကန်ဒေါ်လာ ၇၅၆ သန်းကျော်နဲ့ နိုင်ငံသားတွေရဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စုစုပေါင်း ၆၄ ခုကနေ အမေရိကန်ဒေါ်လာ အပါအဝင် မြန်မာကျပ်ငွေ ၇၂၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုတွေကိုရရှိခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ဆိုသည်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေကို နှစ်အလိုက်ဈေးနှုန်းတွေအရ ငွေကျပ် ၄၀၉၈ ဘီလီယံကျော် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ခုနစ်ရာခိုင်နှုန်း တိုးတက်ဖို့ရည်မှန်းခဲ့ပါတယ်၊ ဒီလိုရည်မှန်းရာမှာ ဧပြီလကုန်မှ မတ်လကုန်အထိ ငွေကျပ် ၄၇၆၈ ဘီလီယံကျော်ရရှိခဲ့တဲ့အတွက် စီမံကိန်းရည်မှန်းချက် ၉၇ ဒသမ ၃ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့တယ်။

### ငွေကျပ် ၅၃၄၂ ဘီလီယံကျော်ရရှိဖို့

"၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်စဉ် စီမံကိန်းရည်မှန်းချက် စုစုပေါင်းထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးတွေကို နှစ်အလိုက်ဈေးနှုန်းတွေအရ ငွေကျပ် ၅ ဒသမ ၄၂၂ ဘီလီယံကျော်နဲ့ အကောင်အထည်ဖော်ခဲ့ပြီးတော့ ပုံမှန်ဈေးနှုန်းတွေအရ ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ဖို့ ရည်မှန်းခဲ့ပါတယ်၊ ဒီနေရာမှာ ဧပြီလကုန်ကနေ မတ်လကုန်အထိ နှစ်ကုန်ခန့်မှန်းခြေ ယာယီစာရင်းအရ ငွေကျပ် ၅၃၄၂ ဘီလီယံကျော်ရရှိဖို့ ခန့်မှန်းထားပါတယ်၊ စီမံကိန်းရည်မှန်းချက်အပေါ် ၉၈ ဒသမ ၅ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပြီး ပုံမှန်ဈေးနှုန်းတွေအရ ၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ဖို့ရည်မှန်းထားပါတယ်"ဟု ဝန်ကြီးချုပ်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းလျက်ရှိရာ ၎င်းတို့တာဝန်ယူသည့် နှစ်နှစ်တာကာလအတွင်း တိုးတက်မှုရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ပြည်နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၈၄၄ ကျောင်းအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အတွင်း စာတတ်မြောက်မှုရာခိုင်နှုန်း တိုးတက်လာစေရန် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မြို့နယ် ၁၅ မြို့နယ်ရှိ စာကျက်ဝိုင်း ၂၇၇၁ ဝိုင်း၊ စာသင်သား ၂၆၉၇၂ ဦးတို့အတွက် ဆရာဆရာမ ၂၆၈၅ ဦးတို့က သင်ကြားပြသပေးနိုင်ရန် စီစဉ်ပေးခဲ့သည်။

"နှစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်မှာ ငွေကျပ် ၂၄၆၅၁ သန်းကျော်နဲ့ ကျောင်းဆောင်သစ် ၆၀၄ ကျောင်းကို အသစ်တည်ဆောက်ပေးနိုင်ခဲ့ပါတယ်၊ ဒ့ါပြင် ကျောင်းပေါင်း ၃၅၀၀ ကျော် ပြုပြင်ထိန်းသိမ်းခြင်းနဲ့ လမ်းခင်းကျင်းခြင်း လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ နိပ္ပွန်ဖောင်ဒေးရှင်းကလည်း ငွေကျပ် ၁၀၃ သန်းကျော်နဲ့ ကျောင်းပေါင်း ၂၀ ကို ဆောက်လုပ်လှူဒါန်းပေးထားပါတယ်"ဟု ပြည်နယ်ပညာရေးအတွက် ဆောင်ရွက်မှုအပေါ် ဝန်ကြီးချုပ်က ပြောသည်။

### ကူညီဆောင်ရွက်ပေးလျက်ရှိ

အလားတူ ပြည်နယ်၏ ကျန်းမာရေးကဏ္ဍ တိုးတက်ရန် ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် "ဆေးရုံတက်လူနာတွေကုသမှု ချောမွေ့လွယ်ကူစေရေးအတွက် ခုတင် ၂၀၀ နဲ့အထက် ဆေးရုံကြီးတွေမှာ လူနာတွေကိုလက်ခံပြီး ကူညီဆောင်ရွက်ပေးတဲ့ ဌာနတွေဖွင့်လှစ်ပြီးတော့ ဆေးလှူမှုဆက်ဆံရေးအရာရှိ၊ ဆေးလှူမှုဆက်ဆံရေးမှူးတွေ ခန့်ထားပြီး ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်၊ ၂၀၁၈ ခုနှစ်အတွက် ရှမ်းပြည်နယ်ရဲ့ ကျန်းမာရေးသံတမန်အဖြစ် Miss Golden Land Myanmar နန်းမွေခမ်းကိုလည်း ကျန်းမာရေးသံတမန်အဖြစ် ပူးပေါင်းဆောင်ရွက်ပေးနိုင်ဖို့ ခန့်အပ်ပေးနိုင်ခဲ့ပါတယ်" ဟု ၎င်းက ဆိုသည်။



ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးကို တွေ့ရစဉ်။

### ချေးငွေကျပ်သန်း ၄၉၀၀၀ ကျော်

ရှမ်းပြည်နယ်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်က စပါးတစ်ဧကအတွက် ငွေကျပ်တစ်သိန်း ချေးပေးရာမှ ယခုအခါ ငွေကျပ် ၁၅၀၀၀၀ အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တိုးမြှင့်ထုတ်ချေးပေးနိုင်ခဲ့ပြီး တောင်သူ ၄၅၈၈၄ ဦးအား ချေးငွေကျပ်သန်း ၄၉၀၀၀ ကျော် ထုတ်ချေးပေးနိုင်ခဲ့သည်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

»» အထူးကဏ္ဍ [ ခ ] မှ

လယ်ယာကဏ္ဍအတွက် JICA ချေးငွေအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးချေးငွေဖြင့် လယ်ယာသုံး စက်ကိရိယာစီးရေ ၃၀၊ ချေးငွေပမာဏ ကျပ်သန်း ၁၃၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုတစ်ခုအနေဖြင့် ပြည်နယ်အတွင်း၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ တောင်သူ ၂၉၈၁၆၀ ၏ ဦးပိုင်လုပ်ကွက်ပေါင်း ၃၈၃၈၄၂ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ထုတ်ပေးနိုင်ခဲ့သည်။

**အမှုပေါင်း ၂၃၂၆ မှုကို ဖြေရှင်းပေးနိုင်**

ပြည်နယ်အတွင်း သိမ်းဆည်းခံလယ်ယာမြေများ မူလပိုင်ရှင်ထံပြန်လည်အပ်နှံနိုင်ရေးကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အမှုပေါင်း ၂၃၂၆ မှုကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

“ပြည်နယ်လယ်ယာမြေနဲ့ အခြားမြေတွေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ် ရေးကော်မတီအနေနဲ့ အရင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီရဲ့ အစီရင်ခံစာ အပိုင်း (၁) မှ (၁၈) အထိ အမှုကိစ္စပေါင်း ၂၃၃၃ မှုရှိတဲ့အနက် ၂၃၂၆ မှုကို ဖြေရှင်းပေးနိုင်ခဲ့တယ်၊ အမှု ခုနစ်မှုသာ ကျန်ရှိပါတယ်။

“အရင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ တိုက်ရိုက်တိုင်ကြားစာတွေအပေါ် စိစစ်ပေးရန်အမှုကိစ္စပေါင်း ၂၂၅ မှုရှိပြီးတော့ ၁၃၇ မှုကို ဖြေရှင်းပေးနိုင်ခဲ့တယ်၊ ၈၈ မှုသာ ကျန်ရှိပါတယ်။

**အမှုပေါင်း ၂၅၀ ကို ဖြေရှင်းပေးနိုင်**

“ယခုလယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကာလမှာ တင်ပြတိုင်ကြားထားတဲ့ အမှုကိစ္စပေါင်း ၄၅၉ မှုရှိပြီးတော့ ၁၀၆ မှု ဖြေရှင်းပေးနိုင်ခဲ့တဲ့အတွက် ၃၅၃ မှု ကျန်ရှိနေပါတယ်၊ စိစစ်ပြီးအမှုပေါင်း ၂၅၆၉ မှုအနက်မှ အမှုပေါင်း ၂၅၀ ကို နှစ်နှစ်တာကာလအတွင်းမှာ စိစစ်ဖြေရှင်းပေးနိုင်ခဲ့ပြီးတော့ ကျန်ရှိအမှုပေါင်း ၄၄၈ မှုကိုလည်း အမြန်ဆုံးပြီးပြတ်စေရေး ဆောင်ရွက်နေပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအနေဖြင့် ပြန်လည်စွန့်လွှတ်ခဲ့သည့် မြေဧရိယာပေါင်း ၃၀၂၇၃ ဒသမ ၉၄၆ ဧကရှိကြောင်းသိရပြီး ဆက်လက်၍ တောင်သူ ၂၅၃၄ ဦးထံ စွန့်လွှတ်မြေ ၁၀၈၈ ဒသမ ၄၇၉ ဧက အမြန်ဆုံးပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အဓိက မြေယာပြဿနာ**

“ရှမ်းပြည်နယ်မှာ အဓိကပြဿနာကတော့ မြေယာပြဿနာဖြစ်ပြီးတော့ ဒုတိယအကြီးမားဆုံး ပြဿနာက မူးယစ်ဆေးဝါးပြဿနာဖြစ်ပါတယ်၊ ပြည်သူတွေကို ကူညီဖြေရှင်းပေးတဲ့အနေနဲ့ မူးယစ်ဆေးဝါးဆေးဖြတ်စခန်းနဲ့ ပြန်လည်ထူထောင်ရေးစခန်းတစ်ခုကို ရှမ်းပြည်နယ်အစိုးရအနေနဲ့ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးစေချင်ပါတယ်” ဟု ရှမ်းပြည်နယ် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ကွန်ရက်မှ ဒေါ်နန်းမိုမိုသီတာက အကြံပြုပြောကြားသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နှစ်နှစ်တာကာလအတွင်း ရှမ်းပြည်နယ်တွင် ဘိန်းခင်းဧရိယာ ၈၄၃၆ ဒသမ ၃၇ ဧကဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

**လမ်းပန်းဆက်သွယ်ရေး**

“ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကြိုးစားပမ်းစား လုပ်ကိုင်ဆောင်ရွက်နေတယ်လို့ ကျွန်တော်တို့အနေနဲ့ သုံးသပ်လိုပါတယ်၊ အစိုးရအနေနဲ့ မြေသားလမ်း၊ မြေသားလမ်းကနေပြီးတော့မှ ကျောက်ချောလမ်း၊ တစ်ဆင့်တက်ပြီး ကတ္တရာလမ်း၊ အဲဒီလို လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် လမ်းပန်းဆက်သွယ်ရေးပွင့်သွားပြီး ဘိန်းစိုက်ပျိုးမှုလျော့နည်းပပျောက်သွားမယ်လို့ ယုံကြည်တဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တိုက်တွန်းချင်ပါတယ်”ဟု တောင်ကြီးမြို့နယ် စာရေးဆရာအသင်းဥက္ကဌ ဦးစိန်ဝင်းက အကြံပြုသည်။

**သန်း ၁၄၀၀၀ ကျော်**

နှစ်နှစ်တာကာလအတွင်း ငွေလုံးငွေရင်းသာမန်အသုံးစရိတ်ပေါင်း သန်း ၁၄၀၀၀ ကျော်ဖြင့် မြို့ပြ လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကတ္တရာလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းနှင့် မြေသားလမ်းများအဖြစ် မြို့ပြလမ်း ၈၂၃ လမ်း၊ လမ်းအရှည် ၁၃၈ မိုင် ၇ ဒသမ ၁၆ ဖာလုံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်းနှင့် မြို့နယ်ပေါင်း ၄၂ မြို့နယ်တွင် တံတား ၅၃၈ စင်းနှင့် ရေပေးရေးလုပ်ငန်း ၁၉၉ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ငွေကျပ်သန်း ၈၈၀၀ ကျော်**

ကျေးလက်နေ ပြည်သူများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နှစ်နှစ်တာကာလအတွင်း ကတ္တရာလမ်း၊ ကျောက်လမ်း၊ မြေလမ်းစုစုပေါင်း ၁၁၁ လမ်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၈၈၀၀ ကျော်ဖြင့် ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»



၂၀၁၈ ခုနှစ်အတွက် ရှမ်းပြည်နယ်၏ ကျန်းမာရေးသံတမန်အဖြစ် Miss Golden Land Myanmar နန်းမွေခမ်းအား ခန့်အပ်စဉ်။



ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများ လမ်းအဆင့်မြှင့်တင်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

»»» အထူးကဏ္ဍ [ ၁ ] မှ

ရှမ်းပြည်နယ်အတွင်းရှိ လမ်းအားလုံးကို ASEAN Class III ၁၈ ပေအကျယ် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့်ထိ ရောက်ရှိရေးကို ပြည်နယ်အစိုးရအနေဖြင့် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွန်ကရစ်တံတား၊ သစ်သားတံတားနှင့် အခြားတံတားစုစုပေါင်းတံတား ၁၆၄ စင်းကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၀၀ ကျော်ဖြင့် လည်းကောင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းများအဖြစ် တွင်းတိမ် ၁၀ တွင်း၊ တွင်းနက် ၂၇ တွင်း၊ လက်တူးတွင်း ခြောက်တွင်း၊ မြေသားရေကန် ၁၉ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း ၂၀၄ ခုနှင့် အခြားရေပေးရေးလုပ်ငန်း ၅၈ ခုတို့ကို ခွင့်ပြုငွေကျပ်သန်း ၅၀၀၀ ကျော်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

## ကျေးရွာဂရန် ထုတ်ပေးနိုင်

ကျေးလက်နေ ပြည်သူများအတွက် ပြည်နယ်အစိုးရ၏ ဆောင်ရွက်မှုတစ်ခုအနေဖြင့် နှစ်နှစ်တာကာလအတွင်း ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်၊ ကျေးရွာပေါင်း ၄၇ ရွာတွင် ကျေးရွာဂရန် ၄၃၆၄ ခု ထုတ်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်အတွင်း သစ်တောများ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စီးပွားရေးစိုက်ခင်းဧက ၃၀၀၊ ရေဝေရေလဲစိုက်ခင်းဧက ၄၀၀ တို့ကို စိုက်ပျိုးခဲ့ပြီး ၉၁ ဒသမ ၉၄ ရာခိုင်နှုန်း ရှင်သန်အောင်မြင်အောင် ဆောင်ရွက်ခဲ့သည်။

## ရှင်သန်အောင်မြင်

၂၀၁၇-၂၀၁၈ ခုနှစ် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ စီးပွားရေးစိုက်ခင်းဧက ၄၇၅ ဧက၊ ရေဝေရေလဲ စိုက်ခင်းဧက ၃၂၀၊ ထင်းစိုက်ခင်းဧက ၁၀၅ ဧကတို့ကို စိုက်ပျိုးခဲ့ပြီး ၉၃ ဒသမ ၁၁ ရာခိုင်နှုန်း ရှင်သန်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

## တန်ဖိုးနည်း အိမ်ရာများ

ပြည်နယ်အတွင်းရှိ ဝင်ငွေနည်းပြည်သူများအတွက် ပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တန်ဖိုးနည်း အိမ်ရာများကို အကောင်အထည်ဖော်ပေးလျက်ရှိသည်။

ဝင်ငွေအလယ်အလတ် ပြည်သူများအတွက် တန်ဖိုးသင့်အိမ်ရာ၊ အငှားအိမ်ရာများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုအကြောင်းကို ပြည်နယ်ဝန်ကြီးချုပ်က "ဝင်ငွေနည်းပြည်သူတွေအတွက် (Low Cost Housing)တွေ ဆောက်လုပ်ပေးလျက်ရှိပါတယ်၊ ဝင်ငွေအလယ်အလတ် ပြည်သူတွေအတွက် တန်ဖိုးသင့်အိမ်ရာတွေ၊ အငှားအိမ်ရာတွေ၊ တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းတွေအတွက် ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

## အိမ်ခန်းပေါင်း ၅၅၂ ခန်း

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ ဝန်ထမ်းအိမ်ရာ စုစုပေါင်း ၃၆ လုံးကို မြို့နယ် ၁၄ မြို့နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ နိုင်ငံ့ဝန်ထမ်းတွေ နေထိုင်မှုအဆင်ပြေစေဖို့ အိမ်ခန်းပေါင်း ၅၅၂ ခန်းကိုလည်း အငှားနေရာချထားပေးနိုင်ခဲ့ပါတယ်"ဟု ရှင်းပြသည်။

ပြည်နယ်၏ ပို့ကုန်၊ သွင်းကုန်ကုန်သွယ်မှုအနေဖြင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာသန်း ၄၂၀၀ ကျော်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသန်း ၇၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာသန်း ၁၁၀၀ ကျော်ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။


ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၁၇) ကျင်းပစဉ်။


ကလောမြို့နယ် နောင်ရဲကျေးရွာအုပ်စု ဘုရားဖြူကျေးရွာ (၂၄)နာရီ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

## ခရီးသွားဝင်ရောက်မှု

ရှမ်းပြည်နယ်သို့ ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့် တစ်နှစ်လျှင် ပြည်တွင်းဧည့်သည်ပေါင်း ခြောက်သိန်းကျော်၊ ပြည်ပဧည့်သည်ပေါင်း လေးသိန်းကျော် စုစုပေါင်း တစ်သန်းကျော် လာရောက်လည်ပတ်လျက်ရှိပြီး နယ်စပ်ဝင်ပေါက်များမှလည်း နေ့ချင်းပြန်ဝင်ရောက်လည်ပတ်သည့် ခရီးသွားဧည့်သည် ၁ ဒသမ ၅ သန်းကျော် ရှိကြောင်း သိရသည်။

ထို့ကြောင့် ပြည်နယ်အတွင်း ခရီးသွားကဏ္ဍ မြှင့်တင်မှုအနေဖြင့် နှစ်နှစ်တာကာလအတွင်း ဟိုတယ်အလုံးပေါင်း ၇၆ လုံး တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု ကျပ် ၅၇ ဘီလီယံကျော်ရရှိခဲ့ကြောင်း သိရသည်။

## အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု

ပြည်နယ်အစိုးရအနေဖြင့် ၎င်းတို့တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်နှစ်တာကာလ ဆောင်ရွက်မှုအပေါ် ဝန်ကြီးချုပ်က "နှစ်နှစ်တာကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှုအနေနဲ့ အပြည့်အဝအားရကျေနပ်မှုတော့မရှိပါဘူး။ လုပ်ငန်းဆောင်ရွက်ခဲ့ရမှုတွေအပေါ်မှာ မမျှော်လင့်ဘဲကြုံတွေ့ရတဲ့ ပြဿနာတွေလည်း ရှိခဲ့ပါတယ်။ ဒါပေမယ့် အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုအင်အားတွေကြောင့် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ပြည်နယ်ငြိမ်းချမ်းရေးနဲ့ ပြည်နယ်တစ်ခုလုံး တည်ငြိမ်မှုရရှိရေးဟာ ကျွန်တော်တို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကျဆုံးစိန်ခေါ်မှုကြီးတစ်ရပ်ဖြစ်နေတယ်"ဟု ပြောသည်။

ပြည်နယ်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးကို ပြည်သူများကလိုလားကြသလို ပြည်နယ်အစိုးရအနေဖြင့် တတ်အားသမျှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်သူ၊ ပြည်နယ်သားများ မလိုလားသည့် ပဋိပက္ခများချုပ်ငြိမ်းကာ မျှော်မှန်းသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာစေရန် ပြည်နယ်အစိုးရအနေဖြင့် ကျန်ရှိသည့် သုံးနှစ်တာအစိုးရကာလအတွင်း တတ်အားသမျှ ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။


ပြည်သူ့ဝန်ထမ်းအိမ်ရာမှ တိုက်ခန်းများကို တွေ့ရစဉ်။

ပြည်နယ်ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးကို ပြည်သူများကလိုလားကြသလို ပြည်နယ်အစိုးရအနေဖြင့် တတ်အားသမျှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်နယ်သူ၊ ပြည်နယ်သားများ မလိုလားသည့် ပဋိပက္ခများချုပ်ငြိမ်းကာ မျှော်မှန်းသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာစေရန် ပြည်နယ်အစိုးရအနေဖြင့် ကျန်ရှိသည့် သုံးနှစ်တာအစိုးရကာလအတွင်း တတ်အားသမျှဆောင်ရွက်သွားမည်ဟု ယုံကြည်

# ဟိုက်ပါရေတံခွန်သို့ အလည်တစ်ခေါက်

❖ မိုးလွင်ဦး(လွိုင်လင်)



ဟိုက်ပါရေတံခွန်သည် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာတွင် တည်ရှိသည်။ ဟိုက်ပါရေတံခွန်သည် နမ့်ပန်ချောင်းမှ စီးဆင်းလာပြီး ဖြစ်ပေါ်လာသည့် ရေတံခွန်ဖြစ်သည်။

ဟိုက်ပါရေတံခွန်သို့ သွားရောက်မည်ဆိုပါက တောင်ကြီးမြို့မှ လွိုင်လင်မြို့သို့ ၅၈ မိုင်ခရီးကို လည်းကောင်း၊ လွိုင်လင်မြို့မှ ပင်လုံမြို့ ထိုမှတစ်ဆင့် လဲချားမြို့ ၃၂ မိုင်ခရီးကို လည်းကောင်း၊ လဲချားမြို့မှ မိုင်းနောင်မြို့သို့ ၄၃ မိုင်ခရီးကို လည်းကောင်း၊ မိုင်းနောင်မှ မိုင်းရှူးမြို့သို့ မရောက်ခင် ကိုးမိုင်ခန့်ရှိ လမ်းခွဲမှ ခြောက်မိုင်ခန့် ထပ်မံသွားရောက်ပါက ဟိုက်ပါကျေးရွာသို့ရောက်ရှိပြီး ရေတံခွန်သို့ ရောက်ရှိမည်ဖြစ်သည်။ အလားတူ ဟိုက်ပါရေတံခွန်သို့ သွားရောက်မည်ဆိုပါက သီပေါ-မိုင်းကိုင်-မိုင်းနောင်လမ်းအတိုင်း သွားရောက်နိုင်ပါသည်။ ထို့အတူ လားရှိုး-တန့်ယန်း - မိုင်းရှူးလမ်း၊ မိုင်းရယ်လမ်းမှ ကျေးသီး-မိုင်းနောင်လမ်းသို့လည်းကောင်း၊ လွိုင်လင်-ခိုလမ်-ဝမ်စိမ်း-မိုင်းနောင် လမ်းမှလည်းကောင်း၊ တာချီလိတ်-ကျိုင်းတုံ-ကွန်ဟိန်း-ဝမ်စိမ်း-မိုင်းနောင်လမ်းမှ လည်းကောင်း လမ်းကွန်ရက်သဖွယ်တည်ရှိကာ ကတ္တရာလမ်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး အလွယ်တကူ သွားရောက်နိုင်ပါသည်။ လွိုင်လင်မြို့မှ မိုင်းရှူးမြို့နယ် ဟိုက်ပါရေတံခွန်သို့ သွားရောက်မည်ဆိုပါက အထက်ပါတင်ပြထားသည့် လွိုင်လင်-ပင်လုံ-လဲချား-မိုင်းနောင်-မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာရေတံခွန်အထိ မော်တော်ယာဉ်စီးနင်းချိန် လေးနာရီခန့် ကြာမြင့်မည်ဖြစ်သည်။ ကျွန်တော်သည် အဆိုပါရေတံခွန်သို့ ဧပြီ ၂၈ ရက် (စနေနေ့)က MRTV ခရီးသွား ရုပ်သံအစီအစဉ်ရိုက်ကူးရေးအဖွဲ့နှင့် သွားရောက်လေ့လာ မှတ်တမ်းတင်ရိုက်ကူးခဲ့ပြီး ကြုံတွေ့သမျှများကို ပြန်လည်မျှဝေပေးလိုပါသည်။

MRTV ခရီးသွား ရုပ်သံအစီအစဉ် ရိုက်ကူးရေးအဖွဲ့နှင့် သွားရောက်လေ့လာ မှတ်တမ်းတင်ရိုက်ကူးခဲ့သမျှကို မတင်ပြမီ ကြိုတင်ဆောင်ရွက်မှု အခြေအနေများကို တင်ပြလိုပါသည်။ မြန်မာပြည်တွင်း ခရီးသွားပြည်သူများသည် အပန်းဖြေလေ့လာရေးခရီးစဉ်များကို များသောအားဖြင့် ကလော-အောင်ပန်း-အင်းလေး-ပင်းတယ-တောင်ကြီး-မွေတော်ကက္ကူနှင့် ဟိုပုံးမြို့နယ် ထမ်စမ်းဂူအထိသာ သွားရောက်လည်ပတ်ပြီး မိမိတို့နေရပ်အသီးသီးတို့ကို ပြန်လည်ထွက်ခွာကြသည်။ သို့သော် ဟိုပုံးမြို့နယ် ထမ်စမ်းဂူမှဆက်လက်ထွက်ခွာလာပါက လွိုင်လင်မြို့နယ် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ဟော်နန်းနှင့် ဂူဗိမာန်၊ မဟာမြတ်မုနိဘုရားကြီး စသည့် သမိုင်းကြောင်းများကို လည်းကောင်း၊ လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ ပြည်ထောင်စုကျောက်တိုင်၊ နန်းကင်ပူ ရာဇဝင်စေတီတော် စသည့် စိတ်ဝင်စားဖွယ် အကြောင်းအရာများကို လေ့လာစရာများ တည်ရှိနေသေးသည်။ အလားတူ လဲချားမြို့နယ်တွင် ရှေးဟောင်းစေတီပုထိုးများနှင့် မန္တလေး မဟာမြတ်မုနိဘုရားကြီးနှင့် ပုံစံတူ မဟာမြတ်မုနိဘုရား၊ စော်ဘွားဟော်နန်း စသည် လေ့လာစရာများ၊ ထို့အတူ သဘာဝတောတောင်ရေမြေအလှများ၊ ယင်းနက်၊ ယင်းကြား၊ ပလောင် စသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုများ၊ နေထိုင်သည့် ဓလေ့၊ ရိုးရာအစားအသောက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း လေ့လာစရာများစွာ တည်ရှိပါသေးသည်။ ဤကဲ့သို့သော လေ့လာစရာ၊ လည်ပတ်စရာ၊ အပန်းဖြေစရာနေရာများ ဖော်ထုတ်နိုင်ရန် MRTV ခရီးသွား ရုပ်သံအစီအစဉ် ရိုက်ကူးရေးအဖွဲ့မှ ဒေသခံများနှင့် ပူးပေါင်းတိုင်ပင်ညှိနှိုင်းဆောင်ရွက်ကာ အစီအစဉ်များ ရေးဆွဲ၍ ဆောင်ရွက်ပါသည်။ MRTV ခရီးသွား ရုပ်သံအစီအစဉ် ရိုက်ကူးရေးအဖွဲ့သည် ဧပြီ ၂၄ ရက်မှစတင်၍ လွိုင်လင်မြို့နယ် (မိုင်းပွန်၊ ပင်လုံ) တို့တွင် ရိုက်ကူးဆောင်ရွက်ခြင်း၊ နမ့်စန် မြို့နယ်ရှိ ယင်းနက်၊ ယင်းကြား တိုင်းရင်းသားကျေးရွာများတွင် ရိုက်ကူးခြင်းများ ဆောင်ရွက်ကြပြီး ဧပြီ ၂၈ ရက်တွင် လွိုင်လင်မြို့မှ လွိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် ဟိုက်ပါကျေးရွာ ဟိုက်ပါရေတံခွန်သို့ ရိုက်ကူးရေးထွက်ပါသည်။

ဧပြီ ၂၈ ရက် နံနက် ၆ နာရီတွင် နံနက်စာ အာဟာရသုံးဆောင်ပြီး ရိုက်ကူးရေးအတွက် လွိုင်လင်မြို့မှ ဟိုက်ပါရေတံခွန်သို့စတင်ထွက်ခွာခဲ့သည်။ လဲချားမြို့သို့အရောက်တွင် ခရီးတစ်ထောက်နားပြီး ရှေးဟောင်းစေတီပုထိုးများနှင့် မန္တလေးမဟာမြတ်မုနိဘုရားကြီးနှင့် ပုံစံတူ မဟာမြတ်မုနိဘုရား၊ စော်ဘွားဟော်နန်း စသည်တို့ကိုလေ့လာပြီး မိုင်းနောင်သို့ ဆက်လက်ထွက်ခွာသည်။ မိုင်းနောင်သို့ရောက်ရှိပါက အဆာပြေ ရှမ်းအစားအစာဖြစ်သည့် တိုဟူးနွေး၊ ရှမ်းခေါက်ဆွဲ၊ လက်ဖက်ရည်၊ ကော်ဖီ၊ အအေးများ စိတ်တိုင်းကျသုံးဆောင်ပြီး ဟိုက်ပါရေတံခွန် တည်ရှိရာ ဟိုက်ပါကျေးရွာသို့ ခရီးဆက်လက်ထွက်ခွာပါက နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိမည်ဖြစ်သည်။ ဟိုက်ပါကျေးရွာနှင့် ရေတံခွန်သည် လယ်ကွက်အနည်းငယ်သာခြားပြီး မလှမ်းမကန်းတွင် တည်ရှိသည်။ ကျွန်တော်တို့အဖွဲ့ရောက်ရှိချိန်တွင် ကားအစီးရေ ၁၀၀ ကျော်၊ လူဦးရေ ၃၀၀ ခန့်လောက် ရောက်ရှိနေကြပြီး ရေကစားသူက ပျော်ရွှင်စွာ ရေကစား၊ စက်လှေစီးသူကစီး၊ အနားယူနေသည့်အဖွဲ့က အနားယူအပန်းဖြေနေကြသည်။ ထိုနေရာတွင် ရေတံခွန်မှ ရေကျသံတဝေါဝေါဖြင့် လည်းကောင်း၊ ရောင်စုံလိပ်ပြာကလေးများကလည်း အုပ်စုအလိုက် မြူးထူးပျံသန်းနေသည်မှာလည်း အင်မတန်မှ ကြည့်လို့ကောင်းသည့် ပန်းချီကားတစ်ချပ်ပမာ လှပနေပါသည်။ စားသောက်ဆိုင် သုံးလေးဆိုင်ရှိပြီး စားသောက်သူများဖြင့် စည်ကားနေသည်။ ရေတံခွန်စီးကျရာအောက် ရေတိမ်ပိုင်းတွင် ရေချိုးသူများ၊ ရေဆော့သူများ စည်ကားနေပေသည်။ ထိုသူများထဲမှ အပန်းဖြေလာရောက်သူတစ်ဦးနှင့် တွေ့ဆုံသိလိုသည်များမေးမြန်းရာ မိသားစုနှင့်အတူ ရန်ကုန်မှ လာရောက်လည်ပတ်ကြောင်း၊ ဒီလိုလှပတဲ့ ရေတံခွန် ဒီနေရာမှာရှိကြောင်း၊ တောင်ကြီးမြို့မှာ နေထိုင်သည့် သူငယ်ချင်းတစ်ဦးက ပြောပြကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် ဓာတ်ပုံများတင်ထားကြောင်း၊ ထို့ကြောင့် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို နွေရာသီကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များတွင် မြန်မာနိုင်ငံအနှံ့ လေ့လာရေး အပန်းဖြေခရီးထွက်ကြောင်း၊ ယခင်ကတည်းက တစ်ကြိမ်တစ်ခါမျှရောက်ဖူးခြင်းမရှိကြောင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် လမ်းညွှန်မှုရေးသားထားကြောင်း၊ ထို့အပြင် Google Map ကြည့်ပြီး လာခဲ့ကြောင်း၊ ယခုကဲ့သို့ လှပပြီး ကြီးမားသည့်ရေတံခွန်များ မတွေ့ဖူးကြောင်း ပြောပြသည်။ ဆက်လက်၍ ဒေသခံတိုင်းရင်းသူ မိုင်းရှူးဒေသခံတစ်ဦးဖြစ်သည့် နန်းဖောင်(အမည်ပြောင်း)နှင့် တွေ့ဆုံမေးမြန်းရာ "ကျွန်မတို့ ဒီဒေသမှာနေလာတာ ကြာပါပြီ၊ ဒီရေတံခွန်ရှိတယ်ဆိုတာလည်း လူကြီးတွေပြောပြလို့ သိပါတယ်၊ ယခင်က နယ်မြေဒေသမအေးချမ်းလို့ ဘယ်သူမှ မလာရောက်နိုင်ပါဘူး၊ အခုတော့ နယ်မြေတည်ငြိမ်အေးချမ်းလာတယ်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတာကြောင့် ဧည့်သည်တော်တော်များများ လာကြပါတယ်၊ စည်လည်း စည်ကားလာပါတယ်၊ ကျွန်မတို့ မိုင်းရှူးဒေသအတွက် ဝမ်းသာဂုဏ်ယူမိသလို ပျော်လည်းပျော်ပါတယ်၊ အရေးအကြီးဆုံး ပြဿနာကတော့ အမှိုက်ပြဿနာပဲ၊ လာရောက်လည်ပတ်တဲ့သူတွေက အမှိုက်တွေကို စနစ်တစ်ကျပစ်ဖို့လိုအပ်သလို ကျွန်မတို့ ဒေသခံတွေဘက်ကလည်း အမှိုက်ပုံးတွေ ထားပေးဖို့လိုအပ်ပါတယ်၊ ဒါ့အပြင် အပေါ့အပါးသွားဖို့ အိမ်သာတွေလည်း လိုအပ်ပါတယ်၊ ကျွန်မတို့ရဲ့ ရေတံခွန်နဲ့ သဘာဝအလှအပတွေ ပျက်စီးသွားမှာကိုတော့ စိုးရိမ်မိပါတယ်၊ အခုက စပါးစိုက်လယ်ကွင်းကို ဖြတ်သန်းပြီး ဒီရေတံခွန်ကို လာရတာပါ၊ မိုးမကျမီ စပါးမစိုက်ခင် အထိတော့ အဆင်ပြေပေမယ့် စပါးစိုက်ရာသီရောက်ရင်တော့ သွားလာဖို့ခက်ခဲပါတယ်၊ စပါးစိုက်တောင်သူတွေအတွက်လည်း အများကြီး နစ်နာဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့နေရပါတယ်၊ ကားတွေက လယ်ကွင်းထဲအထိဝင်ပြီး ရေကန်စပ်အထိရောက်အောင် ဝင်လာကြတော့ ခက်ပါတယ်၊ လူသွားလမ်းလောက်ပဲ ဖောက်ထားပေးသင့်တယ်လို့ မြင်ပါတယ်၊ အခုလိုပွင့်လင်းရာသီမှာ လာရောက်လည်ပတ်တဲ့ နေ့စဉ်လူဦးရေ ၂၀၀၊ ၃၀၀ လောက်နဲ့ ကားအစီးရေ ၁၀၀ လောက်တော့ လာကြတယ်လို့ ဒီရွာမှာနေတဲ့ ကျွန်မအဒေါ်က ပြောပါတယ်၊ ဒီသဘာဝအလှအပရေတံခွန်ကြီး အမြဲစိမ်းလန်းပြီး အမြဲလှပနေဖို့ကို ကျွန်မတို့ဒေသခံတွေရော၊ လာရောက်လည်ပတ်ကြတဲ့ ပြည်သူတွေရော ဝိုင်းဝန်းထိန်းသိမ်းပေးကြပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။ ကျွန်တော်တို့အဖွဲ့သည် ဟိုက်ပါရေတံခွန်မှ လွိုင်လင်မြို့သို့ မွန်းလွဲ ၂ နာရီခန့်တွင် ပြန်လည်ထွက်ခွာလာခဲ့ရာ ည ၇ နာရီတွင် ပြန်လည်ရောက်ရှိကြသည်။ အပြန်ခရီးတစ်လျှောက်တွင် ရေတံခွန်၏ သဘာဝအလှများကို ရေရှည်တည်တံ့အောင် မည်သို့မည်ပုံ ထိန်းသိမ်းသင့်ကြောင်း တွေးတောငေးမောရင်း အတွေးများစွာဖြင့် ပြန်လာခဲ့ကြသည်။

ရေတံခွန်မှ ရေကျသံတဝေါဝေါဖြင့် လည်းကောင်း၊ ရောင်စုံလိပ်ပြာကလေးများကလည်း အုပ်စုအလိုက် မြူးထူးပျံသန်းနေသည်မှာလည်း အင်မတန်မှ ကြည့်လို့ကောင်းသည့် ပန်းချီကားတစ်ချပ်ပမာ လှပနေပါသည်။ စားသောက်ဆိုင်သုံးလေးဆိုင်ရှိပြီး စားသောက်သူများဖြင့် စည်ကားနေသည်။

စာရေးသူအမြင်မှာလည်း မိုင်းရှူးဒေသခံ ပြောကြားခဲ့သလို အမှိုက်ပြဿနာများဖြေရှင်းရန် ယာယီအမှိုက်ပုံးများ၊ ဆာလာအိတ်များ ထားရှိပေးရန်နှင့် လာရောက်လည်ပတ်ကြသည့် ပြည်သူများကလည်း မိမိတို့၏ စွန့်ပစ်အမှိုက်များကို စနစ်တစ်ကျ စွန့်ပစ်ပေးနိုင်ကြပါရန် မေတ္တာရပ်ခံပါသည်။ သို့မှသာ သဘာဝရေတံခွန်ကြီး၏အလှအပများသည် ထာဝရလှပနေမည်ဖြစ်သည်။ မိုင်းရှူးဒေသတွင် သဘာဝရေတံခွန်တည်ရှိခြင်းကြောင့် ရပ်နီးရပ်ဝေးမှ ခရီးသွားဧည့်သည်များ လာရောက်နိုင်ကြသလို ဒေသခံပြည်သူများသည်လည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာပြီး မိသားစုဝင်ငွေများလည်း တိုးပွားလာကာ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်၍ ဟိုက်ပါရေတံခွန်ကြီး၏ သဘာဝအလှအပများကို ဝိုင်းဝန်းထိမ်းသိမ်း စောင့်ရှောက်ကာကွယ်ကြရန် ရေးသားတင်ပြလိုက်ရပေသည်။ ။



# လူငယ်များ စာရိတ္တမြင့်မားရေး ဝိုင်းဝန်းပြုစုပျိုးထောင်ပေး

မောင်သောင်းဝင်း (တမန်ဟောင်း)

လွန်ခဲ့သောသီတင်းပတ်က ပြင်ဦးလွင်မြို့၌ ခွဲစိတ်ဆရာဝန်တစ်ဦးကို လူငယ်အချို့က ရန်ရှာ၍ ဝိုင်းဝန်းချုပ်နှောင်ပြီး ချွန်ထက်သောအရာဖြင့် ထိုးခဲ့သည့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရသည်။ ကံကောင်းထောက်မစွာဖြင့် ထိုဆရာဝန်သည် သေကံမရောက် သက်မပျောက်ခဲ့ပေ။ ထိုဆရာဝန်သည် ပါမောက္ခချုပ်ဆရာတော်ကြီးထံသို့ ပုံမှန်သွားရောက်ကာ ကျန်းမာရေးအခြေအနေ မေးမြန်းခြင်း၊ ခြေဆုပ်လက်နယ်ပြုစုခြင်း၊ တရားတော်များ နာယူခြင်းတို့ကို ပြုလုပ်လေ့ရှိသည်။ ထိုနေ့ညကလည်း ဆရာတော်ကြီး၏ကျောင်းမှ အပြန် ထိုလူငယ်အချို့၏ ရန်ပြုခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ထိုလူငယ်လေးများသည် မည်သည့်အတွက်ကြောင့် ဆရာဝန်တစ်ဦးကိုပင် ရန်ပြုတိုက်ခိုက်လာကြသလဲ။ မိဘများ၊ အုပ်ထိန်းသူများ စဉ်းစားသင့်သော အချက်ပင်ဖြစ်သည်။

## မှုခင်းအစုံစုံ

မှုခင်းသတင်းအစုံစုံကို နေ့စဉ်ထုတ်သတင်းစာများနှင့် ဂျာနယ်များတွင် ဖတ်ရှုနေရသည်။ ယခင်က လူသတ်မှု၊ မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် သတင်းများကို တစ်လလောက်နေမှ တစ်ခါလောက်သာ ဖတ်ရသည်။ လက်ရှိအချိန်တွင် နေ့စဉ် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု နှစ်ကြိမ်၊ သုံးကြိမ်ခန့်ရှိနေသည်။ ထို့အပြင် လွန်ခဲ့သော ၂၀၁၇ ခုနှစ်က တစ်နေ့လျှင် မုဒိမ်းမှု လေးကြိမ်ခန့်ဖြစ်ပွားခဲ့သည်။ ပို၍ ကြောက်မက်ဖွယ်ရာကောင်းသည်မှာ တစ်နေ့လျှင် အသက်(၁၆)နှစ်အောက် သက်ငယ်မုဒိမ်းမှု နှစ်ကြိမ်နှင့်အထက်ဖြစ်ပွားခဲ့သည်။ မြန်မာ့လူမှုအဖွဲ့အစည်းတွင် တချို့သောသူများသည် မေတ္တာတရားခေါင်းပါးနေကြပြီဖြစ်သည်။

ဆိုရလျှင် မြန်မာ့လူမှုအသိုက်အဝန်းတွင် မှုခင်းများ ထူပြောလာပြီဖြစ်သည်။ မှုခင်းဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းသည် ဆင်းရဲတွင်းနက်နေခြင်း၊ စာမတတ်ခြင်း၊ စာမဖတ်ခြင်း၊ အသိပညာဗဟုသုတ ခေါင်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့ စိတ်ဓာတ်ချူချာလာသော မြန်မာ့လူမှုအဖွဲ့အစည်းကို ဤပုံစံအတိုင်းသာ လျစ်လျူရှုထားမည်ဆိုလျှင် အနာဂတ်လူငယ်များအတွက် ရင်လေးစရာပင်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအပြင် ပရဟိတအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ငွေကြေးတတ်နိုင်သူများကလည်း လူငယ်များ စာရိတ္တမြင့်မားရေး၊ စိတ်ဓာတ်ကျန်းမာကြံ့ခိုင်ရေးတို့အတွက် အချိန်မီ ဝိုင်းဝန်းပြုစုပျိုးထောင်ပေးသင့်နေပြီဖြစ်သည်။

## ငွေနောက်ကို လိုက်နေကြရ

မျက်မှောက်ကာလတွင် မြန်မာလူမှုအဖွဲ့အစည်း၌ မိဘနှစ်ဦးစလုံးသည် စားဝတ်နေရေးအတွက် ရုန်းကန်နေကြရသည်။ မိသားစုဝင်ငွေရရှိအောင် ကြိုးပမ်းနေကြရသည်။ ထိုငွေသည် နေ့စဉ် စားဝတ်နေရေးအတွက် များစွာ အရေးပါလျက်ရှိသည်။ ငွေရှိမှ လူရာဝင်သည်။ ငွေရှိမှ ဆွေမျိုးတော်လိုကြသည်။ ငွေရှိမှ ဆက်ဆံပေါင်းသင်းလိုကြသည်။ ငွေရှိမှ လူမှုအသုံးအဆောင်များ၊ ဇိမ်ခံပစ္စည်းများ ဝယ်ယူနိုင်မည်။ ငွေရှိမှ သား၊ သမီးများကို အဆင့်မြင့်ကျောင်းများတွင် ထားနိုင်မည်။ ငွေရှိမှ လိုရာခရီးကို ရောက်နိုင်မည်။ ငွေရှိမှ စားချင်သည့် အစားအစာကို ဝယ်ယူစားသုံးနိုင်မည်။ ဝတ်ချင်သည့် အဝတ်ကို ဝယ်၍ ဝတ်ဆင်နိုင်မည်။ ငွေသည်ပျော်ရွှင်မှုကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ပါသည်။ ထို့ကြောင့် စာရေးသူတို့အားလုံး ငွေနောက်ကို လိုက်နေကြရသည်။

## မေတ္တာသည်သာ အခရာ

သို့သော် လူတစ်ဦးသည် မိသားစု၊ အထူးသဖြင့် သား၊ သမီးများကို လျစ်လျူရှု၍ ငွေနောက်ကိုသာ တကောက်ကောက်လိုက်နေမည်ဆိုလျှင် ထိုကလေးများသည် မေတ္တာဆာလောင်မွတ်သိပ်နေတတ်ကြသည်။ မိဘများသည် သားသမီးများအပေါ် ငွေကြေးဖြည့်ဆည်းပေးနေရုံမျှဖြင့် လုံလောက်မည် မဟုတ်ချေ။ မိဘတစ်ဦး၏မေတ္တာကိုလည်း ဖြည့်ဆည်းပေးနိုင်အောင် ကြိုးပမ်းသင့်ပါသည်။ အထူးသဖြင့် သားသမီးများကို မိဘမေတ္တာပေးသင့်ပါသည်။ သားသမီးများ စာရိတ္တမြင့်မားရေးအတွက်လည်း ကျိုးကြောင်းဆီလျော်စွာ နည်းပေးလမ်းပြလုပ်ပေးသင့်သည်။ မိဘများသည် သားသမီးများအတွက် စံပြဖြစ်နေရန် လိုအပ်သည်။

မိသားစုတစ်စုတွင် မိဘနှစ်ဦးစလုံးသည် စီးပွားရေးလုပ်ငန်းရှင်များ၊ ဝန်ထမ်းများ ဖြစ်နေကြမည်ဆိုလျှင် ကလေးများကို အချိန်ပြည့်ကြည့်နိုင်တော့မည်မဟုတ်ချေ။ အဘိုးအဘွားများ၊ ဆွေးမျိုးများနှင့် အပ်ထားကြရသည်။ တချို့သောမိဘများသည် ကလေးများကို အိမ်ဖော်နှင့် လွှတ်ထားကြသည်။ ထိုကလေးများသည် ရုပ်ဝတ္ထုပစ္စည်းများ ပြည့်စုံကောင်းပြည့်စုံနေပါမည်။ သို့သော် အမှန်တကယ်လိုအပ်ချက်ဖြစ်သော မိဘမေတ္တာကိုမူ ဆာလောင်နေတတ်ကြပါသည်။ ငယ်စဉ်က မိဘမေတ္တာအလုံအလောက် မရရှိခဲ့သော ကလေးအချို့သည် လောကကြီးအပေါ် မကျေမနပ်ဖြစ်နေတတ်သည်။ အထူးသဖြင့် ရုပ်ဝတ္ထုပစ္စည်းများကို မုန်းတီးတတ်ကြပါသည်။

> ‘မှုခင်းဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းသည် ဆင်းရဲတွင်းနက်နေခြင်း၊ စာမတတ်ခြင်း၊ စာမဖတ်ခြင်း၊ အသိပညာဗဟုသုတ ခေါင်းပါးခြင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့ စိတ်ဓာတ်ချူချာလာသော မြန်မာ့လူမှုအဖွဲ့အစည်းကို ဤပုံစံအတိုင်းသာ လျစ်လျူရှုထားမည်ဆိုလျှင် အနာဂတ်လူငယ်များအတွက် ရင်လေးစရာပင်ဖြစ်သည်’

ကလေးငယ်များသည် မိဘများက အလေးတယူ ဂရုစိုက်ပြုစုပေးမှုကို လိုလားကြသည်။ အထူးသဖြင့် ဖခင်တစ်ဦးက ဂရုစိုက်ပေးလျှင် ပို၍ပျော်ရွှင်ကျေနပ်ကြသည်။ ကိုယ်တွေ့ဖြစ်ပါသည်။ စာရေးသူ၏ သမီးနှစ်ဦးသည် တစ်ခါတစ်ရံ ကျောင်းကြို၊ ကျောင်းပို့လုပ်ပေးသည်ကိုပင် များစွာကျေနပ်ပီတိဖြစ်နေကြသည်။ တချို့သောကိစ္စများသည် မိဘများအတွက် အသေးအဖွဲ ဖြစ်နေသော်လည်း ကလေးများအတွက်မူ များစွာအားဖြစ်စေတတ်ပါသည်။ ကလေးများသည် ပန်းကလေးများနှင့် တူပါသည်။ အရိပ်တကြည့်ကြည့်နှင့်သာ ပြုစုပျိုးထောင်ပေးမည်ဆိုလျှင် လှပဝေဆာပွင့်လန်းလာမည်ဖြစ်သည်။

လူငယ်များသည် တစ်ခါတစ်ရံ အပေါင်းအသင်းမှားခြင်းကြောင့် လမ်းမှားသို့ပင် ရောက်သွားတတ်ပါသည်။ တချို့ကလေးငယ်များသည် မိဘမေတ္တာမရသဖြင့် အရွဲ့တိုက်တတ်ကြသည်။ ကာယကံရှင် ထိုကလေးများသာ နစ်နာရပါသည်။ မိဘနှစ်ဦးစလုံးက ပစ်ထားသောကလေးသည် စိတ်ရောကိုယ်ပါ ကြံ့ခိုင်နိုင်မည်မဟုတ်ချေ။ တစ်ခါတစ်ရံ ရောဂါကျွမ်းမှသာ သိရသည်။ ရုပ်ပိုင်းဆိုင်ရာရောဂါကို ကုသ၍ရနိုင်သော်လည်း ရင်တွင်းခံစားချက်ကိုမူ မိဘမေတ္တာဖြင့်သာ ကုစားနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မိဘမေတ္တာသည် သားသမီးများ စာရိတ္တမြင့်မားရေးတွင် များစွာအခရာကျလျက်ရှိသည်။

## လူငယ်များ စာရိတ္တမြင့်မားရေး

မိဘများသည် သားသမီးများကို ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ဓာတ်ပါ ကြံ့ခိုင်နေစေရန်အတွက် ငယ်စဉ်ကတည်းက ဘာသာရေးအဆုံးအမများကို စနစ်တကျ သင်ကြားပြသပေးထားသင့်ပါသည်။ အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို သိတတ်သောစိတ်၊ ကူညီရိုင်းပင်းလိုသောစိတ်၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်လိုသောစိတ်၊ အနစ်နာခံလိုသောစိတ်၊ အမှန်တရားဘက်တွင် ရပ်တည်လိုသောစိတ်ဓာတ်များ ကိန်းအောင်နေအောင် လေ့ကျင့်ပျိုးထောင်ပေးထားသင့်သည်။ အိပ်ရာဝင်ပုံပြင်ပြောပြခြင်း၊ စာဖတ်ပြခြင်း၊ စာဖတ်လိုသည့်ဆန္ဒ ကိန်းအောင်းလာအောင် လေကျင့်ပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။ အထူးသဖြင့် အတ္တကြီးမားသူ၊ နိုင့်ထက်စီးနင်းပြုလုပ်လိုသူများ ဖြစ်မလာအောင် စနစ်တကျ ပြုစုပျိုးထောင်ပေးသင့်ပါသည်။ ကလေးငယ်များ၏စိတ်ဓာတ်သည် လွန်စွာနူးညံ့ပျော့ပျောင်းသဖြင့် ပုံ့ကိုင်ပုံသွင်းသူ မိဘများအပေါ်တွင် များစွာမူတည်နေပါသည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများသည် ကလေးငယ်များစာရိတ္တမြင့်မားရေးအတွက် ငယ်စဉ်ကတည်းက စနစ်တကျသင်ကြားလေ့ကျင့်ပေးထားရန် လိုအပ်သည်။

## မေတ္တာတရား ခေါင်းပါးလာ

စင်စစ်အားဖြင့် မြန်မာတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော်လည်း မနာလို ဝန်တိုစိတ်ကြီးမားကြသည်။ တခြားသူ အောင်မြင်မှု၊ ကြီးပွားတိုးတက်မှုကို မုဒိတာမပွားနိုင်ကြပေ။ သင့်တင့်လျောက်ပတ်စွာ နှလုံးမသွင်းနိုင်ကြပေ။ ရန်လိုမုန်းတီးလာကြသည်။ မေတ္တာတရား ခေါင်းပါးလာကြသည်။ ကိုယ်ချင်းစာတရား နည်းပါးလာကြသည်။ ကူညီရိုင်းပင်းလိုစိတ်ပျောက်ဆုံးလာကြသည်။ ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူကိုသနား ဆိုသည့် ကောင်းမွန်သော အလေ့အထကိုလည်း မြင်ရ၊ တွေ့ရခဲလာသည်။ ထိုအလေ့အထသည် လူငယ်များသို့ ကူးစက်လာနေပြီဖြစ်သည်။ ဤပုံစံအတိုင်းသာ ဆက်သွားနေမည်ဆိုလျှင် အနာဂတ်တွင်လူငယ်များသည် အောင်မြင်သောဘဝကို တည်ဆောက်နိုင်မည်မဟုတ်ချေ။

ခြုံ၍တင်ပြရလျှင် ငွေသည် လူတစ်ဦးတစ်ယောက်ချင်းစီ၏ နေ့စဉ်စားဝတ်နေရေးအတွက် များစွာ အရေးပါလျက်ရှိသည်။ ထိုငွေရရှိရေးအတွက် စဉ်ဆက်မပြတ် ရုန်းကန်လှုပ်ရှားနေကြရသည်။ တချို့သောမိသားစုများတွင် မိဘနှစ်ဦးစလုံးသည် သားသမီးများကို အိမ်တွင်ထား၍ ငွေရှာထွက်နေကြရသည်။ ထိုသို့ ငွေရှာနေရသဖြင့် မိဘအုပ်ထိန်းသူများသည် သားသမီးများကို အချိန်ပေး၍ စနစ်တကျပြုစုပျိုးထောင်ပေးနိုင်စွမ်းမရှိတော့ချေ။ အကျိုးဆက်အနေဖြင့် ကလေးငယ်များသည် ရင်ထဲတွင် တစ်ခုခုကိုလိုအပ်သလို ခံစားလာကြမည်ဖြစ်သည်။ ဆိုလိုသည်မှာ မိဘမေတ္တာကို ဆာလောင်မွတ်သိပ်လာမည်ဖြစ်သည်။

ငယ်စဉ်က မိဘမေတ္တာအပြည့်အဝမရရှိသည့် ကလေးများ၊ မိဘအုပ်ထိန်းသူများက စနစ်တကျပြုစုပျိုးထောင်နိုင်ခြင်းမရှိသော ကလေးများသည် အပေါင်းအသင်းမှားတတ်ပေသည်။ ထိုကလေးများသည် တဒင်္ဂစိတ်ခံစားချက်ကိုဦးစားပေးရာမှ ပြစ်မှုကိုပင်ကျူးလွန်တတ်ပေသည်။ သာဓကအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အုပ်စုဖွဲ့ရန်ဖြစ်ခြင်းတို့ကို ပြုလုပ်လာတတ်ပေသည်။ မည်သို့ပင်ဆိုစေကာမူ မိဘအုပ်ထိန်းသူများ အပါအဝင်တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများအနေဖြင့် အနာဂတ်တွင် လူငယ်များ စာရိတ္တပိုမိုမြင့်မားလာစေရေးအတွက် ဝိုင်းဝန်းပြုစုပျိုးထောင်ပေးနိုင်ကြပါစေ။ ။

# သုဝဏ္ဏဝတီမြို့၌ ရှင်ဥပဂုတ္တမထေရ်မြတ် ကန်တော်ကြီး မြေထိန်းကျောက်စီနံရံများ စတင်တည်ဆောက်



**သုဝဏ္ဏဝတီ မေ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမကြီးဘေးတွင် တည်ရှိသော ရှင်ဥပဂုတ္တ ကန်တော်ကြီးအား သန့်ရှင်းသာယာလှပစေရန်နှင့် အများပြည်သူ နားနေအပန်းဖြေနိုင်ရန်အတွက် ကန်ပတ်လည် မြေထိန်းကျောက်စီနံရံများကို ဧပြီလနောက်ဆုံးပတ်မှစတင်၍ တည်ဆောက်နေကြောင်းနှင့် ရှေ့မျက်နှာစာ ပေ ၄၈၀၊ အမြင့် ၁၇ ပေကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ကန်သာယာ တူးဖော်ရေးအဖွဲ့ကို ယခင်နှစ်က ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သောက်သုံးရေရှားပါးမှု မဖြစ်စေရန်၊ နွေရာသီ မီးဘေးလုံခြုံရေးအတွက် ရေရရှိစေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ သဘာဝအလှကို အေးချမ်းစွာမြင်တွေ့စေနိုင်ရန်အတွက် ကန်တော်ကြီးကို တူးဖော်၍ ကန်ပတ်လမ်းကို တည်ဆောက်ပြင်ဆင်ခဲ့ကြောင်း သိရသည်။ ကန်တော်၏ ဧရိယာမှာ ၁၇ ဧက ကျယ်ဝန်းပြီး ကန်ပတ်လည် အရှည်ပေ ၃၀၀၀ ခန့်ရှိကြောင်း ကန်တော်၏ အလယ်တွင် ရှင်ဥပဂုတ္တကျောင်းဆောင်ကို တည်ထားကိုးကွယ်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော်ပြီဖြစ်ကြောင်း ဂေါပကဥက္ကဋ္ဌ ဦးတင်မြင့်က ပြောသည်။ ကန်၏အလယ်တွင် ရှင်ဥပဂုတ္တ မထေရ်မြတ် စံကျောင်းတော်နှင့် နဂါးရုံဘုရားတို့ကို တည်ထားကိုးကွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဒေါ်ချစ်ချစ်သိမ့် မိသားစု(ကျိုက္ကော်)မှ တစ်ဦးတည်း အလှူရှင်အဖြစ် ကန်တူးဖော်မှုများ၊ မြေထိန်းကျောက်စီနံရံများ တည်ဆောက်မှုများကို ကန်သာယာတူးဖော်ရေးအဖွဲ့က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းကို စီမံကိန်းအနေဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန်သာယာတူးဖော်ရေးအဖွဲ့မှ အတွင်းရေးမှူး ဦးဝင်းဆန်းက ပြောသည်။

“အခုလို အလှူရှင်က တည်ဆောက်ပေးနေတာ တွေ့ရတော့ မြို့ရဲ့ သာယာလှပမှုကို မြင်တွေ့ရပြီး ထပ်မံပြီး တည်ဆောက်ရမယ့် ဘုရားစောင်းတန်း၊ မုခ်ဦး အစရှိတဲ့ အဆောက်အအုံတွေအတွက် အလှူရှင်တွေ ထပ်မံပေါ်ပေါက်လာမှာပါ” ဟု သုဝဏ္ဏဝတီမြို့နေသူတစ်ဦးက ပြောသည်။

**ခွန်(ဝင်းပ)**

# တနင်္သာရီမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြန်မာ-ထိုင်း နယ်စပ်ဂိတ်အား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

**တနင်္သာရီ မေ ၂**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် ဝန်ကြီးများသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် တနင်္သာရီမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်နေမှုများကို ဧပြီ ၃၀ ရက်က ကွင်းဆင်းကြည့်ရှု၍ ဒေသခံများနှင့်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့်ဝန်ကြီးများအဖွဲ့သည် ဧပြီ ၃၀ ရက် နံနက် ၁၁ နာရီက တနင်္သာရီမြို့တည် နန်းတည်ရှင်မအောင်သာကျောက်တိုင် နတ်နန်းအဆောင်အဆင့်မြှင့်တင်နေမှုနှင့် မြို့နယ်လုံးဆိုင်ရာယဉ်ကျေးမှုပြတိုက် ဆောက်လုပ်ပြီးစီးမှုကိုကြည့်ရှု၍ တနင်္သာရီတံတားစီမံကိန်းတည်ဆောက်ရေးအဖွဲ့(၄) ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးအတွင်း တည်ဆောက်လျက်ရှိသည့် တံတားလေးစင်းနှင့်ပတ်သက်၍ တံတားတည်ဆောက်ရေးအဖွဲ့(၄) ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းက လက်ရှိတည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးရာ ဝန်ကြီးချုပ်က တနင်္သာရီတံတားသစ်တည်ဆောက်နေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ် ဒေါက်တာဒေါ်လဲ့လဲ့မော်နှင့် ဝန်ကြီးများသည် တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးလွှတ်တော်အမှတ်(၂)ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ၊ တိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဦးစီးမှူးများလိုက်ပါ၍ မော်တောင်မြို့သို့ ဆက်လက်ထွက်ခွာပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က မော်တောင်မြို့(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမအတွင်း ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒေသခံများက တင်ပြသည့် ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီတာခဈေးနှုန်းနှင့် မြို့နယ်ခန်းမ၊ ဆရာ ဆရာမလိုအပ်နေမှုများ၊ (မြန်မာ-ထိုင်း)နှစ်နိုင်ငံနယ်စပ်ဂိတ်အား တရားဝင်ဖြစ်စေရေးကိစ္စများအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (မြန်မာ-ထိုင်း)နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် CCTV ဖြင့် လူဝင်လူထွက်မှတ်တမ်းထားရှိမှု၊ အထူးကိစ္စရပ်များ စစ်ဆေးရေး(ယာယီ)ရုံးခန်းနှင့် သွင်းကုန်ယာဉ်စစ်ကွင်းနှင့် အမှတ်(၉) တံတားတိုင်ခြေ ရေတိုက်စားနေမှုတို့ကို စစ်ဆေးကြည့်ရှုပြီး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ၊ ထိန်ဝင်း(ပြန်/ဆက်)**

# ဇိုမီးလုပ်သားတပ်ဖွဲ့သူရဲကောင်းများအတွက် နှစ်တစ်ရာပြည့်အောက်မေ့ဖွယ် ကျင်းပ

**တီးတိန် မေ ၂**

ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်အတွင်းမှ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားချိန် ၁၉၁၇ ခုနှစ်က ချင်းအမျိုးသားတို့သည် ပြင်သစ်နိုင်ငံသို့ ကူလီလုပ်သားများအဖြစ် သွားရောက်အမှုထမ်းခဲ့ကြသည့်အနက် ဇိုမီးဘိုးဘေးသူရဲကောင်း ၁၀၃၃ ဦးတို့အတွက် နှစ်တစ်ရာပြည့်အဖြစ်ဂုဏ်ပြုသည့် အောက်မေ့ဖွယ်အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့အလုပ်သမားနေ့ကို ဂုဏ်ပြုလျက် မေ ၁ ရက် နံနက် ၁၀ နာရီက တီးတိန်မြို့ မြို့မရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပြင်သစ်နိုင်ငံစစ်မြေပြင်၌အမှုထမ်းခဲ့သော ဇိုမီးဘိုးဘေးသူရဲကောင်းများအား အလေးပြုကြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂင့်ကမ်းလျန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဂိုးဆွင်းခိုင်တို့က ဇိုမီးဘိုးဘေးသူရဲကောင်းတို့အတွက် နှစ်တစ်ရာပြည့်ဂုဏ်ပြုပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုလို မွန်မြတ်သည့် သမိုင်းကို ထိန်းသိမ်းနိုင်ရန်အတွက် အောက်မေ့ဖွယ်ရာ အထိမ်းအမှတ်လုပ်ဆောင်နိုင်ခြင်းအားဖြင့် မိမိတို့၏ဘိုးဘေးများကို တန်ဖိုးထားလေးစားကြောင်း သက်သေထူရာရောက်သည်သာမက မိမိတို့ဘိုးဘေးများ၏ သမိုင်းဖြစ်ရပ်မှန်များကို ထိန်းသိမ်းနိုင်မည့်အပြင် နောင်အနာဂတ်တွင် မွေးဖွားလာကြမည့်လူငယ်များအား အတိတ်ကာလများဆီက ဘိုးဘေးတို့၏မွန်မြတ်သည့် သမိုင်းကြောင်းကို လက်ဆင့်ကမ်းပြောပြရာရောက်နိုင်မည်ဟု လေးလေးနက်နက်ယုံကြည်မိပါကြောင်း၊ ယခုကဲ့သို့ ဘိုးဘေးများကို မိမိတို့တိုင်းရင်းသားများမှ ဂုဏ်ပြုခြင်း၊ အစဉ်အမှတ်ရခြင်းဖြင့် တမလွန်မှ ဘိုးဘေးများကလည်း သားစဉ်မြေးဆက်များအပေါ် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမည်ဟု ယုံကြည်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးဂိုးခန့်ပေါင်က အထိမ်းအမှတ်အခမ်းအနား ကျင်းပရသည့်အကြောင်းကို ရှင်းလင်းတင်ပြပြီး ပြင်သစ်နိုင်ငံစစ်မြေပြင်သို့ အမှုထမ်းရာတွင် ပါဝင်ခဲ့သည့် တီးတိန်မြို့နယ် မွေဇောလ်ကျေးရွာမှ ဘိုးဘေးသူရဲကောင်း Pu Eng Cin Thang ၏ သားဖြစ်သူ ဦးဇင့်ခန့်ထန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ခင်းကျင်းပြသထားသော ပြင်သစ်နိုင်ငံစစ်မြေပြင်ရောက် ဘိုးဘေးများ၏အဝတ်အစားများ၊ အသုံးအဆောင်ပစ္စည်းများနှင့် မှတ်တမ်းဓာတ်ပုံများကို တက်ရောက်လာသူများက စိတ်ပါဝင်စားစွာကြည့်ရှုကြသည်။

"ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ဘိုးဘေးတွေရဲ့ ရဲရင့်မှုကို အနာဂတ်မျိုးဆက်သစ်လူငယ်တွေ သိရှိလာစေဖို့၊ ဘိုးဘေးသူရဲကောင်း ၁၀၃၃ ဦးကို နောင်လာနောက်သားတွေကလည်း အစဉ်အောက်မေ့သတိရစေဖို့ဆိုတဲ့ ရည်ရွယ်ချက်ထားပြီး မိမိတို့ဘိုးဘေးတွေအတွက် ဂုဏ်ယူလေးစားတဲ့အနေနဲ့ အခုလို ဂုဏ်ပြုအထိမ်းအမှတ်အခမ်းအနားပြုလုပ်တာဖြစ်ပါတယ်။ နှစ်တစ်ရာပြည့်အထိမ်းအမှတ်ကမ္ပည်းကျောက်စာတိုင်ကိုလည်း စိုက်ထူဖို့ရည်ရွယ်ထားပြီးဖြစ်ပါတယ်" ဟု နှစ်တစ်ရာပြည့်အထိမ်းအမှတ်ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးဂိုးခန့်ပေါင်က ပြောသည်။

အဆိုပါတိုက်ပွဲအတွင်း ကျဆုံးခဲ့သူများ၏အုတ်ဂူများကို ယနေ့အထိ ပြင်သစ်နိုင်ငံ စစ်သင်္ချိုင်းတွင် တွေ့မြင်နေရဆဲဖြစ်ကြောင်း၊ ဘိုးဘေးတို့၏ကြမ်းတမ်းခက်ထန်သော ခရီးစဉ်နှင့်ယင်းတို့၏ ရှုပ်ရှုပ်ချွံချွံစွမ်းဆောင်ချက်များသည် ချင်းပြည်နယ်အတွက် အရေးကြီးသည့်သမိုင်းတစ်ရပ်ဖြစ်ကြောင်း၊ တီးတိန်မြို့နယ် Sukte' Gungal မျိုးနွယ်စုမှ အမျိုးသား ၂၅၀၊ Kamhau မျိုးနွယ်စုမှ အမျိုးသား ၇၀၀ နှင့် Sizang မျိုးနွယ်စုမှ အမျိုးသား ၈၃ ဦးတို့သည် အလုပ်ကြမ်းတပ်စုအမှတ်(၆၁)နှင့် အမှတ်(၆၂)အဖြစ် ပြင်သစ်နိုင်ငံသို့သွားရောက်အမှုထမ်းခဲ့ကြောင်း၊ ပထမကမ္ဘာစစ်ကြီးပြီးဆုံးချိန် ၁၉၁၈ ခုနှစ်တွင် အလုပ်ကြမ်းတပ်စုအမှတ်(၆၁)နှင့် အမှတ်(၆၂)မှ အမျိုးသား ၁၀ ဦးတို့သည် ဗြိတိသျှဘုရင်မင်းမြတ် King George V အားတွေ့ဆုံရန် လန်ဒန်မြို့ရှိ ဘက်ကင်ဟမ်နန်းတော် (Buckingham Palace) သို့ လည်ပတ်ရန် ဖိတ်ခေါ်တွေ့ဆုံခြင်းခံခဲ့ကြရကြောင်း ချင်းသမိုင်းသုတေသီဆလိုင်းဗန်ကျုံးလျန်(ယူကေ)က ပြောကြားသည်။

**ဇိုဟေဆာ**

# ဧရာဝတီမြစ်ရိုးတစ်လျှောက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှု ၈၀ ရာခိုင်နှုန်းခန့် ပြီးစီး

**မန္တလေး မေ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ ရေတိုက်စားမှုဒဏ်အများဆုံးခံစားရသည့်ကျေးရွာများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



"အဓိကတော့ ရွာတွေရဲ့ ကမ်းပြိုကာကွယ်ရေးနဲ့ စိုက်ပျိုးမြေတွေမဆုံးရှုံးအောင် ထိန်းသိမ်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နှစ်ခုနဲ့ ကျွန်တော်တို့က ကမ်းပြိုကာကွယ်ခြင်းတွေ လုပ်ဆောင်တာပါ။ ပြီးခဲ့တဲ့ဇန်နဝါရီလက စလုပ်တယ်၊ ကျေးရွာတော်တော်များများပြီးနေပြီ၊ အကုန်လုံးအတိုင်းအတာနဲ့ဆိုရင် ၈၀ ရာခိုင်နှုန်းလောက်ပြီးစီးသွားပြီ၊ ရေမတက်ခင် လုပ်ငန်းအားလုံးအပြီးဆောင်ရွက်သွားမှာမှာပါ" ဟု အဆိုပါဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်က ပြောသည်။

တိုင်းဒေသကြီး၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၉၆၉ ဒသမ ၀၈ သန်းဖြင့် စဉ့်ကူး၊ မတ္တရာ၊ တံတားဦး၊ ငါန်းဇွန်၊ မြင်းခြံနှင့်ညောင်ဦးစသည့် မြို့နယ်ခြောက်ခုမှ ကျေးရွာပေါင်း ၁၂ ရွာကိုလည်းကောင်း၊ ဖြည့်စွက်ရန်ပုံငွေကျပ် ၁၄၅၆ သန်းဖြင့် စဉ့်ကူး၊ အမရပူရနှင့် ငါန်းဇွန်မြို့နယ်တို့မှ ကျေးရွာခြောက်ရွာကိုလည်းကောင်း စုစုပေါင်းကျေးရွာ ၁၈ ရွာကို ငွေကျပ်သန်းပေါင်း ၄၄၂၅ ဒသမ ၀၈ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှ သိရသည်။

"ကျွန်တော်တို့ ကျေးရွာလေးက ကမ်းပါးပြိုလို့ရှိရင် အိမ်ခြေအများဆုံး ပြောင်းရွှေ့ရတာပေါ့။ တစ်အိမ်မှာ သိန်းဂဏန်းလောက်အထိ ကုန်ကျခဲ့တယ်၊ အခုနိုင်ငံတော်က ပံ့ပိုးကူညီလုပ်ကိုင်ပေးတဲ့ ရေကာတာကြီး အောင်မြင်မှုရရှိသွားရင် ကျွန်တော်တို့ရဲ့ လုပ်အားတွက်လေး အပိုအရှုန်ပြန်ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်၊ ကျေးရွာရဲ့ စိုက်ပျိုးမြေတွေလည်း မဆုံးရှုံးတော့ဘူး" ဟု အဆိုပါ တိုင်းဒေသကြီးမတ္တရာမြို့ ဆင်ကျွန်းကျေးရွာနေ ဦးမောင်လေးက ပြောသည်။

မြန်မာနိုင်ငံ အသားတင်ရငွေ၏ ၂ ဒသမ ၅၅ ရာခိုင်နှုန်းသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးနေရသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ထုတ်ပြန်မှုတစ်ခုတွင် မြန်မာနိုင်ငံသည် သဘာဝဘေးကြောင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၇၀၇ သန်း ဆုံးရှုံးနေရသည်ဟု ဖော်ပြထားကြောင်း သိရသည်။

ဧရာဝတီမြစ်ကြီးတွင် ရေလမ်းကြောင်း ပြောင်းလဲ၍ ရေဦးထိုးခြင်းကြောင့် ကမ်းပြိုခြင်းများ ဖြစ်ပေါ်တတ်ပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သံခြင်းအခြေပြုကျောက်စီတမံ၊ ကွန်ကရစ်တိုင်အခြေပြုကျောက်စီတမံ၊ မျောကရစ်ကမ်းထိန်းလုပ်ငန်းနှင့် မျောကျောက်ဖြစ် ရေလွှဲရေကာတို့ဖြင့် အဓိကလုပ်ဆောင်နေခြင်းဖြစ်ပြီး အများစုမှာ သံခြင်းအခြေပြုကျောက်စီတမံများဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အဆိုပါလက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်က ပြောကြားသည်။

၁၉၆၈ ခုနှစ်မှစ၍ ၂၀၁၆ ခုနှစ်အထိ ဧရာဝတီမြစ်အတွင်း ဆယ်စုနှစ်အလိုက် အများဆုံးမန္တလေးမြို့ မြစ်ရေချိန်များမှာ ၁၉၇၄ ခုနှစ် ဩဂုတ်လတွင် ၁၃၄၂ စင်တီမီတာ၊ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ၁၃၂၃ စင်တီမီတာ၊ ၁၉၈၈ ခုနှစ်စက်တင်ဘာလတွင် ၁၃၁၄ စင်တီမီတာ၊ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ၁၃၈၂ စင်တီမီတာအထိ အမြင့်ဆုံးရောက်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ၁၃၂၅ စင်တီမီတာသို့ အသီးသီးရောက်ရှိခဲ့ကြောင်း အဆိုပါတိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)၏ မှတ်တမ်းများအရ သိရသည်။ **နဒီလှိုင်း**

# တစ်ခဏလူရည်ချွန် ထာဝရလူရည်ချွန်

"လူရည်ချွန် လူရည်မွန်-ထာဝစဉ်အကျိုးပြု-နိုင်ငံ့ဝန်မိုးစွန်ကြယ်တမွတ်
ကို ဆွတ်ချူယူမည့်အလား။ ။
နိုင်ငံ့အပေါ်ဝယ် ကာကွယ်စောင့်ရှောက်ကာရယ်
ယနေ့လူငယ် နောင်တစ်ခေတ်ဝယ် ဝင့်ထည်အစဉ်အားထား။ ။
ကချင်မြန်မာမွန်ရခိုင် ကရင်ကယားချင်းရှမ်းပြည်သူတွေ
တို့တစ်တွေလက်တွဲမခွာ တို့တစ်တွေညီစို့လား။ ။
လူရည်ချွန်တေးသံများ လိပ်ပြာတောင်ပံခတ်သံအလား
ပန်းမျိုးတစ်ရာ-ဝေဝေဆာလန်းဆန်းတဲ့-တောအထပ်ထပ်
တောင်အသွယ်သွယ် တစ်လွှား
တောကိုဆင်း တောင်ကိုတက် ချောင်းကိုကျော်ကာ တအား
ဝေဝေဆာလန်းဆန်းတဲ့ အမိမြေဥယျာဉ်အတွင်းမှ စိတ်ကူးလိပ်ပြာကလေးများ
တောင်ပံခတ်သံအလား
တောင်စွယ်တောင်တန်းများမှ ပွင့်သောပန်းကလေးများရယ်
ငပလီသောင်ကမ်းစပ်မှ ပြာသောခရုပန်းကလေးများရယ်
ရေပြာအင်းလေးဝန်းကျင်မှ ရှမ်းအိုးစည်သံစဉ်များ။ ။
သည်နွေ သည်ယနေ့ တို့နိုင်ငံအရေး လူငယ်အရေး
လူငယ်တွေ တေးမှာပေါင်းစုံထား။ ။"

စာရေးသူတို့ငယ်စဉ် လူရည်ချွန်ကျောင်းသားဘဝက အင်းလေးခေါင်တိုင်လူရည်ချွန်စခန်းတွင် သံပြိုင်သီဆိုခဲ့ဖူးသော လူရည်ချွန်တေးသီချင်းတစ်ပုဒ်ပင် ဖြစ်ပါသည်။ မည်သူစပ်ဆိုခဲ့သည်ဆိုခြင်းကိုမူ မမှတ်မိတော့ပါ။ ထိုစဉ်က ဆရာအတတ်သင်သိပ္ပံကျောင်းတစ်ခုခုမှ ဂီတနည်းပြဆရာတစ်ဦးဦး ဖြစ်လိမ့်မည်ဟုတော့ တွေးမိနေပါသည်။

နောက်ထပ်မှတ်မိနေသေးသော လူရည်ချွန်သီချင်းတစ်ပုဒ်လည်း ရှိပါသေးသည်။ ထိုသီချင်းမှာ ဤသို့ ဖြစ်ပါသည်။

"ဝေဝေဆာလန်းဆန်း-ပန်းမျိုးတစ်ရာရောင်စုံခြယ်
ပြည်ထောင်စုတစ်ဝန်းမှ ကချင်ကယားကရင်ချင်းမွန်ရှမ်းအလှရခိုင် မြန်မာနှယ်
လှပတယ် ညီညွတ်တယ် လူငယ်ရယ် ဖွဲ့သတ္တိရယ် တို့ခေတ်ရယ် တာဝန်ရယ်
ပြည်သူရယ် မိဘရယ် ခံစားရသမျှကွယ်
တို့လူငယ်မောင်မယ် တာဝန်ဝေခွဲယူရမယ်
သဲတစ်ဆုပ် ရေတစ်မှုတ် အုတ်တစ်ချပ်ပင် ဖြစ်ပါစေ
နိုင်ငံ့အကျိုးထမ်းဆောင်မယ် ပြည်သူ့အကျိုးထမ်းဆောင်မယ်
နောင်အနာဂတ်လှူဘောင် လူငယ်တွေတည်ထောင် အောင်ပွဲခံယူမယ်။ ။
ပြည်ထောင်စုဖွား နိုင်ငံသား တို့သွေးသားရယ်
အောင်ပန်းတွေဆင့် ပွင့်ဖူးတင့်တယ်
ဘယ်ပန်းမှန်သမျှ အလှချင်း ညီစေဖွယ်
ဘယ်ပန်းမှန်သမျှ အလှချင်း တူညီစေနိုင်ဖွယ်
ဒီမြေ ဒီရေ တို့ဘိုးဘွားအမွေ
တို့တစ်တွေ ညီညွတ်စွာ တို့သာဆောင်ရွက်မယ်
ဒီနေရာ တို့နေရာ ဒီမြေယာ တို့မြေယာလယ်"

ထိုသီချင်းကလေးများကိုကြည့်လျှင် အသံချိုသာလှသောကြောင့် သံပြိုင်သီဆိုရသည်မှာ အလွန်အားရပါးရရှိလှသည်ကို မှတ်မိနေပါသည်။ အနက်အဓိပ္ပာယ်ကို ကြည့်လျှင်လည်း အလွန်လေးနက်သည်ကို တွေ့နိုင်ပါသည်။ ဘက်စုံပညာထူးချွန်ကျောင်းသားလူငယ်တို့ မွေးမြူထားရှိသင့်သည့် စိတ်ဓာတ်တို့ကို အတိအကျ ဖော်ပြလမ်းညွှန်ထားသည်ကို တွေ့ရှိနိုင်ပါသည်။ ဘက်စုံပညာထူးချွန်ကျောင်းသား လူငယ်(လူရည်ချွန်)တို့အပေါ် ပြည်သူလူထုတစ်ရပ်လုံးက မည်မျှအထိ မျှော်လင့်ချက် ကြီးကြီးမားမားထားရှိကြောင်းသည်လည်း သိသာထင်ရှားပေါ်လွင်လျက် ရှိနေပါသည်။

ဘက်စုံပညာထူးချွန်ကျောင်းသား လူငယ်(လူရည်ချွန်)တစ်ယောက်ဖြစ်လာရန်မှာ မလွယ်ကူလှပါချေ၊ စာမေးပွဲအဆင့်ပေါင်းများစွာကို အောင်မြင်ပေါက်မြောက်အောင် ဖြေဆိုခဲ့ကြရပါသည်။ ဘက်စုံပညာထူးချွန်ကျောင်းသားလူငယ်(လူရည်ချွန်)ဟူသော ဂုဏ်ပုဒ်နှင့် လိုက်ဖက်ညီအောင် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံစွမ်းရည်တို့နှင့် ပြည့်စုံကြောင်း သက်သေပြခဲ့ကြရပါသည်။ ထိုဘက်စုံပညာထူးချွန် ကျောင်းသားလူငယ်(လူရည်ချွန်)ဟူ၍ ဖြစ်လာသောအခါတွင်လည်း ထိုဂုဏ်သိက္ခာကို တစ်သက်တာပတ်လုံး ထိန်းသိမ်းသွားရန် တာဝန်ရှိလာပြန်ပါသည်။ ထိုတာဝန်သည်လည်း မလွယ်ကူလှပြန်ပါချေ။ ထိုသို့ မလွယ်ကူကြောင်းကို ယနေ့အချိန်၌ တိုင်းပြည်တာဝန်ကို ကျရာနေရာ၊ ကျရာအခန်းကဏ္ဍမှ (အမှန်တကယ်ဆိုရလျှင် ဦးဆောင်သည့်အခန်းကဏ္ဍမှ) ကြိုးကြိုးစားစား တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသော၊ ဆောင်ရွက်နေကြဆဲလည်းဖြစ်သော (တစ်ခါက) လူရည်ချွန်ကြီးများကို ကြည့်ခြင်းအားဖြင့် အထင်အရှား တွေ့မြင်နိုင်ကြပါသည်။

ထို့ကြောင့် ယနေ့ဘက်စုံပညာထူးချွန် ကျောင်းသားလူငယ်တို့သည်လည်း နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို ကျရာနေရာ၊ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြလိမ့်မည်ဟု စာရေးသူအနေဖြင့် မိမိကိုယ်တိုင်အတွေ့အကြုံအရ အလေးအနက်ယုံကြည်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် တစ်ခဏလူရည်ချွန်များ အဖြစ်မှသည် ထာဝရလူရည်ချွန်များအဖြစ်သို့ ရောက်ရှိကြပါစေဟု ဆန္ဒပြုရင်း ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန်ကျောင်းသားလူငယ်တို့ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

**ဒေါက်တာထွန်းအောင်ကျော်(မြန်မာစာ)**

# ပြင်ဦးလွင်မြို့နယ် ဝါးနက်အပန်းဖြေဆင်စခန်းသို့ လာရောက်လည်ပတ်သူများပြား

**မန္တလေး မေ ၂**

ပြင်ဦးလွင်မြို့နယ် အုန်းချော-ရဲရွာသွားလမ်းပေါ်တွင် တည်ဆောက်ဖွင့်လှစ်ထားသော ဝါးနက်အပန်းဖြေဆင်စခန်းမှာ ၂၀၁၈ ခုနှစ် မတ် ၃၀ ရက်မှ စတင်ဖွင့်လှစ်ခြင်းဖြစ်ရာ ကာလအားဖြင့် မကြာမြင့်လှသေးသော်လည်း စိတ်ဝင်စား၍ လာရောက်လည်ပတ်သူ တဖြည်းဖြည်းများလာကြောင်း အဆိုပါဆင်စခန်းမှ သိရသည်။



အဆိုပါဆင်စခန်းမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးဖောင်ဖွဲ့ရေးဒေသမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ အပန်းဖြေဆင်စခန်းမှာ ဧက ၁၀၀ ခန့် ကျယ်ဝန်းပြီး မြစ်ငယ်မြစ်နှင့် ရှမ်းရိုးမတောင်တန်းအခြေတွင် တည်ရှိသည်။ စခန်းဧရိယာအတွင်းတွင် သဘာဝအလျောက် စီးဆင်းနေသော နမ့်တပုတ်ချောင်းနှင့် စိမ့်စမ်းရေအိုင်၊ သဘာဝထုံးကျောက်လိုဏ်ဂူ၊ ရှေးဟောင်းဘုရားများလည်းရှိနေရာ လာရောက်လည်ပတ်သူများအဖို့ ဆင်စီးရင်း သဘာဝတောတောင် စိမ့်စမ်းများ၏ အလှအပကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

စခန်းအတွင်းတွင် ဆင်ပြခန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ ဆင်စာအရောင်းဆိုင်၊ စားသောက်ဆိုင်နှင့် နားနေဆောင်များ တည်ဆောက်ပေးထားရာ ဆင်စီးရင်း ဆင်များကိုကုသိုလ်ဖြစ် အစာကျွေးနိုင်သကဲ့သို့ ဆင်များကို ကိုယ်တိုင်ရေချိုးပေးရင်း စိမ့်စမ်းအိုင်များတွင် ကိုယ်တိုင်ရေချိုးဆော့ကစားနိုင်မည်ဖြစ်သည်။ ထို့အတူ ဝါးပင်များ၊ သစ်ပင်များအောက်ရှိ တဲအိမ်များတွင်လည်း စိတ်အေးချမ်းစွာ အနားယူအပန်းဖြေနိုင်ပေသည်။

ဆင်စခန်းအနီးဝန်းကျင်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများ တည်ဆောက်ဖွင့်လှစ်ထားသည့် အပန်းဖြေစခန်းများလည်းရှိရာ တစ်ဆက်တစ်စပ်တည်း ဝင်ရောက်လည်ပတ်နိုင်မည်ဖြစ်သည်။ သွားလာရာတွင် မန္တလေးမြို့မှ ပြင်ဦးလွင်သွားကားလမ်း အုန်းချောကျေးရွာမှ ရဲရွာရေအားလျှပ်စစ်ထုတ်လုပ်ရေးသို့ သွားရာလမ်းအတိုင်း ငါးမိုင် ငါးဖာလုံခန့်သွားရသည်။ လမ်းမှာ တစ်လျှောက်လုံးကွန်ကရစ်လမ်းဖြစ်၍ ယာဉ်မျိုးစုံ အချိန်အခါမရွေး သွားလာနိုင်သည်။

ဆင်စခန်းတွင် အပန်းဖြေလာရောက်သူများ စီးနင်းရန် ဆင်ခြောက်ကောင် စီစဉ်ထားပြီး နံနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီအထိ တစ်ကြိမ် စီးနင်းနိုင်ပြီး ကျန်အချိန်များတွင် ဆင်များကို အနားပေးပြီး ရေချိုးပေးခြင်းနှင့် အစာကျွေးခြင်းများ ဆောင်ရွက်ကြသည်။ စခန်းတွင် လက်ထောက်မန်နေဂျာဆင်ဆရာဝန်တစ်ဦး အပါအဝင် ဝန်ထမ်း ၁၈ ဦးဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ ဆင်များ အနားပေးချိန်တွင် လာရောက်လည်ပတ်သော ဧည့်သည်များ ဆင်စီးနိုင်စေရန်အတွက်နှင့် အခါကြီးရက်ကြီးများတွင် ဧည့်သည်တစ်ရာကျော်ခန့် လာရောက်သည့်အတွက် ဆင်ကောင်ရေ ထပ်မံဖြည့်ဆည်းသွားရန်လည်း စီစဉ်ထားကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

လာရောက်အပန်းဖြေကြသူများအနေဖြင့် ဝင်ကြေးငွေကျပ် ၅၀၀၊ ခရီးတိုဆင်စီးခြင်းအတွက် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၊ ခရီးရှည်ဆင်စီးခြင်းအတွက် တစ်ဦးလျှင်ငွေကျပ် ၅၀၀၀ သတ်မှတ်ထားပြီး နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ လာရောက်လည်ပတ်အပန်းဖြေနိုင်ကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# ပေါ်ထွန်းလာသော သောင်နုမြေများကို တရားမဝင် ခြံဝိုင်းသူများအား တားမြစ်မှုမလိုက်နာလျှင် အရေးယူမည်

**သထုံ မေ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီးရှိ ပင်လယ်နားနီးသော မရမ်းကုန်း၊ ဆိပ်ကျွန်း စသည့် အောက်ကွင်းကျေးရွာအုပ်စုများတွင် သဘာဝအလျောက် ပေါ်ထွန်းလာသော သောင်နုမြေများကို လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတချို့နှင့် ဒေသခံကျေးရွာသားများ တရားမဝင် ခြံဝိုင်းနေမှု၊ ပိုင်ဆိုင်မှု၊ အငြင်းပွားနေမှုများကို မေ ၁ ရက်က မရမ်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် သဘာဝကပေးလိုက်သည့် သောင်နုမြေများကို ကျေးရွာမှာရှိသည့် မြေယာ၊ လယ်မြေမရှိသူများကို သေချာစွာစိစစ်၍ တရားဥပဒေနှင့်အညီ စနစ်တကျ ခွဲဝေဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ တားမြစ်ထားသော သောင်နုမြေများကို ခြံဝိုင်းနေသူများအား ယခုအချိန်တွင် ရပ်ဆိုင်းပေးထားပါရန်၊ မရပ်ဆိုင်းပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပြောသည်။

ယခုနှစ် မတ်လအတွင်းက ပင်လယ်နားနီးသော အောက်ကွင်းကျေးရွာအုပ်စုများအတွင်း ပေါ်ထွန်းလာသော သောင်နုမြေ ဧက ၁၇၀၀ ခန့်ကို လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတချို့နှင့် ဒေသခံပြည်သူများ အပြိုင်အဆိုင် ခြံဝိုင်းနေမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြဿနာများ မပေါ်ပေါက်လာစေရန်အတွက် တားမြစ်စာများ ပေးပို့ဆောင်ရွက်ခဲ့သော်လည်း ဒေသခံတချို့မှ လိုက်နာမှုမရှိဘဲ ဆက်လက်လုပ်ဆောင်နေသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ ဒေသခံများ၊ ပါဝင်ပတ်သက်သူများနှင့် ကွင်းဆင်းတွေ့ဆုံရှင်းလင်းခဲ့ခြင်းဖြစ်သည်။

ရှေးဦးစွာ သထုံမြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးမျိုးသန့်က လယ်ယာမြေဥပဒေများကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်က ပေါ်ထွန်းလာသည့် သောင်နုမြေများအား နိုင်ငံတော်ဘက်ဂျက်နှင့် စနစ်တကျ လယ်ယာမြေများကို ရေသွင်း၊ ရေထုတ်မြောင်းများနှင့် ဖော်ထုတ်ပေးပြီး အမှန်တကယ် လိုအပ်နေသည့် လယ်ယာမြေမရှိသူများကို စာရင်းကောက်ခံပြီး သေချာစစ်ဆေး၍ မျှမျှတတဖြစ်အောင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲများမရှိအောင် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး စနစ်တကျ လုပ်ဆောင်ပေးသည်ကို စိတ်ရှည်ရှည်ဖြင့် စောင့်ပေးရန်လိုအပ်ကြောင်း၊ ယခု ခြံဝိုင်းနေသူများသည် ကုန်ကျစရိတ်များ မလိုအပ်ဘဲ ဆုံးရှုံးနိုင်သောကြောင့် ဆက်လက်မလုပ်ရန် တားမြစ်သည်ကို လက်ခံပေးပါရန် ပြောကြားသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်က တရားဥပဒေစိုးမိုးမှ ပြည်သူလူထု၏ဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် တရားဥပဒေနှင့်အညီ လုပ်ဆောင်ဖို့လိုကြောင်း ပြောသည်။ ပြောကြားချက်များအရ ဥပဒေနှင့်အညီ အစိုးရမှ စီမံခန့်ခွဲမှုကို လက်ခံပါကြောင်း၊ ရပ်ဆိုင်းထားပါမည်ဟု လက်ရှိအချိန်တွင် ခြံဝိုင်းနေသူ မရမ်းကုန်းကျေးရွာသားတစ်ဦးက ပြောသည်။

ဆက်လက်၍ နံနက် ၁၁ နာရီတွင် မရမ်းကုန်းကျေးရွာမှ ခုနစ်မိုင်ခန့်ကွာဝေးသော ဘီးလင်းချောင်းအရှေ့ဘက်ရှိ သောင်နုမြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



"မရမ်းကုန်းကျေးရွာအုပ်စုအပိုင်မှာဆိုရင် ဧက ၆၅၀ ခန့်၊ တခြားကျေးရွာအုပ်စုတွေနဲ့ဆိုရင် ဧက ၁၇၀၀ ကျော်ရှိတယ်၊ အခုနှစ်ရာသီ စိုက်ပျိုးနိုင်အောင် ဖော်ထုတ်ပေးနိုင်တာကတော့ ဧက ၁၁၀၀ ခန့်ရှိပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးလွင်က ပြောသည်။

"ခြံလာဝိုင်းတဲ့ အဖွဲ့အစည်းတွေကလည်း ဘယ်အဖွဲ့လဲ၊ ဘယ်သူတွေလဲ၊ မသိရဘူး၊ အစိုးရက တားမြစ်ထားတာတောင် ညရောနေ့ပါ ဘက်ဟိုးယာဉ်တွေနဲ့ လာလုပ်နေကြတာ၊ အခုတောင် ဟိုဘက်မှာ နှစ်စီး၊ ဒီဘက်မှာ တစ်စီး လုပ်နေတုန်းပဲ၊ ခုတော့ပြေးပြီ၊ ဦးဆောင်တဲ့သူတွေကို ကျွန်တော်တို့ ရွာသားတွေတောင် မသိဘူး"ဟု မရမ်းကုန်းကျေးရွာသားတစ်ဦးက ပြောသည်။ **ခွန်(ဝင်းပ)**